# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## သံသရာ

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ်(ဓမ္မပဒ-၆၀)**


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၃၆၆)


## တရားဥပဒေ စိုးမိုးမှုခိုင်မာရေး

❑ ကမ္ဘာပေါ်တွင်ရှိသည့် အသွင်ကူးပြောင်းရေးနိုင်ငံများ၏ ဖြစ်စဉ်များကို လေ့လာသုံးသပ်ချက်အရ တရားဥပဒေစိုးမိုးမှု ခိုင်မာအောင် တည်ဆောက်နိုင်ရန် အနည်းဆုံးပျမ်းမျှ (၁၀)နှစ်အထိ အချိန်ယူရကြောင်း တွေ့ရှိရပါသည်။ တိုင်းရင်းသားပြည်သူအားလုံး လုံခြုံအေးချမ်းစိတ်ချမ်းသာစွာ နေထိုင်ကြရန် တရားဥပဒေစိုးမိုးမှု ခိုင်မာအားကောင်းသည့် လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် နေထိုင်ရှင်သန်နိုင်ရေးသည် အရှိန်အဟုန်မြှင့်ပြီး ရေရှည်ကြိုးပမ်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။

**(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

## မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးနှင့် အမျိုးသားအကျိုးစီးပွားအတွက် ရပ်တည်



မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံကြက်ခြေနီအသင်း နာယက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးနှင့် အချိန်ပြည့်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရပ်တည်နေသည့် အခန်းကဏ္ဍ၊ အသင်း၏မူဘောင်၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သဘာဝဘေးတုံ့ပြန်ရေး လုပ်ငန်းများတွင် ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပဋိပက္ခလုပ်ငန်းစဉ်များတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ✻




# တီထွင်ဆန်းသစ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးမှု

စီးပွားရေးဖွံ့ဖြိုးမှု အရှိန်ရလာသည့် ထွန်းသစ်စ ဈေးကွက်နိုင်ငံများ၌ နေထိုင်လျက်ရှိသော လူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၈၄ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်၌ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၏ သုံးပုံနှစ်ပုံကို ဤထွန်းသစ်စ ဈေးကွက်နိုင်ငံများက ဖန်တီးပေးမည်ဖြစ်ပါသည်။ ဤသို့သော အနေအထားတို့ကြောင့် ဆွစ်ဇာလန်နိုင်ငံသား **Alisee de Tonnac** က ၂၀၁၃ ခုနှစ်တွင် **Seedstars** အဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ **Seedstars** အဖွဲ့သည် ထွန်းသစ်စဈေးကွက်နိုင်ငံများ၌ တီထွင်ဆန်းသစ်မှုရရှိ၍ စွမ်းဆောင်ရည်မြင့်မားသည့် ကုမ္ပဏီများ ပေါ်ထွန်းလာရေးကို ရည်ရွယ်လျက် ပြိုင်ပွဲများ ဖန်တီးကျင်းပပေးပါသည်။ အနိုင်ရရှိသောကုမ္ပဏီများကို အများဆုံး အမေရိကန်ဒေါ်လာ တစ်သန်းအထိ ချီးမြှင့်ခြင်းဖြင့် **Seedstars** အဖွဲ့က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးအားမြှောက် ပြုလုပ်ပါသည်။

၂၀၁၈ ခုနှစ်အတွက် **Seedstars** အဖွဲ့က ချီးမြှင့်သော ဒေါ်လာငါးသိန်းဆုကို ဂါနာနိုင်ငံရှိ **Agrocenta** အဖွဲ့က ရရှိခဲ့ပါသည်။ **Agrocenta** အဖွဲ့သည် လုပ်ကွက်ငယ်လယ်သမားတို့ စိုက်ပျိုးထုတ်လုပ်လိုက်သည့် ဆန်၊ ပြောင်း၊ နံ့စားသီးနှံအမျိုးမျိုးနှင့် ပဲပုပ်ကဲ့သို့သော စိုက်ပျိုးရေးထုတ်ကုန်တို့ကို အင်တာနက်မှတစ်ဆင့် ရောင်းဝယ်ပေးပြီး ကွန်ပျူတာခလုတ်တစ်ချက် နှိပ်ရုံမျှဖြင့် မှာယူသည့်နေရာအရောက် ပို့ဆောင်ပေးပါသည်။ ထိုမျှသာမက ဈေးကွက်အချက်အလက်တို့ကို လက်ကိုင်ဖုန်းတို့မှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးဖြည့်ဆည်းပေးပါသည်။ **Agrocenta** ၏ ဖြစ်ရပ်ကိုကြည့်ခြင်းဖြင့် **Seedstars** အဖွဲ့၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ကူညီပံ့ပိုးပေးသည့်အခန်းကဏ္ဍကို သိမြင်နိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌လည်း လူငယ်များ၏ စွန့်ဦးတီထွင်လုပ်ကိုင်မှုများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်လျက် **Seedstars** အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် စီစဉ်လုပ်ကိုင်လျက်ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည် **Seedstars** အဖွဲ့နှင့် ပူးပေါင်း၍ ဆိပ်ကမ်းမြို့နယ်တွင် **Yangon Innovation Center (YIC)** ကို တည်ဆောက်သွားမည် ဖြစ်ပါသည်။ အဆိုပါ **Yangon Innovation Center (YIC)** ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် **Seedstars** အဖွဲ့တို့အကြား ရရှိထားသော သဘောတူညီချက် (မူကြမ်း)အား ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးသို့ပေးပို့၍ အကြံပြုချက်များ ရယူဆောင်ရွက်လျက်ရှိပါသည်။ နိဂုံးချုပ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိသော **Yangon Innovation Center (YIC)** ကို ကြိုဆိုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။




## ရမည်းသင်းမြို့ကျွဲတပ်ရွာတွင် သံဃာအပါး ၂၀၀ ကျော် ဆွမ်းလောင်း

**ရမည်းသင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျွဲတပ်အုပ်စု ကျွဲတပ်ကျေးရွာ ရွာဦးကျောင်းတွင် ယနေ့ နံနက်က (၅၆) ကြိမ်မြောက် သံဃဒါနဆွမ်းလောင်းလှူပွဲကို ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၃၀ မှ ပင့်သံဃာ ၂၀၆ ပါး ကြွရောက်တော်မူကြရာ ကျွဲတပ်ရွာ၊ အရေးပိုင်ရွာ၊ အောင်သာရွာ၊ စီဗွိလိုင်း ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ မကျီးကုန်းရွာ၊ ကြာကန်ရွာနှင့် မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဒါန်းမှုအစုစုတို့ကို လောင်းလှူကြပြီး ကြွရောက်ကြသော သံဃာတော်များအား သံဃဒါနမဲများ လောင်းလှူ၍ နဝကမ္မဝတ္ထုငွေ၊ သံဃာ့အသုံးအဆောင်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆွမ်းအလှူတော်တရားကို ကျွဲတပ်ရွာ ရွာဦးကျောင်းတိုက် ဓမ္မာရုံ၌ တရားတော်နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**အတ်ကလေး(ရမည်းသင်း)**

## ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ အစည်းအဝေးများ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၂**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပမည့် First General Assembly of International Solar Alliance (ISA)၊ 2nd Global Renewable Energy (RE)- Investors Meet and Expo ၊ Meeting of the Energy Ministers of Indian Ocean Rim Association (IORA) အစည်းအဝေးများသို့ တက်ရောက်ရန် ယမန်နေ့က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ နယူးဒေလီ မြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E Mr. Vikram Misri နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်ရေမိုင် ၂၀ အကွာရှိ ရေကြောင်းပြ အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းခွင်ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ရန်ကုန်မြစ်ဝမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀အကွာ ပင်လယ်ပြင်တွင်တည်ဆောက်နေသည့် ရေကြောင်းပြအဆောက်အအုံ (Fixed Pilot Station) တည်ဆောက်ရေးလုပ်ငန်းသို့ စက်တင်ဘာ ၃၀ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ China Harbour Engineering Co.,Ltd မှ Managing Director (Myanmar Branch)နှင့် တာဝန်ရှိသူများ လိုက်ပါပြီး ရန်ကုန်မြစ်၏ ရေလမ်းကြောင်း အခြေအနေ၊ ရန်ကုန်မြစ်ဝတွင် သောင်တူးဖော်မှုအခြေအနေ၊ သီလဝါဆိပ်ကမ်းဒေသတွင် ဆိပ်ကမ်းများတည်ဆောက်နေမှုအခြေအနေနှင့် ရေကြောင်းပြအဆောက်အအုံ (Fixed Pilot Station) တည်ဆောက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ စီမံကိန်း၏ စုစုပေါင်း တန်ဖိုးမှာ USD ၂၀ ဒသမ ၉သန်းဖြစ်ပြီး စီမံကိန်းတွင် အလျား ၃၃ ဒသမ ၂မီတာနှင့် အနံ ၃၀ ဒသမ ၄ မီတာအရွယ် သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံတစ်လုံး၊ ရေယာဉ် အရွယ်အစား GRT ၁၅၀၀ အရွယ် ဆိုက်ကပ်နိုင်သည့် ဆိပ်ခံတံတားတစ်စင်း၊ ရေကြောင်းပြအဆောက်အအုံတွင်မီးစက်၊ ရေသန့်စင်စက်၊ ရေဆိုးသန့်စင်စက်၊ ရေကြောင်း ဆက်သွယ်ရေးဆိုင်ရာကိရိယာများ၊ Radarစက်နှင့် Pilot Boat သုံးစင်းတည်ဆောက်ခြင်းစသည့် လုပ်ငန်းတို့ ပါဝင်မည်ဖြစ်ပြီး ယင်းအဆောက်အအုံတွင် ဝန်ထမ်းစုစုပေါင်း ၃၆ ဦး တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကာ လက်ရှိတွင် တည်ဆောက်ရေးလုပ်ငန်း၏ ၆၅ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေသည့် မြန်မာနှင့် တရုတ်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ သစ်သီးခြင်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာတွင် တန်ဆောင်တိုင်ဝက်ပါပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာတွင် ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာဘုရား ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်ဝက်ပါပွဲတော်ကို နိုဝင်ဘာ ၁၉ ရက်မှ ၂၅ ရက်အထိ သီရိမင်္ဂလာရပ်ကွက် ထီးသုံးဆင့်ဘုရားပရဝဏ်ကွင်းပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦး ပြောကြားချက်အရ သိရသည်။

ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်ဝက်ပါပွဲတော်တွင် လာရောက်လည်ပတ်သူများ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဝက်ပါပတ်၍ ဖူးမြော်နိုင်ရန် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ သီတင်းသုံးမည့်ကျောင်းဆောင်များ၊ ဝက်ပါပတ်လမ်းများ၊ ဝက်ပါမုခ်ဦးများ၊ မုခ်ဦးပန်းချီများ၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ ရုပ်သေပြခန်းပြကွက်များအတွက် နောက်ခံပန်းချီဆေးရေးများ တည်ဆောက်ရေးဆွဲခြင်း လုပ်ငန်းများကို ပန်းချီဆရာအဖွဲ့က အောက်တိုဘာ ၁ ရက်မှ စတင်ပြင်ဆင်လျက်ရှိသည်။ ယခင်နှစ် မိတ္ထီလာတွင် ကျင်းပသည့် (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်ဝက်ပါပွဲတော်မုခ်ဦးကို ရာမလက်ညှိုးပုံစံဖြင့် တည်ဆောက်ခဲ့သော်လည်း ယခုနှစ်တွင် ဝက်ပါပွဲတော်မုခ်ဦးကို ဝက်ပါတောင်တော်ပုံစံဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

### ထင်သာမြင်သာပြုပြင်စရာ

## ကွမ်းခြံကုန်း - ဒလ YBS 50 ယာဉ်လိုင်းတွင် ယာဉ်စီးရေ တိုးမြှင့်ချထားပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နှင့် ဒလမြို့နယ်သို့ ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသော YBS 50 ယာဉ်လိုင်းတွင် ယာဉ်စီးရေနည်းပါး နေသည့်အတွက် ယာဉ်စီးရေတိုးမြှင့် ချထားပေးစေလိုကြောင်း သိရသည်။




ကွမ်းခြံကုန်း-ဒလ YBS 50 ယာဉ်လိုင်းတွင် လက်ရှိယာဉ် သုံးစီးရှိပြီး ယာဉ်တစ်စီးမှာ တက္ကသိုလ်ကျောင်း ကြို/ပို့နေသည့်အတွက် လက်ရှိယာဉ် နှစ်စီးနှင့် ခရီးသည်များ၏ စီးနင်းမှုမှာ လုံလောက်မှုမရှိကြောင်း ယာဉ်စီးခ အနေဖြင့်လည်း ကွမ်းခြံကုန်းမှ ဒလအထိ ငွေကျပ် ၅၀၀ သာဖြစ်၍ ခရီးသွားများအတွက် အဆင်ပြေကြောင်းသိရသည်။ ထိုသို့ ယာဉ်စီးရေ လုံလောက်မှုမရှိသည့်အတွက် ခရီးသွားများ၊ ဝန်ထမ်းများအနေဖြင့် အခြားသောကားများကို ယာဉ်စီးခပိုမိုပေး၍ စီးနင်းလိုက်ပါနေရကြောင်း ခရီးသွားများထံမှ သိရသည်။

တွံတေးမှ ဒလသို့ ပြေးဆွဲနေသော YBS ယာဉ်လိုင်းတွင် ယာဉ်စီးရေ ခုနစ်စီးဖြင့် ပြေးဆွဲနေပြီး ဈေးနှုန်းမှာလည်း ခရီးသွားပြည်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း၊ တွံတေး-ဒလ YBS ယာဉ်လိုင်းအား စမ်းသပ်ပြေးဆွဲနေသည့် ကာလဖြစ်၍ ယာဉ်အမှတ် မသတ်မှတ်ရသေးကြောင်းလည်း သိရသည်။ ကွမ်းခြံကုန်းမြို့မှ ဒလ၊ တွံတေးမြို့မှ ဒလသို့ ပြေးဆွဲနေသော YBS ယာဉ်လိုင်းများကို ခရီးသည်များမှ သဘောကျလျက်ရှိပြီး ယာဉ်စီးရေ နည်းပါးနေသည့် ကွမ်းခြံကုန်း-ဒလ YBS 50 ယာဉ်လိုင်းတွင် ခရီးသွားများ အဆင်ပြေစေရေးအတွက် ယာဉ်စီးရေ တိုးမြှင့်ချထားပေးရန် ခရီးသွားပြည်သူများက လိုလားနေကြလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

✽ *ရှေ့ဖုံးမှ*

ပါဝင်ဆောင်ရွက်နေမှု၊ ကြက်ခြေနီအသင်း ဥပဒေပြဋ္ဌာန်းထားရှိမှု၊ ရွေးချယ်တင်မြှောက်ရေး စည်းမျဉ်း စည်းကမ်း၊ အလုပ်အမှုဆောင်ဦးရေနှင့် ကောင်စီဝင်ဦးရေ၊ စေတနာလုပ်အားရှင်များနှင့် ရာသက်ပန်အသင်းဝင်အင်အား ဝန်ထမ်းခန့်ထားမှု၊ နိုင်ငံတကာအသင်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ရန်ပုံငွေရရှိမှု၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်၏အရန်အင်အားဖြစ်**

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ တစ်ခုတည်းသော အမျိုးသားကြက်ခြေနီအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတော်၏ အရန်အင်အား ဖြစ်ပါကြောင်း၊ လူမှုကရုဏာလုပ်ငန်းများတွင် လွတ်လပ်၍ ဘက်မလိုက်သောအသင်းအဖွဲ့အဖြစ် တည်ရှိပါကြောင်း၊ ဂျီနီဗာသဘောတူညီချက်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုဆိုင်ရာ အခြေခံမူများ၊ မူဝါဒများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လုပ်ဆောင်ချက်များပေါ်လွင်လာမည်ဖြစ်ပါကြောင်း။

**စည်းမျဉ်း စည်းကမ်းများနှင့်အညီ**

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးနှင့် အမျိုးသား အကျိုးစီးပွားအတွက် ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ အလှူငွေများ လှူဒါန်းမှုကို လက်ခံနိုင်သော်လည်း နှောင်ကြိုးဖြင့် လှူဒါန်းမှုများမဖြစ်စေလိုပါကြောင်း၊ မွန်မြတ်သည့် လူမှုကရုဏာလုပ်ငန်း လုပ်ဆောင်သူများအနေဖြင့် ငွေကြေးအလွဲသုံးစားမှုများ မရှိနိုင်ပါကြောင်း၊ သို့သော်လည်း လုပ်မှားကိုင်မှားရှိနိုင်ပါကြောင်း၊ ယင်းသို့ မဖြစ်စေရန် ပွင့်လင်းမြင်သာမှုရှိပြီး ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

**ခေတ်စနစ်နှင့်လျော်ညီအောင်ပြင်ဆင်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အမှတ်တံဆိပ်နှင့် သင်္ကေတအား အလွဲသုံးမှုနှင့် ပတ်သက်၍ မိမိအနေဖြင့် အကြံပြုလိုသည်မှာ ယင်းနှင့်စပ်လျဉ်းသည့် ဥပဒေကို အသစ်ပြန်လည်ရေးဆွဲခြင်း သို့မဟုတ် လက်ရှိဥပဒေကို ပြင်ဆင်ဖြည့်စွက်ခြင်း စသည်ဖြင့် မည်သို့ဆောင်ရွက်သင့်သည်ကို စဉ်းစားစေလိုပါကြောင်း၊ ပြင်ဆင်မည်ဆိုပါက ခေတ်စနစ်နှင့် လျော်ညီအောင် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေတစ်ခုသည် ရာနှုန်းပြည့် မပြည့်စုံနိုင်ပါကြောင်း၊ လိုအပ်ပါက နည်းဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနက ဆက်လက်ပြဋ္ဌာန်းရပါကြောင်း၊ လိုအပ်ပါက လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်နိုင်ပါကြောင်း။

**လူငယ်များကို စနစ်တကျပျိုးထောင်**

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများအနေဖြင့် တာဝန်နှင့် လုပ်ပိုင်ခွင့်ကို ဥပဒေနှင့်အညီ အသုံးချပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်အထိ ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် အဖွဲ့အစည်းများအဖြစ် အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်သွားစေလိုပါကြောင်း၊ လူမှုကရုဏာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူငယ်များကို စနစ်တကျပြုစုပျိုးထောင် ပညာပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်စေလိုပါကြောင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် လိုအပ်သည့်ရန်ပုံငွေကိုလည်း ဝန်ကြီးဌာန၏ တင်ပြချက်အပေါ်တွင် တတ်စွမ်းသရွေ့စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဂါရဝပြုလက်ဆောင်အဖြစ်ပေးအပ်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူက မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင် တံဆိပ်ကို ဂါရဝပြုတပ်ဆင်ပေးပြီး အသင်း၏အမှတ်တံဆိပ် ကျောက်စီပန်းချီကားကို ဂါရဝပြုလက်ဆောင်အဖြစ် ပေးအပ်သည်။

**အလှူငွေကျပ်သိန်း ၅၀ လှူဒါန်း**

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်မြသူ၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်နန်းထွမ်းလှ၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လှ၊ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကင်ဘွိုင်းနှင့် ဒေါက်တာ ဒေါ်အမယာမော်နိုင်၊ အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမောင်မောင်ခင်၊ ဦးပေါ်မြင့်ဦး၊ ဦးဂဲနက်စ်၊ ဒေါက်တာတင်ညွန့်၊ ဦးမျိုးမင်းနောင်နှင့် ဦးဝေဠုကျော် (ခ) ဦးဝေဠုကျော်စွာ တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂**

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရောက်ရှိနေသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် နယူးယောက်မြို့မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်၍ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ဖြစ်ပေါ်တိုးတက်မှုများ၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အရွယ်မရောက်သူများ စစ်မှုထမ်းခြင်းမှ တားဆီးလျှော့ချရေး ပူးတွဲစီမံချက် အပြီးသတ် အကောင်အထည်ဖော် ဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကလေးသူငယ်များ အခွင့်အရေး ပိုမိုတိုးတက်ရရှိရန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ နံနက် ၁၀ နာရီတွင် Asia Society Policy Institute မှ ဦးဆောင်ညွှန်ကြားရေးမှူး Ms. Debra Eisenman အား လက်ခံတွေ့ဆုံခဲ့ပြီး ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မြန်မာရွှေ့ပြောင်းအလုပ်သမားနှစ်ဦး တာချီလိတ်မြို့၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် အောက်တိုဘာ ၂**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့်သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှု တိုက်ဖျက်ရေး ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များက ကူညီပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ယခုလွှဲပြောင်းသည့် နှစ်ဦးအပါအဝင် အမျိုးသား ၆၀၇ ဦး၊ အမျိုးသမီး ၂၇၂ ဦးနှင့် ကလေး ၃၁ ဦး စုစုပေါင်း ၉၁၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေသည်။ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျာမနီနိုင်ငံ အောက်လွှတ်တော်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဂျာမနီနိုင်ငံ အောက်လွှတ်တော် (Bundestag)ရှိ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Uwe Kekeritz အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံစဉ် လွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်နှင့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဂျာမနီနိုင်ငံ အောက်လွှတ်တော်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ **H. E. Mr. Uwe Kekeritz** အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်




# ဂျာမန်အမျိုးသား ပေါင်းစည်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

ဂျာမနီနိုင်ငံ၏ ဂျာမန်အမျိုးသား ပေါင်းစည်းရေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ ညနေ ၇ နာရီတွင် ရန်ကုန်မြို့ Novotel Hotel ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်ဇနီး ဒေါ်စန်းစန်းယုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သီချင်းနှင့် ဂျာမနီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mrs. Dorothee Elsbeth Christiane Janetzke-Wenzel နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အမေရိကန်ရောက် မြန်မာများက လှူဒါန်းသည့် ရေဘေးပြန်လည်ထူထောင်ရေးအလှူငွေ လက်ခံရယူ

**နေပြည်တော် အောက်တိုဘာ ၂**

(၇၃)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကိုယ်ခွဲခေါင်းဆောင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် အောက်တိုဘာ ၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် နယူးယောက်မြို့ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဧည့်ခန်းမ၌ ကျင်းပသည့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ မြန်မာလူမှုရေးအဖွဲ့များဖြင့် ဖွဲ့စည်းထားသော National Humanitarian Fundraising For Myanmar (NHFMM) က မြန်မာနိုင်ငံ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက NHFMM ၏ အလှူငွေလှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး NHFMM ကိုယ်စား မြန်မာ-အမေရိကန် ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ ဦးဝီလျံစူး(ခေါ်) ဦးသိန်းဟန်က အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

National Humanitarian Fundraising For Myanmar (NHFMM) ကို နယူးယောက်မြို့ မြန်မာ-တရုတ်အသင်း (Myanmar-Chinese Association of New York)၊ မြန်မာ-အမေရိကန် ဆေးပညာအသင်း (Myanmar-American Medical Education Society)၊ မြန်မာပြည်ဖွား ကုလသမဂ္ဂဝန်ထမ်းများအသင်း (UNSRC- Myanmar Cultural Club)၊ ရခိုင်သင်္ကြန်အသင်း (Rakhine Thingyan Association)၊ မြန်မာ-အမေရိကန် ကုန်သည်ကြီးများအသင်း (Myanmar-U.S. Chamber of Commerce)၊ မြန်မာ-အမေရိကန် ရှေ့နေအသင်း (US Myanmar Legal Counsel)၊ Burma Point အသင်းနှင့် မြန်မာလူမှုအသိုက်အဝန်းအသင်း (Myanmar Community's Individual) တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ NHFMM အနေဖြင့် မြန်မာနိုင်ငံရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေအတွက် မြန်မာအစားအစာနှင့် မြန်မာအထိမ်းအမှတ်လက်မှုပစ္စည်း ဈေးရောင်းပွဲတော်ကို စက်တင်ဘာ ၂၃ ရက်က နယူးယောက်မြို့၌ ကျင်းပခဲ့ပြီး ဈေးရောင်းပွဲမှရရှိသည့် အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို ယခုကဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## သိန်းနီမြို့နယ်၌ သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် စိုက်ခင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်

**သိန်းနီ အောက်တိုဘာ ၂**


၂၀၁၇-၂၀၁၈ ခုနှစ် သိန်းနီမြို့နယ် မိုးရာသီကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုအရေးပေါ် ရန်ပုံငွေမှ စိုက်ဧက ၄၁ ဧကစာ ထောက်ပံ့ငွေကျပ် ၄၁၀၀၀၀ နှင့် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြည်နယ်ရန်ပုံငွေမှ ငွေကျပ် ၂၇၅၀၀၀၀ တို့ကို သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ စက်တင်ဘာ ၃၀ ရက်တွင် တာဝန်ရှိသူများက တောင်သူများအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**




**သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ စပါးမျိုးသန့် စံပြရွာ ၂၅ ဧကကွင်းပြပွဲသို့ အောက်တိုဘာ ၁ ရက်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဆွေနှင့် တောင်သူများ လာရောက်လေ့လာရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားစဉ်။**

မြို့နယ်(ပြန်/ဆက်)



# မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ၌ ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး H.E. Mr. Scot Marciel နှင့် United States Department of the Treasury မှ Mr.Geoffrey Okamoto၊ Acting Assistant Secretary၊ International Finance and Development အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် လက်ရှိမြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ၌ ပြုပြင်ပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးအရင်းအနှီး လိုအပ်ချက်ကို ဘဏ်လုပ်ငန်းကဏ္ဍမှ ဆောင်ရွက်ပေးနိုင်မှုများ၊ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာတစ်ဝန်းရှိ ပြည်တွင်းငွေကြေးများအပေါ် အကျိုးသက်ရောက်မှုများ၊ အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များနှင့် AML / CFT နယ်ပယ်၌ ပိုမိုနားလည်ယုံကြည် လိုက်နာဆောင်ရွက်နေမှုများကို ဆွေးနွေးအမြင်ချင်းဖလှယ် ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒ ထွက်ပေါ်လာရေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ပြခန်းကိုလှည့်လည်ကြည့်ရှုစဉ်။
သတင်းစဉ်

✤ *ကျောဖုံးမှ*

လာအိုနိုင်ငံပြီးလျှင် မြန်မာနိုင်ငံသည် လူဦးရေသိပ်သည်းမှု ဒုတိယအနည်းဆုံးနိုင်ငံ ဖြစ်ပါကြောင်း။

**အခြေခံအကျဆုံး**

မြေသယံဇာတ အရင်းအမြစ်များသည် မိမိတို့လူသားများ၊ လူမှုအသိုင်းအဝိုင်းများ ဖြစ်တည်မှုအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအကျဆုံး သဘာဝသယံဇာတ အရင်းအမြစ်ဖြစ်ပါကြောင်း၊ အခြားသယံဇာတအရင်းအမြစ်များနှင့် မတူသည့်အချက်မှာ တိုးပွားအောင်လုပ်ဆောင်၍မရဘဲ အကန့်အသတ်နှင့်သာရှိသည့် သဘာဝသယံဇာတ အရင်းအမြစ်ဖြစ်သည်ကို သတိပြုရမည် ဖြစ်ပါကြောင်း။

**ထက်ဝက်ခန့် ထပ်မံကျဆင်းသွားမည်**

ကုလသမဂ္ဂ၏ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ခန့်မှန်းချက်အရ ကမ္ဘာ့လူဦးရေတိုးပွားလာမှုနှင့် မြေဆီလွှာယိုယွင်းပျက်စီးမှု အခြေအနေတို့ကြောင့် ၂၀၂၀ ပြည့်နှစ်တွင် လူတစ်ဦးအတွက် စိုက်ပျိုးလုပ်ကိုင်နိုင်သည့် မြေဧရိယာ ၀ ဒသမ ၁၈ ဟက်တာ ခန့်သာရှိတော့မည် ဖြစ်ပါကြောင်း၊ ယင်းအခြေအနေသည် ၁၉၆၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ထက်ဝက်ခန့် ကျဆင်းလာခြင်းဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်တွင်လည်း ထက်ဝက်ခန့် ထပ်မံကျဆင်းသွားမည်ဟု ခန့်မှန်းထားပါကြောင်း။

နိုင်ငံတော်၏ မြေသယံဇာတများကို စဉ်ဆက်မပြတ်စီမံအုပ်ချုပ်အသုံးချနိုင်ရေးအတွက် လိုအပ်နေသည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို အများပြည်သူပါဝင်မှုနှင့် ရေးဆွဲခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်ကမရှိခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒသတ်မှတ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်းသည် မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးအတွက် တိုးတက်မှုဖြစ်သော်လည်း စနစ်တကျ ကောင်းမွန်သည့် မြေယာစီမံခန့်ခွဲမှုများ ဖြစ်ပေါ်လာစေရေးအတွက် အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားမြေအသုံးချမှု မူဝါဒကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယခုအခါ အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များ၊ လမ်းညွှန်မှုများနှင့် အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် မြေအသုံးချမှုမူဝါဒနှင့် သက်ဆိုင်သည့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်



အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ် ကျင်းပစဉ်။
သတင်းစဉ်

နိုင်ရေးအတွက် အမျိုးသားမြေအသုံးချမှုကောင်စီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် မြေအသုံးချမှုစီမံခန့်ခွဲရာ၌ အစိုးရက စီမံခန့်ခွဲသည့်မြေများအတွင်း ဝင်ရောက်အခြေချနေထိုင်ကြသည့်အတွက် မြေယာအငြင်းပွားမှုများ ရင်ဆိုင်တွေ့ကြုံရခြင်း၊ မြေဧရိယာကျယ်ပြန့်စွာ ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမပေးနိုင်ခြင်း၊ တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများသည်လည်း ခေတ်စနစ်နှင့်အညီ ပြုပြင်ပြဋ္ဌာန်းရန်လိုအပ်ခြင်း၊ ကဏ္ဍအလိုက်ပြဋ္ဌာန်းထားသည့် ဥပဒေများချိတ်ဆက်မှုမရှိခြင်း၊ သဟဇာတမဖြစ်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှုအားနည်းခြင်း၊ အဂတိတရားနှင့် ဆောင်ရွက်မှုများရှိနေခြင်း၊ အသိပညာပေးရန်လိုအပ်ခြင်း၊ မြေအသုံးချမှုစီမံခန့်ခွဲရာတွင် စီးပွားရေးအကျိုးအမြတ်အများဆုံးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် မြေအသုံးချမှုဦးစားပေးအစီအစဉ်များ ကြိုတင်ရေးဆွဲမှုအားနည်းခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် လူမှုဖွံ့ဖြိုးရေးတာဝန်ယူမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုအားနည်းပြီး ဒေသခံပြည်သူများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်း၊ မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်း၊ မြေအသုံးချမှုအခွင့်အရေးများကို အများပြည်သူတို့ ပါဝင်အတည်ပြုရန်လိုအပ်ခြင်း၊ မြေသယံဇာတ အချက်အလက်များနှင့် မြေပုံများ တိကျမှန်ကန်မှုမရှိခြင်း၊ မြေပြင်၌ လက်တွေ့စီမံခန့်ခွဲရန်ခက်ခဲခြင်း၊ ဆက်စပ်ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်ခြင်းစသည့် အကန့်အသတ်နှင့် စိန်ခေါ်မှုများ ရင်ဆိုင်တွေ့ကြုံနေရပါကြောင်း။

ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရန်နှင့် အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည့် လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး ပြည်သူ့အကျိုးပြုနိုင်မည့်မူဝါဒ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စီမံခန့်ခွဲမှုပုံစံများ ဖြစ်ပေါ်လာစေရေး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**နည်းလမ်းများ ရှာဖွေဖော်ထုတ်ရမည်**

အထောက်အကူပြုလုပ်ငန်းကော်မတီများနှင့် အကြံပေးအဖွဲ့တို့ကို ဖွဲ့စည်းပြီး နိုင်ငံတော်၏မြေသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာ စီမံခန့်ခွဲနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အထူးလိုအပ်ချက်အရ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ထားသည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် လယ်ယာမြေဥပဒေအရ ဖွဲ့စည်းဆောင်ရွက်ထားသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့နှင့် အမျိုးသားမြေအသုံးချမှုကောင်စီတို့အကြား မြေစီမံခန့်ခွဲမှုအကြောင်းအရာများကို ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့်အတွက် အဆိုပါအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့်နည်းလမ်းများကိုလည်း ရှာဖွေဖော်ထုတ်ရမည် ဖြစ်ပါကြောင်း။

**ပင်မလုပ်ငန်းစဉ် ၁၄ ခု ချမှတ်**

မြန်မာနိုင်ငံသည် လုပ်ကွက်ငယ်တောင်သူလယ်သမားအများစုက လယ်ယာစိုက်ပျိုးရေး၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းနေကြပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေများ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး အားကောင်းလာစေပြီး လုပ်ကွက်ငယ်တောင်သူများနှင့် မြေယာမဲ့ပြည်သူများ၏ မြေအသုံးချမှုနှင့် လုပ်ပိုင်ခွင့်ခိုင်မာမှုကိစ္စမှာလည်း ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးမူဝါဒနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှုမဟာဗျူဟာတို့တွင် ပင်မလုပ်ငန်းစဉ် ၁၄ ခုချမှတ်ပြီး မဟာဗျူဟာကျကျ ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါကြောင်း၊ ယင်းပင်မလုပ်ငန်းစဉ် ၁၄ ခု ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားမြေအသုံးချမှုကောင်စီအနေနှင့် လုပ်ငန်းကော်မတီတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအနေနှင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ လုပ်ငန်းစဉ်နှင့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ဖြစ်ပေါ်လာရေး ဆောင်ရွက်လျက်ရှိသည့်နေရာတွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒသဘောတူညီချက်များအဖြစ် (၂၁)ရာစု ပင်လုံညီလာခံ ဒုတိယအစည်းအဝေးတွင်(၁၀)ချက်၊ တတိယအစည်းအဝေးတွင် (၂)ချက် အတည်ပြုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ မြေယာကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များဖြစ်သည့် အမျိုးသားမြေအသုံးချမှုမူဝါဒ လမ်းညွှန်ချက်နှင့်အညီ အမျိုးသားမြေဥပဒေရေးဆွဲရေး၊ တည်ဆဲဥပဒေများ သဟဇာတဖြစ်စေရေး၊ အမျိုးသားမြေအသုံးချမှုစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး၊ ဒေသခံဌာနေတိုင်းရင်းသားများနှင့် ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်များ၊ လုပ်ပိုင်ခွင့်များကို အမျိုးသားမြေဥပဒေရေးဆွဲသည့်နေရာတွင် ထည့်သွင်းအသိအမှတ်ပြု အကာအကွယ်ပေးရေးနှင့် အခြားမြေယာစီမံခန့်ခွဲရေးကိစ္စရပ်များ ဆောင်ရွက်သည့်နေရာတွင် (၂၁)ရာစု ပင်လုံညီလာခံက ထွက်ပေါ်လာသည့် မူဝါဒသဘောတူညီမှုများကို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ရေးသည်လည်း အရေးကြီးသည့် ရေရှည်လုပ်ငန်းစဉ်တစ်ခုအဖြစ် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားမြေအသုံးချမှုကောင်စီ၏ လုပ်ငန်းတာဝန်များ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရေတိုရေရှည်မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးရန်၊ အမျိုးသားမြေအသုံးချမှု မူဝါဒကိုအခြေခံပြီး အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့် မြေအရင်းအမြစ်များ စီမံခန့်ခွဲရေးတို့နှင့် စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေးရန်ရည်ရွယ်၍ ယခု အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

အမျိုးသားမြေအသုံးချမှု မူဝါဒပါ ရည်ရွယ်ချက်၊ လမ်းညွှန်ချက်နှင့် အခြေခံမှုများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့် မြေယာအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်လာနိုင်ရေးအတွက် ယနေ့ဖိုရမ်သို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအနေဖြင့် အလေးအနက်ထား ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ပြခန်းကို လှည့်လည်ကြည့်ရှု**

ယင်းနောက် ဒုတိယသမ္မတသည် ဖိုရမ်သို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး အမျိုးသားမြေအသုံးချမှု မူဝါဒထွက်ပေါ်လာရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဖိုရမ်ကိုဆက်လက်ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက အမျိုးသားမြေအသုံးချမှု မူဝါဒ ဖြစ်ပေါ်လာပုံ၊ အမျိုးသားမြေအသုံးချမှု မူဝါဒပါ အရေးကြီးသော လမ်းညွှန်ချက်များ၊ မြေအသုံးချမှုကော်မတီများ ဖွဲ့စည်းရေးဆောင်ရွက်နေမှု၊ အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့် ဥပဒေများ သဟဇာတဖြစ်ရေး ဆောင်ရွက်မှုအခြေအနေ၊ အမျိုးသားမြေအသုံးချမှု အစီအစဉ်များနှင့် ဇုန်များရေးဆွဲအသုံးပြုခြင်းဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ၊ မြို့ပြမြေအသုံးချမှု အစီအစဉ်ရေးဆွဲနေမှု၊ အမျိုးသားမြေပုံစနစ်ဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များနှင့် မြေတိုင်းဦးစီးဌာန၏ လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ အမျိုးသားမြေပုံစနစ်တည်ထောင်ရေးစီမံကိန်းနှင့် တိုးတက်မှုများကို ဆွေးနွေးခဲ့ကြသည်။

အမျိုးသားမြေအသုံးချမှု မူဝါဒဖိုရမ်ကို အောက်တိုဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်ဒုတိယနေ့တွင် စိုက်ပျိုးမြေနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုင်ရာ မြေယာကဏ္ဍ ဖွံ့ဖြိုးမှု၊ ဒေသခံဌာနေတိုင်းရင်းသားများ၏ လူနှင့် သစ်တောအတူယှဉ်တွဲနေထိုင်ခြင်းနှင့် အမျိုးသားမြေအသုံးချမှုကောင်စီက ဦးစားပေးဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆက်လက်ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေထုညစ်ညမ်းမှုကာကွယ်တားဆီးရေးအတွက် လိုအပ်နေသော ဥပဒေများ

**လှမျိုးနွယ်**

*ယမန်နေ့မှ အဆက်*

ပြည်တွင်းမြစ်ချောင်းများ၊ အင်းအိုင်၊ ရေကန်များ၊ အတွင်းပိုင်းရေပြင်များအပေါ် ထိခိုက်ပျက်ပြားစေမည့် ရေထု၊ လေထုညစ်ညမ်းမှုများမှ တားဆီးရန်အတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာဥပဒေများကို ကဏ္ဍအလိုက် ကြိုးပမ်းပြဋ္ဌာန်းထားပြီးဖြစ်သည်ဟု မှတ်မိပါသည်။ ဤသို့ပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းခြင်းဖြင့် အထောက်အပံ့ပေးခဲ့ကြသော အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တာဝန်သိ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ဖောင်ဒေးရှင်းများကိုလည်း အသိအမှတ်ပြုကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများက လိုက်နာရမည့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးဆိုင်ရာစံချိန်စံနှုန်းများမှာ တိုးမြှင့်လာနေပြီဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

**ဥပဒေများပြဋ္ဌာန်းရန် လိုအပ်နေပြီ**

နည်းပညာသစ်များ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်လာခြင်း၊ စီးပွားရေးလုပ်ငန်းပုံစံများ ပိုမိုတိုးတက်ပြောင်းလဲလာခြင်း၊ အီး- ကူးသန်းရောင်းဝယ်ရေး၊ အီး- ဆက်သွယ်ရေးစသည့် လျှပ်စစ် (electronic) ဆက်သွယ်လုပ်ဆောင်မှုများ အဓိကကျလာခြင်း၊ ထိုမှတစ်ဖန် စက်မှုအသွင်ကူးပြောင်းရေးကာလ၊ ဒီဂျစ်တယ်စီးပွားရေးပုံစံ၊ စတုတ္ထမြောက်စက်မှုတော်လှန်ရေး အသွင်ကူးပြောင်းဆဲကာလသို့ ကူးပြောင်းရောက်ရှိခြင်း စသည်ဖြင့် လျင်မြန်စွာပြောင်းလဲမှုများကိုလည်း တွေ့ရှိနေရပြီ ဖြစ်ပါသည်။

ဤသို့ အလွန်လျင်မြန်သောနည်းပညာ၊ စက်မှုတိုးတက်ပြောင်းလဲမှုများနှင့်အညီ တစ်ဆက်တည်းပင် နိုင်ငံများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများကြုံတွေ့နေကြရသည့် ကမ္ဘာကြီးပူနွေးမှုအပါအဝင် ရာသီဥတုဆိုင်ရာစိန်ခေါ်မှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်ပြားမှု၊ လေထု၊ ရေထုညစ်ညမ်းမှုဆိုင်ရာ အထွေထွေစိန်ခေါ်မှုများမှာလည်း ပိုမိုကြီးထွားလာခဲ့ပါသည်။

မြစ်ချောင်းများ၊ ရေကန်များတွင် စွန့်ပစ်အမှိုက်များ၊ မိလ္လာအညစ်အကြေးများ (sewage)၊ စက်မှုစွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ်အပါအဝင် ချေဖျက်ရန်မလွယ်ကူသော စွန့်ပစ်ပစ္စည်းများကြောင့် ဖြစ်ပေါ်လာခဲ့သော ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာများကို အပြည့်အဝဖြေရှင်းခြင်းမပြုနိုင်ဘဲ နိုင်ငံတွင်း ကြီးမားသော စိန်ခေါ်မှုတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေပါသည်။ ဤပြဿနာများကို တစ်ဆင့်ချင်း လျှော့ချမှုကတစ်ဆင့် မြန်မာလူမှုအဖွဲ့အစည်းအတွင်း နိုင်ငံတစ်ဝန်းလုံး အတိုင်းအတာအထိ အပြီးတိုင် ကင်းစင်ရေးအတွက် ထိရောက်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ရေထု၊ လေထုညစ်ညမ်းမှုဖြစ်စေမည့် အခြေခံအကြောင်းရင်းအားလုံး အကျုံးဝင်သော ဥပဒေများပြဋ္ဌာန်းရန် လိုအပ်နေပြီဟု ယူဆမိပါသည်။

**နစ်နာကြေး၊ လျော်ကြေးတောင်းခံနိုင်မည့် ဥပဒေများ**

ထို့အတူ နိုင်ငံ၏ပင်လယ်ရေကြောင်းပိုင်နက်များ (Maritime Territories) တွင်လည်း အလားတူ ဖြစ်ပေါ်နိုင်ဖွယ်ရှိသော ဆီ၊ ရေနံများယိုဖိတ်မှုဖြစ်စဉ်၊ စက်မှုစွန့်ပစ်ပစ္စည်းများ၊ အခြားအမှိုက်သရိုက်များ၊ ဓာတုပစ္စည်းများအစရှိသော အသုံးမဝင်သည့် သို့မဟုတ် မလိုအပ်သည့် ပစ္စည်းများ လာရောက်စွန့်ပစ်ခြင်း၊ စုပုံချထားခြင်း၊ သင်္ဘောပျက်အပါအဝင် အခြားပျက်စီးနေသောအရာများကို ရည်ရွယ်ချက်ရှိရှိဖြင့် တိတ်တဆိတ်စွန့်ပစ်ခြင်း၊ သင်္ဘောတိုက်ခြင်း၊ သင်္ဘောမှောက်ခြင်း၊ သင်္ဘောနစ်ခြင်းများကြောင့် ပေါ်ပေါက်သောရေထု၊ လေထုညစ်ညမ်းမှုကို ဆိုးရွားထိခိုက်စေမည့် ဖြစ်စဉ်များကို တားဆီးကာကွယ်ရုံမျှမက ထိရောက်စွာ အရေးယူနိုင်မည့် လုံလောက်သောနစ်နာကြေး၊ လျော်ကြေးတောင်းခံနိုင်မည့် ဥပဒေများကိုပါ ပြဋ္ဌာန်းရန် အချိန်တန်ပြီဟု ယူဆပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ သက်ရောက်ရာ ပင်လယ်နယ်ပယ်ကို နှစ်ပိုင်းခွဲခြားလေ့လာရန်လိုပါသည်။ တစ်ပိုင်းမှာ အတွင်းပိုင်းရေပြင် (Internal Waters) ကို ဆိုလိုပါသည်။ Internal Waters ဆိုသည်မှာ ပိုင်နက်ပင်လယ်အပါအဝင် ပင်လယ်ဇုန်များကို စတင်သတ်မှတ်သည့် အခြေခံမျဉ်းမှ ကုန်းတွင်းဘက်ရှိ ရေပိုင်နက်ဖြစ်ပါသည်။ ဤအတွင်းပိုင်းရေပြင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေသတ်မှတ်ချက်အရ နိုင်ငံ၏ကုန်းပိုင်နက် (Land Territory) တွင် ပါဝင်ပါသည်။

မြန်မာနိုင်ငံ၏ အတွင်းပိုင်းရေပြင်သာမက မြန်မာနိုင်ငံက အချုပ်အခြာအာဏာနှင့် သီးသန့်အချုပ်အခြာ လုပ်ပိုင်ခွင့်ကျင့်သုံးရာ ပင်လယ်ဇုန်များဖြစ်ကြသည့် ပိုင်နက်ပင်လယ် (အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၁၂)၊ ဆက်စပ်ဇုန် (အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၄)၊ သီးသန့်စီးပွားရေးဇုန် (အခြေခံမျဉ်းမှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀)၊ ကမ်းလွန်ရေတိမ်ပိုင်း ( ပိုင်နက်ပင်လယ်၏ ပြင်ပတွင်တည်ရှိပြီး ကုန်းပိုင်နက်နှင့်သဘာဝအလျောက် တစ်ဆက်တည်းဖြစ်သည့် ကမ်းလွန်မြေဆက်၏ ပြင်ပအနားမျဉ်းထိတည်ရှိသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထု) စသည့် ရေဧရိယာများနှင့် အလုံးစုံသက်ဆိုင်အကျုံးဝင်သော တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာဥပဒေအဖြစ် ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်း ၁၉၈၂ သာ ရှိပါသည်။

ကုလသမဂ္ဂပင်လယ် ဥပဒေကွန်ဗင်းရှင်း မပေါ်ပေါက်မီကပင် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ ကုန်းတွင်းပိတ်နိုင်ငံများ (Land-locked States)၊ ကျွန်းစုနိုင်ငံများ (Archipelagic States) ၏ အကျိုးစီးပွားအတွက် အကြိတ်အနယ်၊ အချေအတင်ဆွေးနွေးခဲ့ရခြင်းကြောင့် ကုလသမဂ္ဂသမိုင်းတွင် ကာလအရှည်ကြာဆုံး ညှိနှိုင်းဆွေးနွေးရသော အပြည်ပြည်ဆိုင်ရာ ဥပဒေတစ်ရပ်အဖြစ် သမိုင်းတွင်ခဲ့ပါသည်။ နိုင်ငံကြီးများနှင့် နိုင်ငံငယ်များ၊ ရေကြောင်းအင်အားကြီးနိုင်ငံများနှင့် ရေကြောင်းအင်အားနည်းပါးသောနိုင်ငံငယ်များ အကြား ပင်လယ်ဆိုင်ရာ အကျိုးစီးပွားအတွက် အပြန်အလှန်ညှိနှိုင်းခြင်း၊ အလျှော့ပေးခြင်း၊ ပေါင်းစည်းပြဋ္ဌာန်းခြင်းဆိုင်ရာ ဆွေးနွေးပွဲများကို အကြိမ်ကြိမ်ပြုလုပ်ပြီးမှ ပေါက်ဖွားခဲ့သော ကွန်ဗင်းရှင်းတစ်ရပ်ဖြစ်ပါသည်။ ကွန်ဗင်းရှင်းအာဏာသက်ဝင်သည့်နေ့ကပင်စတင်၍ လက်မှတ်ရေးထိုးခဲ့သော နိုင်ငံအရေအတွက်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေအသိုက်အဝန်းတွင် ပြောမှတ်စဖွယ် ဖြစ်ခဲ့ပါသည်။

**ရပိုင်ခွင့်အခွင့်အရေးကိုလည်း ရယူကျင့်သုံးခွင့်ရှိ**

မြန်မာနိုင်ငံသည်လည်း ၁၀-၁၂-၁၉၈၂ ရက်နေ့ကပင် ကွန်ဗင်းရှင်းအား စောစီးစွာ လက်မှတ်ရေးထိုးခဲ့ပြီး ၂၁-၅-၁၉၉၆ ရက်နေ့တွင် အပြီးသတ်အတည်ပြုပါဝင်ခဲ့ပြီးဖြစ်ပါသည်။ ကွန်ဗင်းရှင်းဝင်နိုင်ငံအရေအတွက်မှာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအရေအတွက်နီးပါးရှိပြီး ၂၀၁၈ ခုနှစ်အထိ ၁၆၈ နိုင်ငံရှိနေပြီ ဖြစ်ပါသည်။

ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းသည် နိုင်ငံများက လိုက်နာဖြည့်ဆည်းရန် တာဝန်များကို သတ်မှတ်ရုံမျှမက နိုင်ငံများ၏ အချုပ်အခြာအာဏာသက်ရောက်ရာ၊ အချုပ်အခြာစီရင်ပိုင်ခွင့် (Exclusive Right) ကျင့်သုံးရာပင်လယ်ဇုန်များအတွင်း နိုင်ငံများ၏ အခွင့်အရေးများကိုလည်း ဖော်ဆောင်ပါသည်။ ထို့အတူ နိုင်ငံများအချုပ်အခြာအာဏာသက်ရောက်ရာ ပြင်ပရှိ ပင်လယ်ဧရိယာများကို "လူသားတစ်ရပ်လုံး၏ ဘုံအမွေအနှစ်" (common heritage of mankind ) အဖြစ် နိုင်ငံတကာဆိုင်ရာပင်လယ်ကြမ်းပြင်ဧရိယာ (International Seabed Area) ကို သတ်မှတ်ပြီး ကွန်ဗင်းရှင်းအရ ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ယင်းဧရိယာရှိ ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတွင် ကမ္ဘာ့ရှားပါးသယံဇာတများအား တူးဖော်၊ ရှာဖွေရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြပါသည်။

ပင်လယ်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း၏ဥပဒေအဆင့် (Legal Status) ကို လေ့လာလျှင် နိုင်ငံအားလုံးမလိုက်နာမနေရ၊ လိုက်နာရမည့် ဓလေ့ထုံးတမ်းဆိုင်ရာအပြည်ပြည်ဆိုင်ရာ ဥပဒေအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ကမ္ဘာတစ်ဝန်း ဥပဒေပညာရှင်အများစုက သဘောတူလက်ခံထားပြီးဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံအနေဖြင့်မူ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်းကြောင့် ကွန်ဗင်းရှင်းပါတာဝန်များကို လေးစားလိုက်နာရန် တာဝန်ရှိသကဲ့သို့ ရပိုင်ခွင့်အခွင့်အရေးကိုလည်း ရယူကျင့်သုံးခွင့်ရှိမည် ဖြစ်ပါသည်။

**နိုင်ငံတကာဥပဒေပါ တားမြစ်ချက်များအား လိုက်နာစောင့်ထိန်းရန် တာဝန်ရှိ**

ယင်းကွန်ဗင်းရှင်းအရ နိုင်ငံများသည် ယင်းတို့ပင်လယ်ဇုန်များ၏ ရေထု၊ လေထုညစ်ညမ်းမှုကို ကာကွယ်တားဆီးရန်၊ လျှော့ချရန် (reduction)၊ ထိန်းချုပ်ရန် (control)၊ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသကဲ့သို့ လိုအပ်သော ဥပဒေများ၊ နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေများကို ပြဋ္ဌာန်းရန်လည်းလိုပါသည်။ ကွန်ဗင်းရှင်း၏ အဓိကရည်ရွယ်ချက်မှာ ပင်လယ်ဇုန်များအတွင်း ဆီများဖိတ်စဉ်ခြင်း၊ ဆီပါဝင်သော အသုံးမဝင်ပစ္စည်းများ စွန့်ပစ်ခြင်း၊ ပင်လယ်ရေကို ထိခိုက်စေမည့်၊ အခြားအဆိပ်အတောက်ဖြစ်စေမည့် ပစ္စည်းများကို စွန့်ပစ်ခြင်းအစရှိသည့် ရေထု၊ လေထုညစ်ညမ်းမှုကာကွယ်တားဆီးရေးဆိုင်ရာ နိုင်ငံတကာဥပဒေပါ တားမြစ်ချက်များအား လိုက်နာစောင့်ထိန်းရန် တာဝန်ရှိမှုကို သတ်မှတ်ခြင်းဖြစ်ပါသည်။

အဏ္ဏဝါပတ်ဝန်းကျင်ကို ညစ်ညမ်းစေခြင်းမှ တားဆီးကာကွယ်ရေး၊ လျှော့ချရေး၊ ထိန်းချုပ်ရေးအတွက် တစ်နိုင်ငံချင်းတွင် တာဝန်ရှိသကဲ့သို့ အခြားနိုင်ငံများ၊ လူပုဂ္ဂိုလ်များနှင့် သင့်လျော်သည့်နည်းဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြဋ္ဌာန်းထားပါသည်။ နိုင်ငံများအနေဖြင့် ယင်းတို့၏ အချုပ်အခြာအာဏာ သက်ရောက်ရာ ပင်လယ်ဇုန်များကို ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသုံးပြုရာတွင် အခြားနိုင်ငံများနှင့် ထိုနိုင်ငံများ၏ လေထု၊ ရေထုညစ်ညမ်းမှုကို ထိခိုက်ပျက်ပြားမှုမရှိစေရေး လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တာဝန်ကိုလည်း သတ်မှတ်ထားပါသည်။ ထို့အတူ နိုင်ငံများ၏ စီရင်ပိုင်ခွင့်ကျင့်သုံးရာ သို့မဟုတ် ထိန်းချုပ်ရာ (control) ပင်လယ်ဇုန်များအတွင်း ဆောင်ရွက်ချက်များ (activities) သို့မဟုတ် ဖြစ်စဉ်ဖြစ်ရပ်များ (incidents) ကြောင့် ပေါ်ပေါက်လာသော ရေထုညစ်ညမ်းမှုကို မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာသက်ရောက်ရာ ပြင်ပသို့ ကူးစက်ပြန့်ပွားခြင်း မဖြစ်စေရန်အတွက် လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ (necessary measures) ပြုလုပ်ရန် တာဝန်ရှိပါသည်။

**ဥပဒေဖြင့်တိကျစွာ သတ်မှတ်ရန်**

၁၉၈၂ ခုနှစ် ပင်လယ်ဥပဒေကွန်ဗင်းရှင်းအရ အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုအား ဖြစ်ပေါ်စေသော အရင်းအမြစ်များအားလုံး (all sources of pollution of the marine environment) ကို အဖြစ်နိုင်ဆုံး အတိုင်းအတာအထိ

> **"အဏ္ဏဝါဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရာတွင် ဒေသတစ်ခုချင်းအလိုက် ကွဲပြားသော သွင်ပြင်လက္ခဏာဆိုင်ရာ အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်ဖြစ်စေ၊ သင့်လျော်သော ဒေသဆိုင်ရာ အခြေခံဖြင့်ဖြစ်စေ၊ လုပ်ကိုင်ခွင့်အပ်နှင်းထားသော နိုင်ငံတကာအဖွဲ့အစည်းများက တစ်ဆင့်ဖြစ်စေ နိုင်ငံတကာ စည်းမျဉ်းများ၊ စံချိန်စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ရန် သို့မဟုတ် ပိုမို တိုးချဲ့အသုံးပြုရန်အတွက် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်"**

လျှော့နည်းကျဆင်းစေရန်အတွက် လိုအပ်သောအရေးယူဆောင်ရွက်မှုများပြုလုပ်ရာတွင် (က) အဆိပ်အတောက်ဖြစ်စေသော၊ ဘေးအန္တရာယ်ဖြစ်စေသောပစ္စည်းများကို စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း၊ အထူးသဖြင့် ကုန်းပိုင်နက် အရင်းအမြစ်များမှ ကာလရှည်ကြာစွာ အခြေခံဆင်းသက်လာသော စုပုံအမှိုက်သရိုက်များကို စွန့်ပစ်ခြင်း မပြုလုပ်ရန် လိုပါသည်။ (ခ) သင်္ဘောများကြောင့် ဖြစ်ပေါ်လာသော ရေထုညစ်ညမ်းမှု၊ အထူးသဖြင့် သင်္ဘောမတော်တဆဖြစ်မှုများ၊ အရေးပေါ်အခြေအနေများကို ကာကွယ်တားဆီးရေးဆောင်ရွက်ရာတွင်လည်းကောင်း၊ ပင်လယ်အသုံးပြုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ဘေးအန္တရာယ်ကင်းရှင်းရေး (Safety) ဆိုင်ရာလုံခြုံမှု၊ တာဝန်ယူမှုများ ရှိရန်လိုပါသည်။ ထို့အတူ ရည်ရွယ်ချက်ရှိသည်ဖြစ်စေ၊ ရည်ရွယ်ချက်မရှိသည် ဖြစ်စေ ပင်လယ်ဇုန်များအတွင်း စွန့်ပစ်မှု၊ သွန်ချမှု၊ စုပုံမှုများကို တားဆီးကာကွယ်ရာတွင် အလားတူ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရပါမည်။ ထို့အတူ သင်္ဘောများ၏ ဒီဇိုင်းပုံစံ၊ တည်ဆောက်ပုံ၊ ပစ္စည်းကိရိယာတပ်ဆင်မှု၊ လုပ်ငန်းဆောင်ရွက်မှု၊ သင်္ဘောဝန်ထမ်းအင်အားဖြည့်တင်းမှုများနှင့် စပ်လျဉ်း၍ ဥပဒေဖြင့် စည်းကြပ်ထိန်းချုပ်ရန် လိုပါသည်။ (ဂ) နိုင်ငံများက ယင်းတို့သီးသန့် လုပ်ပိုင်ခွင့်ကျင့်သုံးသော၊ အချုပ်အခြာအာဏာသက်ရောက်သော ပင်လယ်ဇုန်များ၏ အောက်ခြေရှိ ပင်လယ်ကြမ်းပြင်နှင့် အောက်ခံမြေထုတို့တွင် သဘာဝသယံဇာတများကို တူးဖော်ရှာဖွေ၊ ထုတ်လုပ်ခြင်းများ ပြုလုပ်ရန်အတွက် အဆောက်အအုံများ၊ ပစ္စည်းကိရိယာများ (devices) တပ်ဆင်ခြင်းတို့ကတစ်ဆင့် ပေါ်ပေါက်လာသော ရေထုညစ်ညမ်းမှုများကို ကာကွယ်တားဆီးရန် လိုပါသည်။ (ဃ) မတော်တဆမှု၊ အရေးပေါ်ကိစ္စများကို ကာကွယ်တားဆီးရေး လုပ်ဆောင်ရာတွင်လည်းကောင်း၊ ပင်လယ်ပြင်၌ ဆောက်လုပ်မည့် အဆောက်အအုံ၏ ဒီဇိုင်းပုံစံအပါအဝင် အခြားလိုအပ်ချက်များကို ဥပဒေဖြင့်တိကျစွာ သတ်မှတ်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းရန်အတွက် အလေးထားလုပ်ဆောင်ရန် လိုပါသည်။

သို့သော် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကာကွယ်တားဆီးရေး၊ လျှော့ချရေး၊ ထိန်းချုပ်ရေးအတွက် အရေးယူဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံသည် အခြားတစ်နိုင်ငံ၏ ရပိုင်ခွင့်အခွင့်အရေး အသုံးချခြင်းကိုဖြစ်စေ၊ ကွန်ဗင်းရှင်းအရ သတ်မှတ်သော လုပ်ငန်းတာဝန်များ ဆောင်ရွက်ခြင်းကို ဖြစ်စေ ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ ဟန့်တားနှောင့်ယှက်ခြင်း၊ စွက်ဖက်ခြင်း (interference)များ မပြုလုပ်ရန်အတွက် ကုလသမဂ္ဂပင်လယ် ဥပဒေကွန်ဗင်းရှင်းက တားမြစ်ထားကြောင်း တွေ့ရှိရပါသည်။

အဏ္ဏဝါရေပြင်ရှိ ရှားပါးအဖိုးတန်သော သို့မဟုတ် ထိရလွယ်သောဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းရန်နှင့် ရှားပါးပင်လယ်အဏ္ဏဝါမျိုးစိတ်၊ မျိုးကွဲများ၊ ပင်လယ်တွင်း အခြားပုံစံဖြင့် တည်ရှိသော သက်ရှိသတ္တဝါများကို လျော့ကျပျက်စီးစေမည့် ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးရန် နိုင်ငံများအပေါ် အခွင့်အာဏာအပ်နှင်းထားပါသည်။ ရေဧရိယာအစိတ်အပိုင်းတစ်ခုမှ အခြားအစိတ်အပိုင်းသို့လည်းကောင်း၊ အခြားတစ်နိုင်ငံ၏ရေပြင်သို့လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းပေးပို့ခြင်း၊ ထိခိုက်ပျက်စီးအောင် သို့မဟုတ် အန္တရာယ်ဖြစ်အောင် လုပ်ဆောင်ခြင်းများကို ကန့်သတ်ထားပါသည်။

နိုင်ငံများအနေဖြင့် ယင်း၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော သို့မဟုတ် ယင်းတို့ ထိန်းချုပ်သော ပင်လယ်ဧရိယာတွင် နည်းပညာအသစ်အဆန်း၊ ခေတ်မီနည်းပညာသုံးစွဲမှုများကြောင့် ပင်လယ်ရေပြင်ညစ်ညမ်းမှု မဖြစ်ပေါ်စေရန် လိုအပ်သကဲ့သို့ ကာကွယ်တားဆီးရမည် ဖြစ်ပါသည်။ ထို့အတူ ရှားပါးမျိုးစိတ်၊ အသစ်အဆန်း သို့မဟုတ် ရင်းနှီးကျွမ်းဝင်မှု မရှိသော မျိုးစိတ်များကို ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ မတော်တဆဖြစ်စေ အစပျိုး မိတ်ဆက်လုပ်ဆောင်မှုများကြောင့် အဏ္ဏဝါရေပြင်ကို ထိခိုက်သောအကျိုးဆက်မဖြစ်စေရန် သို့မဟုတ် ဘေးဒုက္ခမကျရောက်စေရန်အတွက် အဆိုပါနိုင်ငံက အရေးယူဆောင်ရွက်ရန် လိုပါသည်။

**အပြည်ပြည်ဆိုင်ရာဥပဒေက သတ်မှတ်ထား**

အဏ္ဏဝါဝန်းကျင်ကို ထိန်းသိမ်းကာကွယ်ရာတွင် ဒေသတစ်ခုချင်းအလိုက် ကွဲပြားသော သွင်ပြင်လက္ခဏာဆိုင်ရာ အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့်ဖြစ်စေ၊ သင့်လျော်သော ဒေသဆိုင်ရာ အခြေခံဖြင့်ဖြစ်စေ၊ လုပ်ကိုင်ခွင့်အပ်နှင်းထားသော နိုင်ငံတကာအဖွဲ့အစည်းများက တစ်ဆင့်ဖြစ်စေ နိုင်ငံတကာ စည်းမျဉ်းများ၊ စံချိန်စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ရန် သို့မဟုတ် ပိုမိုတိုးချဲ့အသုံးပြုရန်အတွက် နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရန် လိုပါသည်။

အဏ္ဏဝါဝန်းကျင်ညစ်ညမ်းမှုကို ချက်ချင်းအန္တရာယ်ဖြစ်စေမည့် သို့မဟုတ် ကျရောက်စေမည့် အခြေအနေပေါ်ပေါက်နေကြောင်း နိုင်ငံတစ်နိုင်ငံက သတိပြုမိလျှင် ရေထုညစ်ညမ်းမှု အန္တရာယ်ကို ဆိုးရွားစွာခံစားရမည့် အလားအလာရှိသော အခြားနိုင်ငံများ သို့မဟုတ် အခွင့်အာဏာရနိုင်ငံတကာအဖွဲ့အစည်းသို့ ချက်ချင်းအကြောင်းကြားရန် (notify) သတ်မှတ်ထားပါသည်။

ဘေးအန္တရာယ်နှင့် အမှန်တကယ်ကြုံတွေ့ရသည့် နိုင်ငံအနေဖြင့် ယင်းလုပ်ကိုင်နိုင်စွမ်းရှိသမျှ အင်အားကိုအသုံးပြုခြင်း၊ အခွင့်အာဏာရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေထုညစ်ညမ်းမှုဖြစ်ပွားစေသော ပြဿနာကို အဖြစ်နိုင်ဆုံးအတိုင်းအတာအထိ ဖယ်ရှားရေးနှင့် ထိခိုက်ပျက်စီးမှုကို အနည်းဆုံးဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့အတူ အဏ္ဏဝါပတ်ဝန်းကျင် ထိခိုက်စေမည့် ဖြစ်စဉ်ကို တုံ့ပြန်ဆောင်ရွက်နိုင်သော အရေးပေါ်စီမံချက်များ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ရှင်းလင်းမှုရှိစေရန်အတွက် နိုင်ငံများ အကြား ပူးပေါင်းဆောင်ရွက်ရေးတာဝန်ကို အပြည်ပြည်ဆိုင်ရာ ဥပဒေက သတ်မှတ်ထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မဟာတ္တမ ဂန္ဒီ၏ နှစ် ၁၅၀ ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**




**သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ မဟာတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် မဟာတ္တမဂန္ဒီ၏ ဘဝနှင့် လုပ်ဆောင်ချက်များကို မိန့်ကြားစဉ်။**

မဟာတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့် မွေးနေ့အထိမ်းအမှတ် နှစ်နှစ်တာကာလအတွင်း အခမ်းအနားများ ကျင်းပခြင်းကို ယနေ့ ညနေ ၅ နာရီက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ အိန္ဒိယသံရုံးက စီစဉ်ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားကို သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri ၊ စာရေးဆရာ သမိုင်းပညာရှင် ရန်ကုန်ရှေးဟောင်း အမွေအနှစ်အဖွဲ့၏ ဥက္ကဋ္ဌ ဒေါက်တာ သန့်မြင့်ဦး နှင့် Myanmar Heritage ၏ မန်နေဂျင်းအယ်ဒီတာ ဦးမြင့်သူတို့က ဆီမီးထွန်းညှိပြီး ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vikram Misri က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက မဟာတ္တမ ဂန္ဒီ၏ ဘဝနှင့် လုပ်ဆောင်ချက်များကို မိန့်ကြားခဲ့သည်။ **(အဆိုပါမိန့်ကြားချက်ကို ယာဘက်တွင် သီးခြားဖော်ပြထားသည်။)**

ဆက်လက်၍ ဒေါက်တာ သန့်မြင့်ဦး က မဟာတ္တမဂန္ဒီအမှတ်တရ ဟောပြောခဲ့သည်။ ထို့ပြင် မဟာတ္တမဂန္ဒီနှစ်သက်သော ဂူဂျာရတီဘဂျန်သီချင်း “Vaishnav Jan To Tene Kahiye Je” သီချင်းကို တေးသံရှင် မမေသူခိုင်က Ugly Music Band နှင့်တွဲဖက်သီဆိုခဲ့သည်။ အဆိုပါသီချင်းသည် ၁၅ ရာစုနှစ်အတွင်း Saint Narsinh Mehta က ရေးဖွဲ့ခဲ့ပြီး မဟာတ္တမဂန္ဒီသည် ကလေးဘဝမှ စတင်ကြိုက်နှစ်သက်ခဲ့ပြီး သူ၏ဘဝကို လှုံ့ဆော်ပေးခဲ့သော သီချင်းလည်းဖြစ်ကြောင်း သိရသည်။

မဟာတ္တမဂန္ဒီ၏ နှစ် ၁၅၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမှတ်တရ တံဆိပ်ခေါင်းကိုလည်း စတင်မိတ်ဆက်ဖြန့်ဖြူးခဲ့သည်။ ထို့ပြင် သူ၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သော The Story of My Experiments with Truth by Mohandas K.Gandhi ကို ဆရာဦးဟိန်းလတ်က ဘာသာပြန်ဆိုပြီး ဦးမြင့်သူ (Myanmar Heritage) က ထုတ်ဝေ၍ ယနေ့စတင်ဖြန့်ချိသည်။

မိုဟန်ဒတ်ဂန္ဒီကို လွန်ခဲ့သော နှစ်ပေါင်း ၁၄၉ နှစ်၊ ၁၈၆၉ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အိန္ဒိယအနောက်ပိုင်း ယခုခေတ် ဂူဂျာရတ်ပြည်နယ်ရှိ ပေါ်ဗန်ဒါမြို့တွင် ဖွားမြင်ခဲ့သည်။ ဂန္ဒီသည် ဂူဂျာရက်တွင် ကြီးပြင်းခဲ့ပြီး လန်ဒန်တွင် ဥပဒေပညာ သင်ယူခဲ့သည်။ တောင်အာဖရိကတွင် ဝတ်လုံတော်ရ ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် တောင်အာဖရိကရှိ အိန္ဒိယလူထု၏ ခေါင်းဆောင်တစ်ဦး ဖြစ်လာခဲ့သည်။

ဂန္ဒီသည် ရည်မှန်းချက်ကြီးမားသူတစ်ဦးဖြစ်သည်။ ပထမကမ္ဘာစစ်ကြီးအတွင်း အိန္ဒိယသို့ပြန်ရောက်လာပြီး တစ်နှစ်ကြာ နိုင်ငံတွင်း လှည့်လည်သွားလာကာ ဒေသတွင်းအခြေအနေများကို နားလည်အောင် ကြိုးစားခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် အိန္ဒိယအမျိုးသားကွန်ဂရက်၏ အကြီးအကဲဖြစ်လာခဲ့ပြီး ကွန်ဂရက်ကို လူထုကိုယ်စားပြု အဖွဲ့အစည်းအဖြစ် ပြောင်းလဲခဲ့သည်။ ၁၉၂၀ ပြည့်နှစ် အစောပိုင်းကာလတွင် အိန္ဒိယ၏ ပထမဆုံးသောအကြမ်းမဖက်၊ သို့သော် အစိုးရနှင့် မဆက်ဆံရေးလှုပ်ရှားမှုကို စတင်ခဲ့ရာ လူထုအားပေးမှုကို ရရှိခဲ့သည်။ အဆိုပါ လှုပ်ရှားမှုကြောင့် နှစ်အတန်ကြာ အကျဉ်းချခံခဲ့ရသည်။

၁၉၂၈ ခုနှစ်တွင် ဂန္ဒီသည် ဗြိတိသျှတို့ကို အိန္ဒိယနိုင်ငံအား ဒိုမီနီယံနိုင်ငံအဖြစ် ချက်ချင်းသတ်မှတ်ပေးရန်၊ ထိုသို့ မဟုတ်ပါက လွတ်လပ်ရေးလှုပ်ရှားမှုကြီး တစ်ရပ် စတင်မည်ဖြစ်ကြောင်း တောင်းဆိုခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ဂန္ဒီသည် သမိုင်းဝင် လူစုလူဝေးနှင့် ဆားချက်ချီတက် ဆန္ဒပြမှုကြီးကို စတင်ခဲ့သည်။ ထိုသို့ဆန္ဒပြမှုကြောင့် လူပေါင်း ခြောက်သောင်းကို ဗြိတိသျှတို့က ဖမ်းဆီးခဲ့သည်။ ရလဒ်အနေဖြင့် ဂန္ဒီသည် ဗြိတိသျှကိုလိုနီတို့၏ တရားဝင်အာဏာတည်မှုကို အားလျော့သွားစေခဲ့သည်။ လပိုင်းအတွင်း ဂန္ဒီနှင့် အိန္ဒိယခေါင်းဆောင်များ၊ မြန်မာခေါင်းဆောင်များသည် လန်ဒန်သို့ ဖိတ်ကြားခံရပြီး အိန္ဒိယ၏ ဖွဲ့စည်းပုံအခြေခံဆိုင်ရာ အနာဂတ်နှင့် ပတ်သက်သော ဆွေးနွေးပွဲများ စတင်ခဲ့သည်။

ဂန္ဒီသည် သက်တမ်း ၇၉ နှစ်တာကာလအတွင်း အိန္ဒိယ၊ အင်္ဂလန်နှင့် တောင်အာဖရိကတို့တွင် ထင်ရှားကျော်ကြားခဲ့သည်။ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သူ၊ ပြုပြင်ပြောင်းလဲရေးသမား၊ ဖိနှိပ်ခံအားနည်းသူတို့ရှေ့မှ မားမားရပ်ကာ ကာကွယ်ပေးသူ၊ ကိုးကွယ်မှုဘာသာပေါင်းစုံကို နားလည်သူတစ်ဦးဖြစ်သည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးသမားတစ်ဦးလည်း ဖြစ်သည်။ ထို့ပြင် ဂန္ဒီသည် စာအုပ်ပေါင်း ၉၀ ကိုလည်း ရေးသားပြုစုခဲ့သော စာရေးဆရာကြီး ဖြစ်သည်။

မဟာတ္တမဂန္ဒီသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နယူးဒေလီရှိ ဗီယာလာနေအိမ်တွင် လုပ်ကြံခံရ၍ ကွယ်လွန်ခဲ့သည်။

**ထင်ပေါ်ဝင်း**

**ဓာတ်ပုံ - ထိန်လင်း**

## မြေထုနှင့်တူသော ဂန္ဒီ၏ ခန္တီ

**အဘိဓဇမဟာရဋ္ဌဂုရု၊ သီတဂူဆရာတော်အရှင်ဉာဏိဿရ**
**တွဲဖက်ရွှေကျင်သာသနာပိုင်၊ Ph.D., D.Litt. ၊ သီတဂူ**
**ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ**

ကျွန်ုပ်ချစ်ခင်ကြည်ညိုတဲ့ နိုင်ငံရေးခေါင်းဆောင်တွေထဲမှာ မဟာတ္တမဂန္ဒီဟာ ရှေ့ဆုံးမှာရှိပါတယ်။ သူ့အကြောင်းကို ငယ်ငယ်ထဲက လေ့လာပြီးတော့ ကြည်ညိုနေမိတာ အခုထိပါပဲ။ မြတ်ဗုဒ္ဓ၏ ခန္တီပါရမီအကြောင်းကို မြေအထုနှင့်တူသည်ဟု ပိဋကတ်ကျမ်းစာတို့မှာ ဖော်ပြထားပါတယ်။ မြေကြီးပေါ်နေတဲ့ လူတွေဟာ မြေကြီးပေါ်မှာ အလှုပြင်တန်ဆာဆင်တာတွေလည်း လုပ်ကြတယ်။ အညစ်အကြေးတွေကိုလည်း သွန်ကြတယ်။ ဒီမြေကြီးဟာ အလှအပတွေပေါ်မှာလည်း မက်မောခြင်းမရှိ။ အညစ်အကြေးတွေပေါ်မှာလည်း စက်ဆုပ်ခြင်းမရှိ။ “Delight and Disgust” အစွန်းနှစ်ဖက်မှ လွတ်အောင်ရှောင်ခြင်းဟာ ခန္တီပဲ။ မဟာတ္တမဂန္ဒီကြီးမှာ ဒီအရည်အချင်းနဲ့ ပြည့်ဝတာကို တွေ့ရလို့ ကျွန်ုပ်ကြည်ညိုမိတယ်။

မဟာတ္တမဂန္ဒီကြီးဟာ အိန္ဒိယပြည်ကြီး၏ လွတ်လပ်ရေးကို ကြိုးပမ်းတဲ့အခါမှာ ဆူပူသောင်းကျန်းခြင်း၊ လက်နက်ကိုင်ခြင်းတို့ကို အလုံးစုံဖယ်ရှား၍ ခန္တီတရားဖြင့် သူ့လွတ်လပ်ရေးတပ်ကြီးကို ဖွဲ့စည်းခဲ့တယ်။ မြတ်ဗုဒ္ဓ၏ ဒေသနာတစ်နေရာမှာ **“ခန္တီဗလံ ဗလာနီကံ”** သည်းခံခြင်း၏ ခွန်အားသည် တစ်သိန်းမကသော စစ်သည်တို့ဖြင့် ဖွဲ့စည်းထားသော တပ်မတော်ကြီးနှင့်တူ၏ဟု ဟောတော်မူထားပါသည်။ မဟာတ္တမဂန္ဒီကြီး၏ လွတ်လပ်ရေးတပ်မတော်ကြီးမှာ သေနတ်မပါသော ခန္တီတရားပင်ဖြစ်သည်ဟု ကျွန်ုပ်ဆိုချင်ပါတယ်။ **“ခန္တျာ ဘိယျော နဝိဇ္ဇတိ (ဝေရောစနအသုရိန္ဒသုတ္တံ)”** ဟူသော မြတ်ဗုဒ္ဓ၏ မိန့်ခွန်းတော်မှာ ခန္တီတရားကို ကျော်လွှားနိုင်သော လူ၏စွမ်းအားတခြားမရှိဟု ဟောတော်မူထားပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီး၏ လွတ်လပ်ရေးသမိုင်းတို့မှာ လက်နက်များဖြင့် တိုက်ရသော သွေးချောင်းစီးစစ်ပွဲများ သာတွေ့ရ၏။ မဟာတ္တမဂန္ဒီကြီး၏ လွတ်လပ်ရေးတိုက်ပွဲသည် သူ၏ခန္တီ တပ်မတော်ဘက်က သေနတ်တစ်ချက်မှ မဖောက်ရဘဲ လွတ်လပ်ရေးရယူသွားသည့် အံ့သြဖွယ်ရာ ခေါင်းဆောင်ကြီးတစ်ယောက်ဖြစ်သည်ကို ကျွန်ုပ်ကြည်ညိုမိတယ်။

ဂန္ဒီကြီး၏ မိန့်ခွန်းတစ်နေရာမှာ ကျွန်ုပ် ဖတ်ဖူး မှတ်ဖူးပါတယ် - (There is nothing new to teach the world, but the “TRUTH” လို့ မဟာတ္တမဂန္ဒီကြီး က ပြောပါတယ်။ ဘာသာရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ လူမှုရေးခေါင်းဆောင်များ အားလုံး လူသားတို့၏ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်အောင် အားထုတ်နေကြပါတယ်။ ခေါင်းဆောင်တွေအားလုံး သစ္စာတရားကို လက်ကိုင်ထားဖို့ သူအလေးအနက်ညွှန်ကြားခဲ့တယ်။ မြတ်ဗုဒ္ဓ၏ တရားဦးမှာ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်လိုသူတိုင်း သစ္စာတရားကို သိရမယ်လို့ ဟောတော်မူထားပါတယ်။ သို့သော် အစွန်းရောက်နေသော ခေါင်းဆောင်တွေမှာ သစ္စာတရားပျောက်ဆုံး နေတတ်ပါတယ်။ ထို့ကြောင့် ကျွန်ုပ်အနှစ်ချုပ်ပြောချင်တာကတော့ (Delight နှင့် Disgust) အစွန်းနှစ်ဖက် လွတ်အောင်ရှောင်၍ မြေထုနှင့်တူသော ခန္တီတရားကို လက်ကိုင်ထားကာ ဘာသာရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ လူမှုရေး ခေါင်းဆောင်အားလုံး လူသားတို့၏ ဒုက္ခဒေါမနဿအပေါင်းမှ လွတ်မြောက်အောင် အားထုတ်နိုင်ကြပါစေဟု ဆုတောင်းပါတယ်။

**“ခန္တီတရားနှင့် သစ္စာတရား ဤကမ္ဘာမှာ ထွန်းကားပါစေ”**

# ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များ လွှဲပြောင်းအပ်နှံ

နေပြည်တော် အောက်တိုဘာ ၂

**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူပုံနှိပ်ပြီးစီးခဲ့သည့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်များကို နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်ပုံနှိပ်စက်ရုံမှ တာဝန်ရှိသူများက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံ ယနေ့ နံနက် ၉ နာရီက လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။**



**နေပြည်တော်ပုံနှိပ်စက်ရုံမှ ရိုက်နှိပ်ထားသည့် ဆန္ဒမဲလက်မှတ်များကို ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် တိုင်းဒေသကြီး နှင့် ပြည်နယ်များရှိ မဲဆန္ဒနယ်များအတွက် ထုတ်ပေးနေစဉ်။**

ဆန္ဒမဲလက်မှတ်များ လွှဲပြောင်းလက်ခံမှုနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် မှ ညွှန်ကြားရေးမှူး(စီမံ) ဦးကျော်ကျော်စိုးက “ဒီနေ့ထုတ်ပေးတဲ့ မဲလက်မှတ်တွေကတော့ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့ မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေ ထုတ်ပေးတာပါ။ နှစ်ကြိမ်ခွဲပြီး ထုတ်ပေးခဲ့တာ ဖြစ်ပါတယ်။

“ပထမအကြိမ်ကတော့ ကြိုတင်ဆန္ဒမဲပေးမယ့်သူတွေအတွက် တစ်ကြိမ်ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၄ ရက်က ထုတ်ပေးပြီးပါပြီ။ ဒီတစ်ကြိမ်ကတော့ မဲရုံတွေမှာ မဲပေးမယ့်သူတွေအတွက် ဆန္ဒမဲလက်မှတ်တွေ ထုတ်ပေးတာဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်တွေကိုတော့ စာရင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ အပ်နှံပြီး ခုရိုက်နှိပ်ပြီးစီးတဲ့ ဆန္ဒမဲလက်မှတ်တွေကို ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမယ့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ မဲဆန္ဒနယ် ၁၃ နယ် အတွက် ထုတ်ပေးတာဖြစ်ပါတယ်။

“အခုလို ထုတ်ပေးတဲ့အချိန်မှာလည်း မဲလက်မှတ်တွေကို ထုတ်ပေးချိန်မှာ လုံခြုံရေးတွေပါတယ်။ သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေက တာဝန်ခံတွေနဲ့ ဝန်ထမ်းတွေပါပါတယ်။ အဲဒီလို ထုတ်ပေးတဲ့နေရာမှာလည်း ကချင်၊ ရခိုင်၊ ရှမ်းစတဲ့ ဝေးလံခေါင်သီတဲ့ဒေသ အရင်ဆုံးဦးစားပေးပြီး ထုတ်ပေးခဲ့ပါတယ်။ ဆန္ဒမဲလက်မှတ်တွေ လုံခြုံရေးအနေနဲ့ကတော့ ပြည်ထဲရေးဝန်ကြီးဌာနကနေ သတ်မှတ်ပေးတဲ့ ရဲတပ်ဖွဲ့ဝင်တွေ စီစဉ်ပေးပါတယ်။ ဒါတွေကို လမ်းခရီးအစအဆုံး လုံခြုံရေး ဆောင်ရွက်ပြီးတော့ ဟိုရောက်လို့ရှိရင် သက်ဆိုင်ရာမြို့နယ် ရဲစခန်းမှာရှိတဲ့ ဘဏ်တိုက်တွေမှာ ထိန်းသိမ်းမယ်။

“လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ ရဲစခန်းတွေကနေ တာဝန်ယူပြီးတော့ ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်ရုံးအနေနဲ့ကတော့ စတင်ထုတ်ပေးပြီး သယ်သွားတဲ့ လမ်းခရီးတစ်လျှောက် အခြေအနေတွေနဲ့ သက်ဆိုင်ရာမြို့ကို ရောက်ရှိပြီး ဘဏ်တိုက်တွေမှာ ထည့်ပြီးတဲ့အထိ စဉ်ဆက်မပြတ် ဗဟိုရုံးကနေ ကြီးကြပ်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်” ဟု ပြောကြားသည်။

ကြိုတင်မဲပေးမည့် ပြင်ပရောက်မဲလက်မှတ်များ ပေးပို့မှုနှင့် ပတ်သက်၍ မေးမြန်းရာ “ပြည်ပရောက် မဲဆန္ဒရှင်တွေအတွက်ကိုတော့ နိုင်ငံခြားသံရုံးတွေက ဆန္ဒမဲပေးမယ့် မဲဆန္ဒရှင်စာရင်းကို ပုံစံ ၁၅ ဖြင့်တောင်းတယ်။ သက်ဆိုင်ရာသံရုံးတွေက စာရင်းပြုစုပြီးတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးကို ပို့တယ်။ ကော်မရှင်ကနေ စိစစ်ပြီးတာနဲ့ သက်ဆိုင်ရာမြို့နယ်အဖွဲ့ခွဲတွေဆီက ဆန္ဒမဲလက်မှတ်တွေကို နိုင်ငံခြားရေးဝန်ကြီးဌာနရုံးကို ပြန်ပို့တယ်။ ဝန်ကြီးရုံးကတစ်ဆင့် သက်ဆိုင်ရာသံရုံးတွေကို သူတို့အစီအစဉ်နဲ့ ပို့ပါတယ်။

“အဲဒီ ကြိုတင်မဲတွေကို ပြည်ပက မဲဆန္ဒရှင်တွေ ဆန္ဒမဲပေးပြီးတာနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကနေ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်ပို့တယ်။ ကော်မရှင်ကတစ်ဆင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွေဆီကို ဆန္ဒမဲလက်မှတ်တွေကို ပြန်ပို့ပေးပါတယ်။ မဲလက်မှတ်တွေရဲ့ အရည်အသွေးပိုင်းကိုတော့ ကော်မရှင်ကလက်ထောက် ညွှန်ကြားရေးမှူးတစ်ဦး ဦးစီးပြီးတော့ စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်”ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ဆန္ဒမဲလက်မှတ်များ ရိုက်နှိပ်ခဲ့သည့် အခြေအနေနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (ပုံနှိပ်) ဦးထွန်းထွန်းနိုင်က “ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနကို

*စာမျက်နှာ ၁၀ သို့*

# ငွေရေးကြေးရေးကဏ္ဍထဲမှာ ငွေကြေး လည်ပတ်တဲ့စနစ်တွေ မှန်ကန်ပြီး စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်တဲ့ သင့်လျော်တဲ့စနစ်တွေဖြစ်ဖို့ လိုအပ်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

## နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးဦးမောင်မောင်ဝင်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးချွန်နှင့် ဒေါ်တင်မေဦး၊ ရန်ကုန် စတော့အိတ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင်ဦးဝင်းနိုင်ဦး၊ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Myanmar Securities Exchange Centre Co. ,Ltd.- MSEC) မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယဉ်မြတ်မင်းနှင့် TMH Telecom Public Co., Ltd. မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာ နန်းလှဲ့ရည်စိုးတို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



**အစီအစဉ်မှူး။ ။ ပထမဦးစွာ ဒုတိယဝန်ကြီးအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရင်းအနှီးဈေးကွက်ရဲ့အခန်းကဏ္ဍကို ရှင်းပြပေးပါ။**

**ဦးမောင်မောင်ဝင်း ။ ။** နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍအသီးသီး တိုးတက်ဖွံ့ဖြိုးစေဖို့အတွက် ကြိုးပမ်းဖို့လိုပါတယ်။ ဒီလိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းတဲ့နေရာမှာ ဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်တဲ့ ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေးကဏ္ဍတွေဟာ မရှိမဖြစ်အရေးပါတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ ငွေရေးကြေးရေးကဏ္ဍထဲမှာ ငွေကြေးလည်ပတ်တဲ့စနစ်တွေ မှန်ကန်ပြီး စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်တဲ့ သင့်လျော်တဲ့စနစ်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီအတွက် နိုင်ငံတော်အစိုးရအနေနဲ့ ကြိုးပမ်းပြီး တည်ဆောက်ကြရပါတယ်။

ကျွန်တော်တို့ နိုင်ငံရဲ့ လက်ရှိအနေအထားကို ပွင့်ပွင့်လင်းလင်းပြောရရင် ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေးစနစ်တွေဟာ နိုင်ငံတကာနဲ့ယှဉ်ရင်တော့ နောက်ကျနေတယ်ဆိုတဲ့ အနေအထားမှာ ရှိနေပါတယ်။ အရင်းအနှီးဈေးကွက်ကလည်း ဒီနေ့အချိန်မှာ နောက်ကျနေတယ်။ နောက်ကျနေတဲ့အတွက် အရင်းအနှီးဈေးကွက်ကနေ နိုင်ငံတော်ရဲ့ စီးပွားရေးကို အထောက်အကူပြုနိုင်တဲ့အပိုင်းမှာ အားနည်းနေပါသေးတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လို အထောက်အကူပြုနိုင်လဲဆိုရင် အရင်းအနှီးဈေးကွက် (Capital Market) တွေဟာ အရင်းအနှီးလိုအပ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပိုလျှံလို့ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုတဲ့ ငွေပိုငွေလျှံရှိတဲ့သူတွေအတွက် ပေါင်းကူးသဖွယ်အဖြစ် ဒီဈေးကွက်မှာလာပြီးတော့ ရောင်းနိုင်ဝယ်နိုင်အောင် လုပ်ပေးတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ငွေပိုငွေလျှံရှိပြီးတော့ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ အများအပြား ရှိနိုင်ပါတယ်။ အဲဒီလို အများအပြားရှိနိုင်တဲ့အတွက် အရင်းအနှီးဈေးကွက်မရှိတဲ့အခါမှာ ဘဏ်မှာပဲ သွားအပ်ကြရပါတယ်။ ဘဏ်ကပေးတဲ့အတိုးကိုပဲ ယူပြီးနေတဲ့အခါကျတော့ သူတို့ရဲ့ငွေတွေကလည်း ဘဏ်မှာပဲ မြုပ်နေတဲ့အခြေအနေရှိပါတယ်။ နောက်သူတို့အနေနဲ့ ဒီအတိုးအပေါ်မှာ ပုံမှန်ရနေတဲ့ငွေကိုပဲ ကျေနပ်နေရတဲ့ အနေအထားမျိုးရှိပါတယ်။

အရင်းအနှီးဈေးကွက်မှာသွားပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အစုရှယ်ယာတစ်ခုကို ဝယ်ထားမယ်ဆိုရင် ဒီအစုရှယ်ယာအတွက် ကုမ္ပဏီက နှစ်စဉ်ခွဲဝေပေးတဲ့ အမြတ်ဝေစုကိုလည်း ပုံမှန်ရနေနိုင်မယ်။ နောက်ပြီး ဒီကုမ္ပဏီရဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေ ကောင်းမွန်ရင်ကောင်းမွန်သလို သူတို့ရဲ့အစုရှယ်ယာတန်ဖိုးတွေ မြင့်တက်လာတဲ့အခါ အမြတ်ဝင်ငွေကိုလည်းရတဲ့အတွက် ရင်းနှီးမြှုပ်နှံတဲ့သူများကို ပိုမိုပြီးအကျိုးရှိစေမယ့် ဈေးကွက်ဖြစ်ပါတယ်။

တစ်ဖက်ကလည်းအရင်းအနှီးကို စုဆောင်းလို့ရသွားတဲ့ ကုမ္ပဏီအနေနဲ့လည်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့လို ကဏ္ဍတွေမှာ လုပ်ငန်းကိုတိုးချဲ့ပြီး လုပ်နိုင်တဲ့အတွက် တိုင်းပြည်ရဲ့ GDP (စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး) ကို တိုးတက်စေမှာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် အရင်းအနှီးဈေးကွက်ဟာ တိုင်းပြည်အတွက် အရေးကြီးပါတယ်။

**အစီအစဉ်မှူး ။ ။ မြန်မာနိုင်ငံရဲ့ အရင်းအနှီးဈေးကွက် တည်ထောင်ခဲ့မှု အခြေအနေကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်တင်မေဦး ။ ။** မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ပြောင်းလဲ အကောင်အထည်ဖော်ကတည်းက စီးပွားရေးလုပ်ငန်းကြီးတွေအတွက် လိုအပ်တဲ့ ငွေကို ဘဏ်ချေးငွေတစ်ခုတည်းအပေါ်မှာမမှီခိုဘဲ အရင်းအနှီးဈေးကွက်ကနေတစ်ဆင့် ပမာဏကြီးမားတဲ့ ငွေကြေးအရင်းအနှီးများကို ရှာဖွေရယူနိုင်ရန်အတွက် အရင်းအနှီး ဈေးကွက် တည်ထောင်ဖို့ လိုအပ်တယ်လို့ အားလုံးက ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကြောင့် ၁၉၉၆ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ကိုယ်စား မြန်မာ့စီးပွားရေးဘဏ်နဲ့ ဂျပန်က Daiwa Securities Group တို့က ၅၀ ရာခိုင်နှုန်း - ၅၀ ရာခိုင်နှုန်းစီ ထည့်ဝင်ကြပြီး Myanmar Securities Exchange Centre Co., Ltd. (MSEC) ကို ဖက်စပ်ကုမ္ပဏီအနေနဲ့ ငွေချေး သက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ပါတယ်။

အရင်းအနှီးဈေးကွက်တစ်ခုလုံးအတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ ငွေချေး သက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေရဲ့ ပထမဆုံးမူကြမ်းကို စတင်ရေးဆွဲခဲ့ပါတယ်။ အဲဒီ ဥပဒေမူကြမ်းရေးဆွဲနေတဲ့ ကာလတစ်လျှောက်မှာလည်း ဒီဈေးကွက်ရဲ့အခြေခံဖြစ်တဲ့ ကောင်တာဈေးကွက် (Over the Counter Market- OTC) တစ်ခုကို စတင်တည်ထောင်ခဲ့ပြီး အဲဒီဈေးကွက်မှာ လာရောက်အရောင်းအဝယ်လုပ်ဖို့ ဖိတ်ခေါ်တဲ့အခါမှာ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နဲ့ မြန်မာနိုင်ငံသားများဘဏ်တို့က သူတို့ရဲ့ရှယ်ယာများကို ကျွန်မတို့ ဖွဲ့စည်းတည်ထောင်လိုက်တဲ့ OTC မှာ လာရောက်ပြီး အရောင်းအဝယ် ပြုလုပ်ကြပါတယ်။

အရင်းအနှီးဈေးကွက်ဆိုတာ အစုရှယ်ယာရောင်းဝယ်တဲ့ဈေးကွက် (Equity Market) သာမက ငွေချေးစာချုပ်ဈေးကွက် (Bond Market) လည်းပါဝင်ပါတယ်။ အဲဒီတော့ ၁၉၉၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ MSEC တို့ သဘောတူစာချုပ်တစ်ရပ် ချုပ်ဆိုပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေတဲ့ ငွေတိုက်စာချုပ် (Treasury Bond) တွေကို MSEC မှာ အရောင်းအဝယ်ပြုလုပ်ဖို့ အစိုးရငွေချေးစာချုပ်ရောင်းဝယ်ရေးဈေးကွက်ကိုလည်း စတင်တည်ထောင်ပေးခဲ့ပါတယ်။ ဒ့ါပြင် အစုရှယ်ယာ လက်မှတ်တွေနဲ့ ငွေချေးစာချုပ်လက်မှတ်တွေကို လုံခြုံစွာထိန်းသိမ်းပေးတဲ့ Safe Custody လုပ်ငန်းကိုလည်း အစပျိုးဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာ အရင်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဂျပန်နိုင်ငံဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရင်းအနှီးဈေးကွက်သည် အဓိကလိုအပ်ချက် ဖြစ်တယ်ဆိုတဲ့ ယူဆချက်နဲ့ နှစ်ဖက်စလုံး ထပ်မံကြိုးပမ်းဆောင်ရွက်ချက်အရ ၂၀၁၃ ခုနှစ်မှာ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအပေါ်မှာ အခြေခံပြီးတော့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ ကော်မရှင်က Yangon Stock Exchange တည်ထောင်ဖို့အတွက် ခွင့်ပြုချက်ထုတ်ပေးခဲ့ပါတယ်။ Stock Exchange မှာ အစုရှယ်ယာတွေ အရောင်းအဝယ်လုပ်နိုင်ဖို့အတွက် ကြားခံအဖြစ်မရှိမဖြစ်လိုအပ်တဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေကို ကော်မရှင်က လိုင်စင်ထုတ်ပေးခဲ့ပါတယ်။

ဈေးကွက်လည်းတည်ထောင်ပြီး အရောင်းအဝယ်လုပ်ပေးမယ့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေလည်း ရှိပြီဖြစ်လို့ အရောင်းအဝယ်ဖြစ်မြောက်ပြီး ငွေပေးချေဖို့ ဆောင်ရွက်ပေးမယ့် စာရင်းရှင်းလင်းရေးဘဏ် (Settlement Bank) ကိုလည်း ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ကော်မရှင်အနေနဲ့ ဒီလိုတစ်ဆင့်ပြီးတစ်ဆင့် အရင်းအနှီးဈေးကွက် တည်ထောင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်။ အခုအချိန်မှာဆိုရင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ခြောက်ခုရှိပြီး စတော့အိတ်ချိန်း (Stock Exchange) မှာလည်း စာရင်းဝင် ကုမ္ပဏီငါးခုရဲ့ အစုရှယ်ယာတွေကို အရောင်းအဝယ်ပြုလုပ်နေပါပြီ။ ဒါကြောင့် အရင်းအနှီးဈေးကွက်ရဲ့ကနဦးအဆင့်ကို အောင်မြင်စွာ ထူထောင်ပြီးဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ အချို့သော ပုဂ္ဂိုလ်တွေက စတော့အိတ်ချိန်း တည်ထောင်တာ စောလွန်းတယ်လို့ ဝေဖန်နေကြပါတယ်။ အချို့ကလည်း စတော့အိတ်ချိန်းဟာ ငွေဖြုန်းတီးတဲ့နေရာဖြစ်တယ်လို့ ဝေဖန်သံများလည်းကြားရပါတယ်။ စတော့ရှယ်ယာဈေးကွက် တိုးတက်အောင်မြင်ရေးအတွက် အလားအလာကောင်းများနဲ့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို သုံးသပ်ပေးပါ။**

**ဦးဌေးချွန် ။ ။** စောတယ်လို့ ဝေဖန်တာနဲ့ ပတ်သက်ပြီး ကျွန်တော့်အမြင်ပြောရရင် မြန်မာနိုင်ငံမှာ စတော့ရှယ်ယာဈေးကွက်နဲ့ ပတ်သက်ပြီး တော်တော်အလှမ်းဝေးခဲ့တာရယ်၊ စတော့ရှယ်ယာဈေးကွက်တည်ထောင်ဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေ ပြည့်စုံမှုမရှိသေးတဲ့အတွက် စတော့ရှယ်ယာဈေးကွက် တည်ထောင်လို့ ဖြစ်ပါ့မလားဆိုတဲ့ တွေးခေါ်ချက်တွေနဲ့ ဒီလိုဝေဖန်ခြင်းဖြစ်တယ်လို့မြင်ပါတယ်။ အားလုံးပြည့်စုံမှ ထူထောင်မယ်ဆိုရင်တော့ အားလုံးပြည့်စုံတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် မဖြစ်မနေစတင်တည်ထောင်ပြီး လိုအပ်ချက်တွေကို ကြိုးပမ်းဖြည့်ဆည်းသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည်ထောင်တယ်ဆိုတဲ့ အမြင်နဲ့ကြည့်ရင်တော့ စတော့အိတ်ချိန်းတည်ထောင်တာ မစောပါဘူး။

စတင်တည်ထောင်တာ မှန်တယ်လို့ ယူဆပါတယ်။ စတော့အိတ်ချိန်းဆိုတာလည်း နိုင်ငံရဲ့စီးပွားတိုးတက်မှုမှာ မဖြစ်မနေလိုအပ်တဲ့ ယန္တရားတစ်ရပ်ဖြစ်တဲ့အတွက် တည်ထောင်ဖို့လိုအပ်တဲ့ကိစ္စဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ ကြည့်မယ်ဆိုရင် လွတ်လပ်ရေးရပြီး ၄၊ ၅ နှစ်လောက်မှာ တည်ထောင်ခဲ့ကြပါတယ်။ ကမ္ဘာတစ်ဝန်းက ချမ်းသာတဲ့ နိုင်ငံတွေကို ကြည့်မယ်ဆိုရင်လည်း အများစုဟာ စတော့အိတ်ချိန်းရှိတဲ့ နိုင်ငံတွေပဲဖြစ်ပါတယ်။ ဒါကြောင့် စောပါတယ်လို့ပြောတဲ့ ကိစ္စအပေါ်သုံးသပ်ရရင် မစောပါဘူး။ နောက်တောင်ကျနေတယ်လို့ပြောချင်ပါတယ်။ ငွေဖြုန်းတီးတယ်ဆိုတဲ့ အမြင်အပေါ်မှာပြောရရင် ကျွန်တော့်အမြင်ကတော့ ဖြုန်းတီးတယ်ဆိုတာက ရည်မှန်းချက်တစ်ခုမရှိဘဲနဲ့ ကာယအား၊ ဉာဏအား၊ ငွေအားတွေကို သုံးတယ်ဆိုရင်တော့ ဖြုန်းတယ်လို့ ဆိုရမှာပါ။

စတော့အိတ်ချိန်းတည်ထောင်တယ်ဆိုတဲ့ ကိစ္စမှာတော့ ရည်မှန်းချက် တိတိကျကျရှိပါတယ်။ နိုင်ငံအတွက် လိုအပ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယန္တရားတစ်ခုတည်ထောင်ဖို့ ရည်မှန်းချက်တစ်ခုနဲ့လုပ်တဲ့အတွက် ဖြုန်းတယ်လို့ မယူဆပါဘူး။ ရင်းနှီးမြှုပ်နှံမှု လုပ်တယ်လို့ပဲ ယူဆပါတယ်ခင်ဗျ။

စတော့ရှယ်ယာဈေးကွက် အောင်မြင်ဖို့အတွက် အလားအလာကောင်းတွေရှိသလို စိန်ခေါ်မှုတွေလည်းရှိပါတယ်။ အလားအလာကောင်းဘက်ကကြည့်ရင် ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးကဏ္ဍအသီးသီးမှာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းတွေ များစွာရှိပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ အများနှင့်သက်ဆိုင်သောကုမ္ပဏီ တည်ထောင်ထားတာလည်း ၃၀၀ ကျော်ရှိပါတယ်။

အဲဒီကုမ္ပဏီ ၃၀၀ ကျော်ထဲမှာ စတော့ရှယ်ယာဈေးကွက်ဝင်ဖို့ အလားအလာကောင်းတဲ့ကုမ္ပဏီက ကျွန်တော်တို့ လေ့လာမှုအရ ၄၀ လောက်ရှိပါတယ်။ ဒီ ၄၀ ထဲမှာ ၂၀ လောက်က စာရင်းဝင်ဖို့ စိတ်ဝင်တစားလုပ်နေကြပါတယ်။ အဲဒီထဲက ၁၀ ခုလောက်က စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ တော်တော်လေးခရီးရောက်နေတာတွေ့ရပါတယ်။ အခုလောလောဆယ်မှာ နှစ်ခုလောက်က စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့အတွက် ဆောင်ရွက်ဆဲ (under the process) အနေနဲ့ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စာရင်းဝင်ကုမ္ပဏီ ၁၀ ခုလောက်ရှိမယ်လို့ မှန်းထားပါတယ်။

စိန်ခေါ်မှုပိုင်းဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ စတော့ရှယ်ယာဈေးကွက်ဗဟုသုတဟာ အများပြည်သူနဲ့ အလှမ်းဝေးခဲ့ပါတယ်။ အစုရှယ်ယာထုတ်တဲ့ကုမ္ပဏီတွေဘက်က ကြည့်မယ်ဆိုရင်လည်း အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေမှာ ကော်ပိုရိတ်စီမံခန့်ခွဲမှု (Corporate Governance) က အားနည်းပါတယ်။ အဲဒီအတွက် ကော်ပိုရိတ် စီမံခန့်ခွဲမှု အားကောင်းစေရေးအတွက် ပညာပေးအစီအစဉ်များ အထူးလိုအပ်လျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံသူ (အများပြည်သူ) ဘက်ကကြည့်မယ်ဆိုရင်လည်း ဒီဈေးကွက်မှာ ဘယ်လိုရင်းနှီးမြှုပ်နှံရမလဲ၊ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံရမလဲ၊ ဘယ်အချိန်မှာ အစုရှယ်ယာတွေကို ဝယ်ရမလဲ၊ ရောင်းရမလဲ၊ ဝယ်မယ်ရောင်းမယ်ဆိုရင် ဘယ်အချက်အလက်တွေပေါ်အခြေပြုပြီး ဘယ်လိုဆုံးဖြတ်ချက်တွေချရမလဲဆိုတဲ့ အချက်အလက်တွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံ၊ ဗဟုသုတအလှမ်းဝေးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း ပညာပေးအစီအစဉ်တွေ လိုအပ်ပါတယ်။ အဲဒါကြောင့် နှစ်ဖက်စလုံးအတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ ဒါက စိန်ခေါ်မှုတွေကို ကျော်လွှားဖို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

**ဦးမောင်မောင်ဝင်း ။ ။** ခုနက စောနေတယ်ဆိုတဲ့ အပိုင်းနဲ့ ပတ်သက်လို့ ဖြည့်စွက်ဆွေးနွေးချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရင်းအနှီးဈေးကွက်ကို စတင်တည်ထောင်ဖို့ ကြိုးစားတာ ၁၉၉၆ ခုနှစ်လောက်ကတည်းက ကြိုးစားခဲ့တာပါ။ ၁၉၉၆ ခုနှစ် လောက်တုန်းက မြန်မာနိုင်ငံမှာ စီးပွားရေးကလည်း အထိုက်အလျောက်ကောင်းမွန်ခဲ့တဲ့ အချိန်ဖြစ်ပြီး စတော့အိတ်ချိန်း တည်ထောင်ဖို့ ဆောင်ရွက်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာသွားခဲ့ရတဲ့ အခြေအနေများနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့အပြင် ၂၀၀၃ ခုနှစ်မှာ ဘဏ်အကျပ်အတည်းတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးအတွက် ရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကြိုးပမ်းခဲ့တဲ့ လုပ်ငန်းတွေကျမှ ရန်ကုန်စတော့အိတ်ချိန်း ပီပီပြင်ပြင်ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒါကြောင့် နောက်တောင်ကျနေတယ်လို့ ပြောချင်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာလည်း တည်ထောင်ဖို့မလိုတဲ့ ဘရူနိုင်းနိုင်ငံကလွဲရင် ကျွန်တော်တို့က နောက်ဆုံး ဖြစ်နေပါတယ်။

**ဦးဌေးချွန် ။ ။** ကျွန်တော်တို့နိုင်ငံမှာ စတော့အိတ်ချိန်း တည်ထောင်ဖို့အတွက် ၁၉၉၆ ခုနှစ်လောက်ကတည်းက စတင်ကြိုးစားခဲ့တာပါ။ ဗီယက်နမ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တယ်။ ဥပဒေတောင်မရှိသေးဘဲနဲ့ သမ္မတရုံးရဲ့အမိန့်ဒီကရီနဲ့ မဖြစ်ဖြစ်အောင် စတင်ဆောင်ရွက်ခဲ့တာ အခုဆိုရင်အောင်မြင်တဲ့ အစုရှယ်ယာဈေးကွက်တစ်ခု ဖြစ်နေတာကို မြင်ရပါတယ်။

**အစီအစဉ်မှူး ။ ။ ရန်ကုန် စတော့အိတ်ချိန်းရဲ့ လက်ရှိအခြေအနေကို ရှင်းပြပေးပါ။ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာမှုအနေအထားကိုလည်း ပြောပြပေးပါ။**

**ဦးဝင်းနိုင်ဦး ။ ။** နိုင်ငံတစ်ခုရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကာလရှည်ငွေကြေးအရင်းအမြစ်တွေကို စုဆောင်းပေးတဲ့ အရင်းအနှီးဈေးကွက်ဆိုတာ အင်မတန် အရေးကြီးပါတယ်။ ဒီလို အရေးကြီးတဲ့ အရင်းအနှီး ဈေးကွက်ကို ဖော်ဆောင်ပေးဖို့ဆိုရင် စတော့အိတ်ချိန်းဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒါကြောင့် အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ လ ၉ ရက်မှာ ရန်ကုန်စတော့အိတ်ချိန်းကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ် မတ်လမှာ စာရင်းဝင်ကုမ္ပဏီတွေကိုလက်ခံပြီးတော့ စတော့ရှယ်ယာ အရောင်းအဝယ်တွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ပထမဆုံးကျွန်တော်တို့က စာရင်းဝင်ကုမ္ပဏီတစ်ခုနဲ့ စတင်လုပ်ဆောင်ပါတယ်။ အခုဆိုရင် စာရင်းဝင်ကုမ္ပဏီ ငါးခုရှိပြီးတော့ စာရင်းဝင်ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေကို စတော့အိတ်ချိန်းမှာ အရောင်းအဝယ်ပြုလုပ်ပေးနေပါပြီ။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှာ စာရင်းဝင်ကုမ္ပဏီ ငါးခုရဲ့ဈေးကွက်တန်ဖိုး (Market Capitalization) ဟာဆိုရင် ငွေကျပ် ၅၈၅ ဘီလီယံ ရှိပါတယ်။ စတင်ဖွင့်လှစ်တဲ့ ကာလကစပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ရှယ်ယာပေါင်းက ၈ ဒသမ ၇ သန်းရှိပြီး တန်ဖိုးအားဖြင့် ကျပ် ၁၁၂ ဘီလီယံလောက်ရှိပါတယ်။

> **“ဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စတော့ရှယ်ယာတွေကို ရောင်းချမယ့် ကုမ္ပဏီနဲ့ ရင်းနှီးမြှုပ်နှံသူတွေအများကြီး ဈေးကွက်ကို ပါဝင်လာဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ဘယ်လိုပါဝင်လာအောင် လုပ်မလဲဆိုရင် ကျွန်မတို့က အရင်းအနှီးဈေးကွက်နဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းအစီအစဉ် (Awareness) တွေ ဆောင်ရွက်ပေးရမယ်။ စတော့ရှယ်ယာဆိုတာဘာလဲ။ စတော့ရှယ်ယာကိုရင်းနှီးမြှုပ်နှံရင် ဘယ်လိုမျိုးတွေ ဆောင်ရွက်ရမယ်ဆိုတာတွေ ဖြစ်ပါတယ်။”**

တစ်နေ့ကို ပျမ်းမျှ ကျပ်သန်း ၅၀ လောက် အရောင်းအဝယ်ဖြစ်ပါတယ်။ ဒီပမာဏကိုကြည့်မယ်ဆိုရင် ပုံမှန်အနေအထားရှိနေပြီးတော့ ထွန်းသစ်စဖြစ်တဲ့ ဈေးကွက်တစ်ခု အနေနဲ့ဆိုရင် တိုးတက်မှုရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့က ကျေနပ်နေလို့ မရပါဘူး။ ဆက်ပြီး အောင်မြင်အောင်ကြိုးစားဖို့လိုအပ်တယ်လို့ ပြောချင်ပါတယ်။ နောက်တစ်ခုကလည်း မြန်မာနိုင်ငံမှာ အများနဲ့ သက်ဆိုင်တဲ့ ကုမ္ပဏီ ၃၃၀ ခန့်ရှိပါတယ်။ ဒီ ၃၃၀ ခန့်က အခုဆိုရင် စာရင်းဝင်ကုမ္ပဏီတွေဖြစ်ဖို့ ကြိုးစားနေကြတာတွေရှိတယ်။ တချို့ဆိုရင် ဆက်သွယ်ပြီးတော့ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ လိုအပ်ချက်တွေကို ဆောင်ရွက်နေတာတွေတွေ့ရတော့ ဈေးကွက်ရဲ့ အလားအလာက ကောင်းမွန်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

**အစီအစဉ်မှူး ။ ။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေရဲ့အခန်းကဏ္ဍနဲ့ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေဖို့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ပြည်သူတွေသိအောင် ရှင်းပြပေးစေလိုပါတယ်။**

**ဒေါ်ယဉ်မြတ်မင်း ။ ။** မြန်မာနိုင်ငံမှာ အရင်းအနှီးဈေးကွက် ပေါ်ပေါက်ဖို့အတွက် ၁၉၉၆ ခုနှစ်ကတည်းက MSEC ကို ဖွင့်လှစ်ခဲ့ပါတယ်။ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အရင်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန (ယခု - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ဈေးကွက်ကြီးတစ်ခုလုံးကို ကြီးကြပ်တဲ့ အဖွဲ့အစည်း (Regulator) ဖြစ်တဲ့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (Securities and Exchange Commission of Myanmar -SECM) ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange -YSX) ကို ဖွဲ့စည်းခဲ့ပါတယ်။

ကျွန်မတို့ MSEC ကတော့ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ (Securities Company) တစ်ခုအနေနဲ့ ဆက်လက်ရပ်တည်လျက်ရှိပါတယ်။ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ (Securities Company)တစ်ခုဟာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (Securities Business) ကို လုပ်ကိုင်ဖို့ဆိုရင် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် (SECM) မှာ လိုင်စင်လျှောက်ထားဖို့ လိုပါတယ်။ နောက်တစ်ခုက ရန်ကုန်စတော့အိတ်ချိန်းမှာ စတော့ရှယ်ယာတွေရောင်းဝယ်ဖို့ဆိုရင် ရန်ကုန်စတော့အိတ်ချိန်းရဲ့ Trading Participants (ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ) အဖြစ် လျှောက်ထားရယူဖို့ လိုပါတယ်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ရဲ့အခန်းကဏ္ဍကို နှစ်ပိုင်းပြောချင်ပါတယ်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံသူတွေ (Investors) ကို ဆောင်ရွက်ပေးတဲ့အပိုင်းနဲ့ နောက်တစ်ပိုင်းက စတော့ရှယ်ယာထုတ်ဝေရောင်းချတဲ့ ကုမ္ပဏီ (Issuer) တွေအတွက် ဆောင်ရွက်ပေးတဲ့အပိုင်းဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက စတော့ရှယ်ယာတွေကို ရောင်းချင် ဝယ်ချင်တယ်ဆိုရင် သူကိုယ်တိုင် စတော့အိတ်ချိန်းကိုသွားပြီး ရောင်းလို့ဝယ်လို့မရပါဘူး။ စတော့အိတ်ချိန်းနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ကြားမှာ ကြားခံအဖွဲ့အစည်းအနေနဲ့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက စတော့ရှယ်ယာတွေကို ရောင်းဝယ်ဆောင်ရွက်ပေးပါတယ်။ ရောင်းသူတွေကိုလည်း ရောင်းရတဲ့ ငွေတွေကို သူတို့ဘဏ်စာရင်းထဲရောက်တဲ့အထိ ဆောင်ရွက်ပေးပါတယ်။ ဝယ်တဲ့သူတွေကိုလည်း သူတို့ရှယ်ယာတွေကို သူတို့ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) ထဲကို ရောက်အောင် ဆောင်ရွက်ပေးပါတယ်။

စတော့ရှယ်ယာထုတ်ဝေရောင်းချတဲ့ကုမ္ပဏီ (Issuer) တွေအပိုင်းကျတော့ ကုမ္ပဏီတွေက စာရင်းဝင်ဖို့လုပ်မယ်ဆိုရင် ပထမအနေနဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ အများနဲ့ သက်ဆိုင်သောကုမ္ပဏီ (Public Company) တွေဖြစ်ရပါမယ်။ စာရင်းဝင်ဖို့ဆိုရင် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ရပါတယ်။ စာရင်းဝင်တဲ့အခါမှာ လိုအပ်တဲ့ ပြင်ဆင်မှုတွေနဲ့ ဆောင်ရွက်ရမှာတွေကို ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက ဝန်ဆောင်မှုပေးပါတယ်။

ဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စတော့ရှယ်ယာတွေကို ရောင်းချမယ့် ကုမ္ပဏီနဲ့ ရင်းနှီးမြှုပ်နှံသူတွေအများကြီး ဈေးကွက်ကို ပါဝင်လာဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ဘယ်လိုပါဝင်လာအောင် လုပ်မလဲဆိုရင် ကျွန်မတို့က အရင်းအနှီးဈေးကွက်နဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းအစီအစဉ် (Awareness) တွေ ဆောင်ရွက်ပေးရမယ်။ စတော့ရှယ်ယာဆိုတာ ဘာလဲ။ စတော့ရှယ်ယာကိုရင်းနှီးမြှုပ်နှံရင် ဘယ်လိုမျိုးတွေ ဆောင်ရွက်ရမယ်ဆိုတာတွေ ဖြစ်ပါတယ်။ Online Trading တွေကိုလည်း ခွင့်ပြုပြီးပြီဆိုတော့ Online Trading ကို ဘယ်လိုဆောင်ရွက်ရမလဲဆိုတာတွေကို ဆွေးနွေးပွဲတွေ ကျင်းပပြီး ရှင်းလင်းပြသပေးဖို့ လိုပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေကို အသိပညာပေးအစီအစဉ် (Investor Education) အနေနဲ့ ရန်ကုန်၊ မန္တလေးမြို့ကြီးအပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ မြို့ကြီးတွေကိုလည်း ဆွေးနွေးပွဲတွေ သွားရောက်လုပ်ဆောင်ပါတယ်။ သူတို့သိရှိဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဝေငှပေးတယ်။ ဒီလိုနည်းတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ တိုးပွားလာအောင်ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီတွေအနေနဲ့လည်း စတော့အိတ်ချိန်းမှာ စာရင်းဝင်ပြီး စတော့ရှယ်ယာတွေရောင်းချဖို့ စိတ်ဝင်စားတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေ (Private Company) လည်းရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာမသိကြဘူး။ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company) အနေနဲ့ ပထမဆုံး အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) အဖြစ်ကို ပြောင်းရပါတယ်။ အဲဒါကမဖြစ်မနေဆောင်ရွက်ရမယ့်အချက်ဖြစ်ပါတယ်။ လက်ရှိစာရင်းဝင် ကုမ္ပဏီငါးခုမှာဆိုရင် လေးခုက စတော့အိတ်ချိန်းမပေါ်ခင်ကတည်းက စတော့ရှယ်ယာတွေကို ရောင်းပြီးသား ကုမ္ပဏီတွေဖြစ်ပါတယ်။ စတော့အိတ်ချိန်းပေါ်လာတဲ့အခါမှာ သူတို့ရဲ့ ရှယ်ယာတွေကို ထပ်ပြီးမရောင်းတော့ဘဲ ရောင်းပြီးသား ရှယ်ယာတွေနဲ့ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်လိုက်တာဖြစ်ပါတယ်။ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဝေငှပေးတယ်။ ဒီလိုနည်းတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ တိုးပွားလာအောင် ဆောင်ရွက်လျက်ရှိပါတယ်။

ကုမ္ပဏီတွေအနေနဲ့ စတော့အိတ်ချိန်းမှာ စာရင်းဝင်ပြီး စတော့ရှယ်ယာတွေ ရောင်းချဖို့ စိတ်ဝင်စားတဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company) လည်းရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာမသိကြဘူး၊ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company) အနေနဲ့ ပထမဆုံး အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) အဖြစ်ကို ပြောင်းရပါတယ်။ အဲဒါကမဖြစ်မနေဆောင်ရွက်ရမယ့်အချက်ဖြစ်ပါတယ်။ လက်ရှိစာရင်းဝင်ကုမ္ပဏီငါးခုမှာဆိုရင် လေးခုက စတော့အိတ်ချိန်းမပေါ်ခင်ကတည်းက စတော့ရှယ်ယာတွေကို ရောင်းပြီးသားကုမ္ပဏီတွေ ဖြစ်ပါတယ်။ စတော့အိတ်ချိန်းပေါ်လာတဲ့အခါမှာ သူတို့ရဲ့ရှယ်ယာတွေကို ထပ်ပြီးမရောင်းတော့ဘဲ ရောင်းပြီးသား ရှယ်ယာတွေနဲ့ ရန်ကုန်စတော့အိတ်ချိန်းမှာ စာရင်းဝင်လိုက်တာဖြစ်ပါတယ်။

နောက်ဆုံးစာရင်းဝင်ခဲ့တဲ့ TMH က ရန်ကုန်စတော့အိတ်ချိန်းမပေါ်ခင်မှာ ပုဂ္ဂလိကကုမ္ပဏီဖြစ်ပြီး စာရင်းဝင်ချင်တဲ့ ဆန္ဒရှိတဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီ (Private Company) ကနေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ(Public Company) အဖြစ် ပြောင်းလဲခဲ့ပါတယ်။ လိုအပ်တဲ့စာရင်းဝင်လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့လို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေက ကုမ္ပဏီတွေ စာရင်းဝင်ကုမ္ပဏီဖြစ်လာဖို့ လိုအပ်တဲ့ အကြံဉာဏ်တွေနဲ့ အထောက်အကူတွေကို ဝန်ဆောင်မှုပေးပါတယ်။

**ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ-အေးသန်း(သတင်းစဉ်)**

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားများကျင်းပ



**မြန်မာ့အလင်း မြို့နယ်သတင်းထောက် ဦးမင်းမင်းလတ် (မန်းတက္ကသိုလ်) အား ဒုတိယရဲမှူးကြီး ကျော်မိုးက ဂုဏ်ပြုလက်မှတ်ချီးမြှင့်စဉ်။** ဓာတ်ပုံ-ကိုကိုရူပ

**နေပြည်တော်**

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့က နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းနောင်က မိန့်ခွန်းပြောကြားကာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နေပြည်တော်ရဲတပ်ဖွဲ့ အောက်ရှိ မြို့နယ်များမှ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲစခန်းမှူးများနှင့် ဆုရရှိသောသူများအား နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ရဲတပ်ဖွဲ့နှင့်အတူ မှုခင်းဖော်ထုတ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသော ရပ်မိ ရပ်ဖများကို နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး ဦးစီး (ပ) (ဦး၊ ရေး၊ ထောက်) ဒုတိယရဲမှူးကြီး ကျော်မိုးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်လှိုင်သင်း (နေပြည်တော်)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့မရဲစခန်းတွင် (၅၄) နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်က အမှာစကားပြောကြားပြီး မြို့မစခန်းမှူး ဒုတိယရဲမှူး သန်းဇော်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှပေးပို့သော (၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဒုတိယမြို့နယ်မှူး ဒုတိယရဲမှူးခင်မောင်ညွန့်က စလင်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော မြန်မာ့အလင်းသတင်းထောက် စစ်ကြည် (စလင်း) အားမှတ်တမ်းတင်ဂုဏ်ပြုလွှာ ပေးအပ်သည်။ ယင်းနောက် မြို့မစခန်းမှူး ဒုတိယ ရဲမှူးသန်းဇော်က စလင်းရဲစခန်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ရဲဝန်ထမ်းအငြိမ်းစားများကို ဂုဏ်ပြုလက်ဆောင်နှင့်ရဲတပ်ဖွဲ့နှင့် မှုခင်းဖော်ထုတ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သော ရပ်မိရပ်ဖများကို မှတ်တမ်းတင် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **၀၈၇**

**(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ၂၀၁၈ ခုနှစ်အတွင်း ရပ်ရွာအေးချမ်းသာယာရေး တရားဥပဒေစိုးမိုးရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခြင်းနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖော်ပြပေးသော မြန်မာ့အလင်းမြို့နယ် သတင်းထောက်ဦးခင်ကို (ကျောက်တံခါး)အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်စဉ်။** နေလင်း(ညောင်လေးပင်)



# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

*စာမျက်နှာ ၇ မှ*

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၅ ရက်မှာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်နေ့မှာကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေ ပုံနှိပ်ဖို့ အတွက် အမှာစာပေးပို့ခဲ့ပါတယ်။ လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် အရွက်ရေ စုစုပေါင်း ၄၅၂၇၀၀၊ အမျိုးသားလွှတ်တော်အတွက် ဆန္ဒမဲလက်မှတ်အရွက်ရေ စုစုပေါင်း ၂၃၃၉၅၀၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် ဆန္ဒမဲလက်မှတ် အရွက်ရေ



**ဦးကျော်ကျော်စိုး၊ ညွှန်ကြားရေးမှူး (စီမံ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



**ဦးထွန်းထွန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (ပုံနှိပ်) ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

စုစုပေါင်း၃၄၇၅၀၀ နဲ့ တိုင်းရင်းသားလူမျိုးရေးရာလစ်လပ် မဲဆန္ဒနယ်အတွက် ဆန္ဒမဲလက်မှတ် အရွက်ရေစုစုပေါင်း ၉၄၉၀၀ အပ်နှံတာဖြစ်တဲ့အတွက် စုစုပေါင်း ဆန္ဒမဲလက်မှတ်အရွက်ရေ စုစုပေါင်း ၁၁၂၉၀၅၀ ရိုက်နှိပ်ပေးဖို့ လုပ်ငန်းအပ်နှံခဲ့ပါတယ်။

"ဆန္ဒမဲလက်မှတ်တွေကို နေပြည်တော် ပုံနှိပ်စက်ရုံတစ်ရုံတည်းပဲ ဩဂုတ်လ ၂၉ ရက်ကနေ ၃၁ ရက်အထိ သုံးရက်ကြာ ပုံနှိပ်ဆောင်ရွက်ခဲ့ပါတယ်။ မဲလက်မှတ်တွေရဲ့ အရည်အသွေးပိုင်းနဲ့ ပတ်သက်လို့ကတော့ စက္ကူကိုတော့ လုံခြုံရေးအမှတ်အသား ရေစာပါဝင်တဲ့ အင်ဒိုနီးရှားနိုင်ငံထုတ် 80 GSM Woodfree အဝါရောင်စက္ကူနဲ့ ရိုက်နှိပ်ခဲ့ပါတယ်။ ဆန္ဒမဲလက်မှတ် စတင်ပုံနှိပ်တဲ့အချိန်ကစပြီး ပြန်ကြားရေးဝန်ကြီးရုံးမှ တစ်ဆင့် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး လုံခြုံရေးယူပေးတာမျိုး၊ မဲလက်မှတ်တွေ ရိုက်နှိပ်ချိန်မှာ မီးမပျက်ဖို့ သက်ဆိုင်ရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဝန်ကြီးရုံး အနေနဲ့ ညှိနှိုင်းပြီးတော့ ဓာတ်အားမပြတ်တောက်စေဖို့လည်း ဆောင်ရွက်ခဲ့ပါတယ်။

"ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အနေနဲ့ကတော့ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ၂၀၁၇ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲနဲ့ ခု ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေကို လုံခြုံမှုရှိရှိနဲ့ အဆင့်အတန်းပြည့်မီစွာ ပုံနှိပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်"ဟု ပြောသည်။

**စတင်ထုတ်ပေးခဲ့**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် သက်ဆိုင်ရာလွှတ်တော် မဲဆန္ဒနယ်များအလိုက် မဲဆန္ဒရှင်ပြည်သူများ မဲပေးနိုင်ရေးအတွက်လိုအပ်မည့် ဆန္ဒမဲလက်မှတ်များကို အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ပြည်တွင်းရှိ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ မြန်မာသံရုံးများနှင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများထံ ပထမအကြိမ်အဖြစ် အရွက်ရေ ၅၀ ပါ ဆန္ဒမဲလက်မှတ်စာအုပ် ၂၂၅၉ အုပ်၊ စုစုပေါင်း ဆန္ဒမဲလက်မှတ် အရွက်ရေ ၁၁၂၉၅၀ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၄ ရက်က စတင်ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

**လွှဲပြောင်းအပ်နှံ**

ယနေ့တွင် ဒုတိယအကြိမ်အဖြစ် သက်ဆိုင်ရာမဲဆန္ဒနယ်များမှ ပြည်သူများ ဆန္ဒမဲပေးနိုင်ရန်အတွက် ကျန်ရှိသည့် အရွက်ရေ ၅၀ ပါ မဲလက်မှတ်စာအုပ် ၂၀၃၂၂ အုပ်၊ စုစုပေါင်း ဆန္ဒမဲလက်မှတ် အရွက်ရေ ၁၀၁၆၁၀၀ ကို ယနေ့ အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီကစတင်၍ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအလိုက် လွှဲပြောင်းအပ်နှံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များမှာ ကန်ပက်လက်၊ လဲချား၊ တာမွေ၊ မြင်းခြံတို့ဖြစ်ပြီး လစ်လပ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မှာ ကချင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ဖြစ်ကြောင်းနှင့် လစ်လပ်တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များမှာ မတူပီ၊ တမူး၊ အုတ်တွင်း၊ သပိတ်ကျင်း၊ ရသေ့တောင်၊ မင်းဘူး၊ ဆိပ်ကမ်းနှင့် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၏ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်တို့ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

# ဂျာမနီနိုင်ငံလွှတ်တော်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ကော်မတီမှ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီး ဦးစိုးအောင် တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ဂျာမနီနိုင်ငံလွှတ်တော်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မတီမှ ဒုတိယဥက္ကဋ္ဌ Mr. Uwe-Kekeritz နှင့်အဖွဲ့အား အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ်အတွင်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုသဟဇာတရှိစေရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံ ဘက်မှ ပြန်လည်လက်ခံရန် အဆင်သင့်ဖြစ်မှုများ၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာရေးထိုး၍ ဆောင်ရွက်နေမှုအခြေအနေများ၊ အခက်အခဲများ၊ ပြန်လည်နေရာချထားရေးဆောင်ရွက်ရာတွင် ၎င်းတို့၏ မူလနေရာ(သို့မဟုတ်)မူလနေရာနှင့် အနီးဆုံးနေရာများတွင် ပြန်လည်နေရာချထားနိုင်ရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)မှ စီမံဆောင်ရွက်ထားရှိမှုများ၊ မြန်မာနိုင်ငံတွင် ဂျာမနီနိုင်ငံမှ စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေများ၊ ဂျာမနီနိုင်ငံမှ ပေးအပ်နေသည့် ဖွံ့ဖြိုးမှုအကူအညီများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံဆုလျှောက်ထားနိုင်သည့်ရက် တိုးမြှင့်သတ်မှတ်

၁။ အာဆီယံဆုအတွက် လျှောက်လွှာတင်သွင်းနိုင်သည့်ရက်ကို မူလ သတ်မှတ်ခဲ့သော ၂၇-၉-၂၀၁၈ ရက်နေ့အစား ၃-၁၀-၂၀၁၈ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ထားပါကြောင်း အသိပေးအပ်ပါသည်။

၂။ အဆိုပါ အာဆီယံဆု (ASEAN Prize)သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ပထမဆုံးအကြိမ် ပေးအပ်မည့်ဆု ဖြစ်ပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ
(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ
(င) အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည် ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းမှ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၅။ အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/? static post=asean-prize-2018 တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉) နေပြည်တော် (သို့မဟုတ်) dgasean@gmail.com ကို လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**အင်ဒိုနီးရှားနိုင်ငံ၌ အောက်တိုဘာ ၆ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် (၃)ကြိမ်မြောက် အာရှမသန်စွမ်း အားကစားပြိုင်ပွဲသို့ ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဗိုလ်ချုပ် ဝင်းလွင် ဦးဆောင်သော မြန်မာအားကစားသမားအဖွဲ့ စက်တင်ဘာ ၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။** အေကေလင်း




## ဝမ်းတွင်းမြို့နယ်၌ ရထားပေါ်တွင် စက်ပြင်အဖြစ် စီးနင်းလိုက်ပါသည့် အမျိုးသားတစ်ဦး ရထားပေါ်မှ ပြုတ်ကျသေဆုံး

**မိတ္ထီလာ အောက်တိုဘာ ၂**

မိတ္ထီလာခရိုင်ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာအနီး၌ ရထားပေါ်တွင် စက်ပြင်အဖြစ် စီးနင်းလိုက်ပါသည့် အမျိုးသားတစ်ဦး စက်တင်ဘာ ၃၀ ရက် ည ၈ နာရီက ရထားပေါ်မှ ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ် ဆည်ရွာကျေးရွာအနီး ရန်ကုန်- မန္တလေးရထားလမ်းမိုင်တိုင်အမှတ် (၃၂၄/၁၈)နှင့် (၃၂၄/၁၉)ကြားတွင် အမျိုးသားတစ်ဦးမီးရထားပေါ်မှ ပြုတ်ကျသေဆုံးနေကြောင်းသတင်းအရ ဝမ်းတွင်းမြို့နယ်ရဲစခန်း၌ ခေတ္တစခန်းမှူး ဒုရဲအုပ် ဝင်းဇေယျာဦးနှင့် တပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးအောင်ကျော်ဆန်းဖြစ်ပြီး ၎င်းမှာ မြို့ဟောင်း-သာစည် ရထားစက်ခေါင်းအမှတ် DF-1267 အစုန်လူစီးလော်ကယ် မီးရထားပေါ်တွင် စက်ပြင်အဖြစ် စီးနင်းလိုက်ပါလာခဲ့သည်။

ထိုသို့ မီးရထားပေါ် စီးနင်းလိုက်ပါလာခဲ့ရာမှ ရထားတစ်တွဲမှ တစ်တွဲသို့ ကူးပြောင်းစဉ် မီးရထားပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဦးခေါင်း၊ နားနှင့် နောက်ကျောတို့တွင် ဒဏ်ရာများရရှိခဲ့ပြီး အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ် မဟုတ် ဝမ်းတွင်းမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ ၁၄၈

# နိုင်ငံတော်အလံ ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို ပြည်သူများပိုမိုသိရှိစေရန် အသိပညာပေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဆို

**ရန်ကုန် အောက်တိုဘာ ၂**

နိုင်ငံတော်အလံ ဥပဒေပြဋ္ဌာန်းချက်များအကြောင်းကို ပြည်သူများပိုမိုသိရှိစေရန် အသိပညာပေးနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄) ရက်မြောက်နေ့တွင် တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်က "ရုပ်ရှင်ရုံများအတွင်းတွင် မြန်မာနိုင်ငံအလံ အလေးပြုခြင်း အစီအစဉ်တွင် မတ်တတ်ရပ်၍ အလေးပြုကြရန် ရုပ်ရှင်ရုံမှစာဖြင့် ပြသထားပါသော်လည်း ဂရုမစိုက်၊ အလေးမထားဘဲ ထိုင်နေသူအချို့အား နိုင်ငံတော်အလံ ဥပဒေအရ စည်းကမ်းချက် လိုက်နာဆောင်ရွက်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊မရှိမေးခွန်းနှင့် စပ်လျဉ်းပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ရုပ်ရှင်ရုံတွေအနေနဲ့ နိုင်ငံတော်အလံမပြသမီ နိုင်ငံတော်အလံကို အလေးပြုကြရန် မေတ္တာရပ်ခံပါသည်ဟု အသိပေး စာတန်းထိုး ပြသလျက်ရှိပါတယ်။ ဌာနအနေနဲ့လည်း နိုင်ငံတော်အလံကို တစ်ပြေးညီဖြစ်စေရန်စီစဉ်ရိုက်ကူး၍ ဒစ်ဂျစ်တယ်ရုပ်ရှင်ရုံများတွင် ပြသရန် အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ နိုင်ငံတော်အလံ ဥပဒေမှာ နိုင်ငံတော်အလံကို မလေးမစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရင် ထိုသူကို သုံးနှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ဖော်ပြပါရှိပါတယ်။ အဆိုပါ ပြဋ္ဌာန်းထားမှုကို ပြည်သူများလေးစားလိုက်နာစေဖို့ အသိပညာပေးနည်းလမ်းတွေနဲ့ ပိုမိုဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောသည်။

အဆိုပါ နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၁.၁၀.၂၀၁၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်အလံဥပဒေ အခန်း (၄) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)တွင် နိုင်ငံတော်အလံကို မလေးမစားပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်ပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ဖော်ပြထားကြောင်း သိရသည်။

ယခင်ရုပ်ရှင်ကော်ပိုရေးရှင်းအမည်ဖြင့် ဆောင်ရွက်စဉ်က မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံ အားလုံးတို့တွင် ရုပ်ရှင်မပြသမီ နိုင်ငံတော်အလံကို အလေးပြုရန် ၊ နိုင်ငံတော်အလံနှင့် နိုင်ငံတော်သီချင်းအား ပြသရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သို့ရာတွင် ရုပ်ရှင်မပြသမီ နိုင်ငံတော်အလံပြသည့်အခါ မတ်တတ်ရပ် အလေးမပြုကြသူများ ရှိကြောင်း တွေ့ရှိရသဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက နယ်များတွင် နိုင်ငံတော်အလံနှင့် အမျိုးသားသီချင်းလွှင့်ချိန်တွင် မတ်တတ်မရပ်သူအများအပြားရှိနေသည်။ ဌာနအနေဖြင့် ရုပ်ရှင်ရုံငှားထားသူများထံ ညွှန်ကြားဆောင်ရွက်ပါဟု လမ်းညွှန်ချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ယခင်မြန်မာ့ ရုပ်ရှင်လုပ်ငန်း၏ ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရန် ရုံးခွဲများနှင့် လုပ်ငန်းစုရုံးများသို့ အကြောင်းကြားခဲ့ကြောင်း၊ ရုံးခွဲများမှလည်း ရုပ်ရှင်ရုံများသို့ ထပ်မံအကြောင်းကြားခဲ့ကြောင်း ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။ **သီသီမင်း**

# မြို့နယ်အသီးသီး၌ ပြည်သူ့စကားဝိုင်းများ ကျင်းပ

**ရွှေတောင်**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို စက်တင်ဘာလ နောက်ဆုံးပတ်က ရှားတိုင်းအုပ်စု ရှားတိုင်းကျေးရွာဘုန်းတော်ကြီး ကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်အေးအေးဆင့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြခွာညိုဦး၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှငွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးမြင့်ဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးရန်နိုင်စိုးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများက သိရှိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မိုင်းဖြတ်**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့က ပူးပေါင်းကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလနောက်ဆုံးပတ်က မိုင်းဖြတ်အုပ်စု ဝမ်နောင်ကျေးရွာရှိ ဘုန်းကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးရှောလမွန်က ပြည်သူများအနေဖြင့် ပြည်သူ့စကားဝိုင်းများမှတစ်ဆင့်ရရှိလာသည့်အကျိုးရလဒ်အပေါ် အတွေးအခေါ်၊ အယူအဆများမြင့်မားလာစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်စေရန်စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်နိုင်၊ မြို့နယ်ပညာရေးမှူး ဦးစိုင်းသန်းလူ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွဋ်လွင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးကျော်တင့်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာထွန်းဇော်ဝင်း၊ တာချီလိတ်ခရိုင် စာရေးဆရာအသင်း နာယက ဒေါက်တာမြင့်အောင်တို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

**မိုးညို**

မိုးညိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အ.ထ.က (မိုးညို) သရဖူခန်းမ၌ စက်တင်ဘာလနောက်ဆုံးပတ်က ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးမင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးဦးတို့က အမှာစကားများပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့်အလေ့အထများဖြစ်ပေါ်လာစေရန်တို့ကို ရည်ရွယ်၍ ပြည်သူ့စကားဝိုင်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးမည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်မျိုးမင်း၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးသန်းအောင်၊ မြို့နယ်ဥပဒေအရာရှိ ဦးဦးဘသန်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော့ဟန်၊ ကျေးလက်ကျန်းမာရေးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးကျော်ကျော်နိုင်တို့က မိတ်ဆက်စကားများပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက လူငယ်များ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိလိုသည့်အချက်တို့ကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ဘိုကလေး**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် စက်တင်ဘာလနောက်ဆုံးပတ်က ကံစု (အရှေ့) ကျေးရွာအုပ်စု မရမ်းကျေးရွာ မရမ်းဘုန်းတော်ကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစံမင်းအောင်နှင့် ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးတို့က အမှာစကားနှင့်ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလင်းတန်းအဖွဲ့မှ ဥက္ကဋ္ဌ ဦးအုန်းကြွယ်က အစိုးရဌာနဆိုင်ရာများ၏ အပြုသဘောဆောင်သောထိတွေ့ဆက်ဆံမှုများအကြောင်း ဆွေးနွေးတင်ပြပြီးနောက် ဖျာပုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှနွယ်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြည်သူအားလုံးပါဝင်မေးမြန်းဆွေးနွေးနိုင်မှသာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။ ထို့နောက် ကျေးရွာအုပ်စုများမှ ကျေးလက်နေပြည်သူများက မိမိတို့သိရှိလိုသည်များကို တစ်ဦးချင်း မေးမြန်းတင်ပြခဲ့ကြပြီး သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြိတ်ဒေသတွင်း ငှက်မျိုးစိတ်ထိန်းသိမ်းမှုဆိုင်ရာ အသိပညာဖြန့်ဝေနိုင်ရန် ငှက်ကြည့်လမ်းညွှန်သင်တန်းဖွင့်



**မြိတ် အောက်တိုဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ဒေသတွင်း၌ ကျင်လည်ကျက်စားနေထိုင်သည့် သက်ရှိသတ္တဝါမျိုးစိတ်များသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်ရာ အဆိုပါဒေသတွင်း နေထိုင်ကြသည့် ငှက်မျိုးစိတ်များကို ထိန်းသိမ်းတတ်စေရေးအတွက် မြိတ်တက္ကသိုလ်နှင့် မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းတို့ ပူးပေါင်း၍ ငှက်ကြည့်လမ်းညွှန်သင်တန်းကို အောက်တိုဘာ ၁ ရက်က မြိတ်တက္ကသိုလ် ပင်မဆောင်၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးက သင်တန်းတက်ရောက်မည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူ မောင်မယ်များအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား၍ သင်ယူကြရန် အမှာစကားပြောကြားပြီး သက်ရှိမျိုးစိတ်များကို ထိန်းသိမ်းရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည်များနှင့်ပတ်သက်၍ မြန်မာငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်က "မြိတ်ကျွန်းစုက လက်ရှိမှာ ရေလုပ်ငန်းကိုမှီတည်ပြီး စီးပွားရေးလုပ်ငန်း အောင်မြင်ပါတယ်၊ ဒါပေမယ့် သဘာဝအရင်းအမြစ်တွေ ကျလာတာနဲ့အမျှ ဒီလုပ်ငန်းတွေဟာ ရေရှည်တည်တံ့ခိုင်မြဲဖို့ အင်မတန်ခက်ခဲပါတယ်၊ ဒီတော့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းလိုဟာမျိုး၊ သဘာဝရေရှည်တည်တံ့စေတဲ့ မျိုးစိတ်ထိန်းသိမ်းရေးလုပ်ငန်းလိုဟာမျိုးကို တွဲပြီးလုပ်သွားနိုင်ပါမှ ရေရှည်အဆင်ပြေနိုင်ပါမယ်"ဟု ပြောကြားသည်။

သင်တန်းတွင် မြန်မာနိုင်ငံရှိ ငှက်မျိုးစိတ်ခွဲခြားခြင်း၊ ဒေသအတွင်းရှိ ငှက်မျိုးစိတ်များခွဲခြားခြင်း၊ ဒေသအတွင်း နှစ်စဉ်ဝင်ရောက်လာသည့် ခရီးဝေးပျံသန်းသည့်ငှက်များ၊ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ်များအကြောင်း စသည့် သင်ခန်းစာကို မြန်မာနိုင်ငံငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင် နည်းပြဆရာလေးဦးတို့က အောက်တိုဘာ ၁ ရက်မှ ၉ ရက်အထိ သင်ကြားမည်ဖြစ်ကာ အဆိုပါအသင်းမှ အသင်းဝင် ၁၉ ဦးနှင့် မြိတ်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၄၉ ဦးတို့ တက်ရောက်လေ့လာ သင်ယူကြမည်ဖြစ်ကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့
ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်



ကလေးစာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( သံတွဲမြို့ )
၂၀၁၈-ခုနှစ် ၊ အောက်တိုဘာလ (၂၇ ၊၂၈) ရက် စနေနေ့ ၊ တနင်္ဂနွေနေ့ များတွင်
နံနက် (၈) နာရီမှ ညနေ (၅) နာရီအထိ မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ဒွါရာဝတီမြို့နယ်ခန်းမ ၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီ လုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/ ၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၆-၉-၂၀၁၈)ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၀-၈-၂၀၁၈) ရက်နေ့မှ (၁၄-၉-၂၀၁၈) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ကိုးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ် သုံးဦး၊ မဂ္ဂဇင်း လေးဦး၊ အထွေထွေ ကိုးဦး၊ ပေါင်း ၁၆ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ ခုနှစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၅၃၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၄၆၂ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၁၂၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၁၂၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာ ယူ-၂၁ အသင်း (က၊ ခ) အသင်းကို ကစားသမား ၅၀ နီးပါးဖြင့် ဖွဲ့စည်း

**နေပြည်တော် အောက်တိုဘာ ၂**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ အသင်းကို နှစ်သင်းခွဲ၍ ဖွဲ့စည်းခဲ့ပြီး စုစုပေါင်း ကစားသမား ၅၀ နီးပါး ရွေးချယ်ခံခဲ့ရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် (က) အသင်းကို နိုင်ငံတကာပြိုင်ပွဲများအတွက် အဓိကရည်ရွယ်ဖွဲ့စည်းသော်လည်း (ခ) အသင်းကိုမှ (က) အသင်းမှ ကစားသမားများနေရာတွင် အစားထိုးနိုင်ရန် အဆင်သင့်လေ့ကျင့်ပေးထားခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ (က) အသင်းသည် အောက်တိုဘာ ၂ ရက်တွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်ပြီး (ခ) အသင်း လေ့ကျင့်မည့်ရက်ကိုမူ နည်းပြအဖွဲ့ဝင်များ ပြန်လည်ညှိနှိုင်းမည် ဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းကို နည်းပြချုပ်အဖြစ် ဦးကြည်လွင်၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်လွင်နှင့် ဦးချစ်နိုင်တို့က တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး နှစ်သင်းစလုံးကို လေ့ကျင့်ပေးမည်ဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းသည် အောက်တိုဘာ ၂ ရက်မှစ၍ လေ့ကျင့်မှု ဆက်တိုက်ပြုလုပ်မည်ဖြစ်ပြီး (ခ) အသင်းမှာမူ တစ်ပတ်လျှင် သုံးရက်သာ လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ ယူ- ၂၁ အသင်းသည် ယခုနှစ်ကုန်ပိုင်းတွင် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လာမည့်နှစ်တွင်မူ ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ၊ ၂၀၂၀ အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် အကြိမ် (၃၀) မြောက် ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရမည် ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၁ အသင်းတွင် ယခုနှစ်အတွင်း ယှဉ်ပြိုင်ခဲ့သည့် ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲနှင့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲဝင် အသင်းမှ ကစားသမားများမှာ (က) အသင်းတွင် ပါဝင်လာပြီး (ခ) အသင်းမှ ကစားသမားများမှာမူ လူငယ်လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြနိုင်သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ပါဝင်နေသည့် ကစားသမားများမှာမူ ဆူဇူကီးဖလားပြိုင်ပွဲ ပြီးဆုံးမှသာ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၁ (က) အသင်းတွင် **ဂိုး**-ဆန်းဆက်နိုင် (ရန်ကုန်)၊ စိုးအာကာ (ရခိုင်)၊ ဘုန်းသစ္စာမင်း (ရှမ်း)၊ **နောက်တန်း**-ကျော်သက်ဦး၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး (ရတနာပုံ)၊ ဇင်ရဲနောင်၊ စိုးမိုးကျော်၊ သန်းထိုက်ဇင် (အား/ကာသိပ္ပံ)၊ သက်ပိုင်ထွေး၊ ဖွဲ့ထက်မင်း (ရှမ်း)၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း (မကွေး)၊ သူရိန်စိုး (ရန်ကုန်)၊ **အလယ်တန်း**-အောင်နိုင်ဝင်း၊ မြတ်ကောင်းခန့်၊ ပြည့်စုံနိုင် (ရတနာပုံ)၊ ဇေယျာနိုင်၊ စိုးလွင်လွင်၊ မြတ်ထွန်းသစ် (မကွေး)၊ နန်းထိုက်ဇင်၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ ဖွဲ့သက်ပိုင် (ရှမ်း)၊ ဟိန်းထက်အောင် (ဟံသာဝတီ)၊ **ရှေ့တန်း**-ဝင်းနိုင်ထွန်း (ရတနာပုံ)၊ စအောင်ပြည့်ကို (ရှမ်း)၊ ဇင်မင်းထွန်း (မကွေး)၊ ချမ်းငြိမ်း (Southern)၊ ထက်အာကာလင်း (အား/ကာသိပ္ပံ)တို့ ရွေးချယ်ခံထားရသည်။ မြန်မာ ယူ-၂၁ (ခ) အသင်းတွင်မူ **ဂိုး**-စိုင်းသီဟ (ရှမ်း)၊ အောင်မျိုးထွေး (မြဝတီ)၊ **နောက်တန်း**- ကျော်မျိုးနိုင် (အား/ကာသိပ္ပံ)၊ စိုးကိုကို (ရောဝတီ)၊ ဖွဲ့ခန့်မင်း (ရှမ်း)၊ ထူးခန့်လင်း (ရန်ကုန်)၊ ကျော်ဖြိုးဝေ၊ အံ့မော်ဦး (ရတနာပုံ)၊ **အလယ်တန်း**- သက်အောင် (ဟံသာဝတီ)၊ နေသူရိန်အောင်၊ ကောင်းချစ်နိုင် (ရခိုင်)၊ မင်းကိုကို (မကွေး)၊ ဇော်ဝင်းနိုင်၊ အောင်ချမ်းငြိမ်း(Southern)၊ ကျော်ဇေယျ (စစ်ကိုင်း)၊ အာကာ (ရတနာပုံ)၊ ဇော်မွန်အောင် (အား/ ကာသိပ္ပံ)၊ **ရှေ့တန်း**- လွှမ်းမိုးဦး (ရန်ကုန်)၊ ရဲနိုင်ဦး (မကွေး)၊ သန့်ဇင်မြင့် (အား/ကာသိပ္ပံ) တို့ပါဝင်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



မြန်မာယူ-၂၁(က)အသင်းတွင် ရွေးချယ်ခံရသည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်း

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း အောက်တိုဘာ ၈ ရက် စတင်လေ့ကျင့်မည်

**ရန်ကုန် အောက်တိုဘာ ၂**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရခဲ့သည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အောက်တိုဘာ ၈ ရက်တွင် စခန်းဝင်လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ပြီးနောက်ပိုင်း လေ့ကျင့်မှုရပ်နားထားပြီး ကစားသမား ၃၀ ဝန်းကျင်ဖြင့် စတင်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ပထမအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်ခဲ့သည့် ကစားသမား ၂၀ ကို အမာခံထားကာ ကစားသမားသစ်အချို့ အားဖြည့်မည်ဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲတွင် ခြေစွမ်းပိုကောင်းသည့် အသင်းများနှင့် ကစားရမည်ဖြစ်သောကြောင့် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ဆက်လက်ကိုင်တွယ်မည် ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းမှ ကစားသမားသုံးဦးမှာ ယူ-၁၉ အမျိုးသမီး အသင်းတွင် ရွေးချယ်ခံထားရသောကြောင့် နိုဝင်ဘာမှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည် ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်မီ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များနှင့် နိုင်ငံတကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

မြန်မာအသင်း ယှဉ်ပြိုင်ခွင့်ရထားသည့် ခြေစစ်ပွဲဒုတိယအဆင့်ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပထမအဆင့် ခြေစစ်ပွဲမှ တက်ရောက်လာသည့် မြန်မာ အပါအဝင် တရုတ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ လာအို၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲပထမအဆင့်တွင် အုပ်စု (င) ၌ ပါဝင်ခဲ့ပြီး မလေးရှားအသင်းကို သုံးဂိုး- ဂိုးမရှိ၊ နီပေါအသင်းကို ၁၁ ဂိုး- တစ်ဂိုး၊ ဖိလစ်ပိုင်အသင်းကို ငါးဂိုး- တစ်ဂိုးဖြင့် အနိုင်ရကာ သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရကာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

မြန်မာ့ဘောလုံး တိုးတက်အောင်မြင်ဖို့ ငွေအား၊ လူအားစိုက်ထုတ်ပြီးလုပ်ဆောင်နေပါတယ်။ ဘယ်လ်ဂျီယံနဲ့ ဩစတြေးလျမှာ ဆောင်ရွက်ခဲ့ဖူးတဲ့ အဲရစ်အာဗရန်ကို ခန့်အပ်နိုင်ခဲ့တဲ့အတွက် မြန်မာ့ဘောလုံးလောကအတွက် ကြီးမားတဲ့ အပြောင်းအလဲတစ်ခု လုပ်နိုင်မယ်လို့ ထင်ပါတယ်။ သူ့အနေနဲ့ ဘယ်လ်ဂျီယံနိုင်ငံရဲ့ ရွှေရောင်မျိုးဆက်တွေကို ပြုစုပျိုးထောင်ပေးနိုင်ခဲ့သလို ဩစတြေးလျ ဘောလုံးအဖွဲ့ချုပ်မှာ လုပ်ဆောင်ရာမှာလည်း အောင်မြင်ခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ စဉ်ဆက်မပြတ် အောင်မြင်မှုလိုချင်တာဖြစ်ပြီး ကျွန်တော်တို့လုပ်ချင်တာတွေ၊ သူလုပ်ဆောင်မယ့် စီမံကိန်းတွေကို ညှိနှိုင်းလုပ်ဆောင်မှာပါ။ သူလုပ်ခဲ့တဲ့ အတွေ့အကြုံတွေကို ရယူမှာဖြစ်ပေမယ့် မိတ္တူကူးယူမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ စိတ်ရှည်ရမှာဖြစ်သလို လမ်းကြောင်းမှန်ပေါ်ရောက်ဖို့လည်း လိုအပ်ပါတယ်။ သုံးနှစ်စာချုပ်ချုပ်ဆိုထားပြီး သူ့ရဲ့လုပ်ဆောင်မှုတွေကိုကြည့်ပြီး သက်တမ်းတိုးမှာပါ။ သူ့အနေနဲ့ လက်ရွေးစင်အမျိုးသားနဲ့ အမျိုးသမီးအသင်းကို အကြံပေးမှာ ဖြစ်ပြီး အကယ်ဒမီကနေ ယူ-၂၂ လက်ရွေးစင် အသင်းထိ တာဝန်ယူဆောင်ရွက်ရမှာဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

နည်းစနစ်ဒါရိုက်တာ အဲရစ်အာဗရန်က “ကျွန်တော့်အနေနဲ့ မြန်မာ့ဘောလုံးအကြောင်းကို အရင်ကတည်းက သိထားပြီး ဩစတြေးလျမှာ အလုပ်လုပ်စဉ်ကတည်းက ယူ -၂၃၊ ယူ-၂၀ အသင်းတို့နဲ့ မြန်မာနိုင်ငံကို လိုက်ပါဖူးပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းမှုကို ရပြီးတဲ့အချိန်မှာ တွဲဖက်အတွင်းရေးမှူး ဦးတင်မြင့်အောင်နဲ့ စတင်စကားပြောဖြစ်ခဲ့ပါတယ်။ ပြီးတော့ တာဝန်ရှိသူတွေနဲ့ ထပ်မံဆွေးနွေးခဲ့ပါတယ်။ ဥက္ကဋ္ဌ ဦးဇော်ဇော်နဲ့လည်း တွေ့ဆုံပြီးသွားပါပြီ။ ကျွန်တော့်မှာရှိတဲ့ အတွေ့အကြုံတွေနဲ့ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာပါ။ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကမ်းလှမ်းတဲ့အချိန်မှာ ဩစတြေးလျ ဘောလုံးအဖွဲ့ချုပ်နဲ့ စာချုပ်သက်တမ်းရှိပေမယ့် သူတို့မှာ ငွေကြေးအခက်အခဲ ရှိတာကြောင့် နုတ်ထွက်ပြီးပြောင်းခဲ့တာပါ။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရဲ့ ကမ်းလှမ်းမှုကို လက်ခံဖြစ်ခဲ့တာက မြန်မာနိုင်ငံသူ နိုင်ငံသားတွေက ဘောလုံးကို ချစ်မြတ်နိုးပြီး ဘောလုံးသမားတွေကလည်း အခြေခံကောင်းတဲ့သူတွေ ရှိပါတယ်။ ကျွန်တော့်အနေနဲ့ လက်ရွေးစင်အသင်းရဲ့ လေ့ကျင့်မှုတွေကို လေ့လာပြီးပါပြီ။ ကျန်ရှိတဲ့ လူငယ်လက်ရွေးစင်အသင်းတွေ၊ အကယ်ဒမီတွေကိုလည်း သွားရောက်ကြည့်ရှုမှာပါ။ ကျွန်တော့်အနေနဲ့ အခုဘာလုပ်မလဲဆိုတာ ပြောဖို့စောပါသေးတယ်။ သုံးပတ်လောက် လေ့လာပြီးမှ ဘာလုပ်မယ်၊ ဘယ်လို အစီအစဉ်နဲ့ သွားမလဲဆိုတာ တင်ပြသွားမှာပါ။ ကစားသမားတွေ ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပြတွေရဲ့ အရည်အချင်းတိုးတက်လာဖို့ ဆောင်ရွက်မှာပါ ”ဟု ပြောကြားခဲ့သည်။

အဲရစ်အာဗရန်သည် ဘယ်လ်ဂျီယံဘောလုံးအဖွဲ့ချုပ်တွင် ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး ဟာဇက်၊ ဒီဘရိုင်းနား၊ လူကာကူစသည့် ကစားသမားကောင်းများကို လေ့ကျင့်ပေးခဲ့သူဖြစ်သည်။ ထို့ပြင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ ဩစတြေးလျဘောလုံးအဖွဲ့ချုပ်တွင် နည်းစနစ် ဒါရိုက်တာအဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ညီမြတ်သော်တာ**

# ဘတ်စကက်ဘောနည်းစနစ်သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၂**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကျင်းပသည့် ဘတ်စကက်ဘောနည်းပြ ဆရာသင်တန်းဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကျိုက္ကဆံဘတ်စကက်ဘော လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က အမှာစကားပြောကြားပြီး အီတလီနိုင်ငံမှ သင်တန်းနည်းပြ Mr. Gabriele Cencioni က သင်တန်းဖွင့်လှစ် သင်ကြားပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

“ပြိုင်ပွဲတွေမှာ အသင်းတွေကို တာဝန်ယူကြတဲ့နည်းပြ၊ အုပ်ချုပ်သူတွေအနေနဲ့ ပြောင်းလဲတဲ့ ဥပဒေတွေ သိရှိစေဖို့နဲ့ ခေတ်နဲ့အညီ တိုးတက်နေတဲ့ နည်းစနစ်၊ နည်းဗျူဟာတွေကို သိရှိမှသာ ထူးချွန်သော မျိုးဆက်သစ်လူငယ်မောင်မယ်တွေ မွေးထုတ်ပေးနိုင်ရေးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်” ဟု ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်မြင့်က ပြောသည်။ သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကလပ်အသင်းများ၊ ဝါသနာရှင်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး အောက်တိုဘာ ၅ ရက်အထိ သင်ကြားပေးသွားမည် ဖြစ်သည်။ **အေကေလင်း**



ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဆပ်ကော်မတီက ကျင်းပသော အမျိုးသမီးဆပ်ကော်မတီဥက္ကဋ္ဌဖလား လေးခရိုင်အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်က သဃ်ာန်းကျွန်းမြို့နယ် အမျိုးသားအားကစားရုံ(၁)သုဝဏ္ဏ၌ ကျင်းပခဲ့ရာ အကြီးတန်းကိုးယောက်တွဲပြိုင်ပွဲတွင် ငွေတစ်ခု၊ Myanmar Fitness Dance တွင် ရွှေတစ်ခု၊ တစ်ဦးချင်းစိတ်ကြိုက်တွင် ရွှေတစ်ခုရရှိသောမြောက်ပိုင်းခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မာလာဝင်း တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

ဗလစိုး

# ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှုဖြစ်ပွား၊ ၁၄ ဦး သေဆုံးပြီး ၄၃ ဦး ဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၂**
ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ ဥတ္တရသီရိမြို့နယ် ပန်းတင်အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် ၂၂၉/၂ နှင့် ၂၂၉/၃ အကြားတွင် အောက်တိုဘာ ၁ ရက် ည ၁၁ နာရီ မိနစ် ၂၀ ခန့်က မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းကျော်ငြိမ်းလှိုင် မောင်းနှင်လာသော အရိန္ဒမာ Express ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ ရှေ့ကွန်ကရစ်လမ်းစပ်၌ စက်ချွတ်ယွင်း၍ အချက်ပြမီးဖွင့်ကာရပ်ထားသည့် ယာဉ်မောင်းမောင်လွင် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသော ကျေးဇူးရှင် Express ဘုရားဖူးယာဉ်၏ ဝဲဘက်အနောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့၍ အရိန္ဒမာ Express ယာဉ်မောင်း ကျော်ငြိမ်းလှိုင်မှာ အခင်းဖြစ်ပွားရာနေရာမှ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ကျေးဇူးရှင် Express ယာဉ်ပေါ်ပါရှိသူများအနက် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၃ ဦး သေဆုံးခဲ့ပြီး သံဃာတစ်ပါး၊ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၃၉ ဦး ဒဏ်ရာရရှိခဲ့သည်။

အရိန္ဒမာ Express ယာဉ်ပေါ်ပါရှိသူများအနက် အမျိုးသမီးတစ်ဦး သေဆုံးပြီး အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်းလေးဦး ဒဏ်ရာရရှိခဲ့သည်။



သို့ပါ၍ ဖြစ်စဉ်ကြောင့် အမျိုးသားခုနစ်ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ၁၄ ဦးသေဆုံးကာ အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၂၈ ဦးနှင့် သံဃာတော်တစ်ပါးဒဏ်ရာရရှိ၍ စုစုပေါင်း ၄၃ ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်ကြောင့် အရိန္ဒမာExpress ယာဉ်မှာ ခန့်မှန်းတန်ဖိုးငွေကျပ်သိန်း ၂၀ ခန့်ပျက်စီးသွားပြီး ကျေးဇူးရှင် Express ယာဉ်မှာ ငွေကျပ် ၂၅ သိန်းဖိုးခန့် ပျက်စီးသွားခဲ့သည်။ ဖြစ်စဉ်တွင် သေဆုံးသူ ရုပ်အလောင်းများနှင့် ဒဏ်ရာရှိသူများကို တပ်ဖွဲ့ပိုင်မော်တော်ယာဉ်များဖြင့် နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

သို့ပါ၍ ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ အရိန္ဒမာ Express ယာဉ်မောင်း ကျော်ငြိမ်းလှိုင်အပေါ် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

**ဓာတ်ပုံ- အမြန်လမ်းရဲတပ်ဖွဲ့**

## မြန်မာ့ရုပ်မြင်သံကြား

၃ . ၁၀ . ၂၀၁၈(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆ း ၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇ း၀၀ ) | - | Breakfast News |
| ၇ း၃၅ | - | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာစကားဝိုင်း |
| ၈ း ၃၅ | - | စီးပွားရေးစကားဝိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ (အပိုင်း- ၂) |
| ၁၁ း ၃၅ | - | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၃ း ၃၀ | - | နိုင်ငံခြား ဇာတ်လမ်းတွဲ မင်္ဂလာပါချောင်အန်း (အပိုင်း- ၃) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆ း ၂၀ | - | ၂၀၁၉ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ် ဆိုင်ရာ သိမှတ်ဖွယ်ရာများ (သင်္ချာဘာသာရပ်) |
| ၁၆ း ၄၀ | - | "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန် အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၇၈) |
| ၁၉ း ၁၅ | - | မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း- ၃) |
| ၂၀ း ၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀ း ၃၅ | - | " Badminton Asia U-17 & U-15 Junior Championship 2018 ပြိုင်ပွဲအစီအစဉ်" |
| | - | "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း" (အပိုင်း- ၁၁)"Online ပေါ်မှာချေ့ကြကွယ်" မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန် (ဒါရိုက်တာ- ရှင်ဒေဝီ) |
| | - | ဂီတသမား၊ ဂီတစကား "သဝန်ကြောင်သီချင်း(၂) ပုဒ်" ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင် |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း- ၂၇) |

## ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသွားသည့် ထောင်ပြေးတစ်ဦး ထပ်မံဖမ်းဆီးရမိ

**ဘားအံ အောက်တိုဘာ ၂**
ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံအကျဉ်းထောင်မှ ထွက်ပြေး လွတ်မြောက်သွားသော အကျဉ်းသားများအနက် မူးယစ်ဆေးဝါးနှင့် လက်နက်ခဲယမ်းများနှင့် ဖမ်းဆီးရမိ၍ ဘားအံခရိုင်တရားရုံးတွင် မူး/စိတ်ပုဒ်မ ၁၆(ဂ)၂၂(ခ)ဖြင့် တရားရုံး စစ်ဆေးဆဲဖြစ်သော စောပလေ့၊ အသက် (၅၀ နှစ်)၊( ထောင်ဝင်အမှတ် ဘအ/ ၁၈/ ၀၀၃၆၂/ချုပ်) ကို အောက်တိုဘာ ၂ ရက်နံနက်ပိုင်းက ဘားအံမြို့နယ် ကော့ကဒါကျေးရွာအုပ်စု ကော့ကမာကျေးရွာတွင် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



အောက်တိုဘာ ၁ ရက် ည ၁၀ နာရီခန့်တွင် ဘားအံမြို့နယ် ကော့ကမာကျေးရွာသို့ ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသည့် ထောင်ပြေးဖြစ်သူ စောပလေ့ ရောက်ရှိလာကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အိန္ဒြနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းအောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကော့ကဒါကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအုန်းမောင်နှင့် ကျေးရွာပြည်သူ့စစ်အဖွဲ့မှ ဦးလှထွန်းတို့အဖွဲ့နှင့်အတူ သွားရောက်၍ ထောင်ပြေးစောပလေ့အား ဖမ်းဆီးရမိရေး ၎င်း၏နေအိမ်ပတ်ဝန်းကျင်အား စနစ်တကျ ပိတ်ဆို့စောင့်ဆိုင်းပြီး စက်တင်ဘာ ၂ ရက် နံနက် ၂ နာရီခွဲ နေအိမ်ကို ဝင်ရောက်စီးနင်းဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် ဘားအံအကျဉ်းထောင်မှ ထွက်ပြေးသည့် အကျဉ်းသား ၄၂ ဦးအနက် ၂၆ ဦးကို ပြန်လည်ဖမ်းဆီးရမိသဖြင့် ထွက်ပြေး လွတ်မြောက်နေဆဲဖြစ်သောအကျဉ်းသား ၁၆ ဦးကို ဖမ်းဆီးရမိရေးအတွက် ကရင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးဦးစီး၍ နယ်မြေခံတပ်မတော်သားများ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းသူ(ဘားအံ)**

## ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် အထောက်အထားမဲ့ ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း/တင်ပို့သောပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၆၁၁ သန်းခန့်၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှုခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒမသ ၅၁၀ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၁၂၁ သန်းခန့် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၃၀ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်သုံးစီးနှင့် Toyota Liteace ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်ဆက်စပ်ပစ္စည်းသုံးမျိုး၊ အိမ်ဆောက်ပစ္စည်းခြောက်မျိုး၊ ခရီးဆောင်အိတ် ၁၇အိတ်၊ အမဲဆီခြောက်ဖာနှင့် စားသောက်ကုန်ပစ္စည်းသုံးမျိုး၊ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၆၁၁ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာစည်မြို့ပေါ်ရပ်ကွက်၌ လုယက်မှုကျူးလွန်သူအား ပြစ်ဒဏ်ချမှတ်

**သာစည် အောက်တိုဘာ ၂**
သာစည်မြို့နယ် အမှတ်(၆)ရပ်ကွက်နေ မချောစုဆန်းသည် ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၅)ရပ်ကွက်၊ မြို့မကျောင်းသို့ ၎င်း၏ကလေးအား ကျောင်းကြိုပြီးအပြန် စမ်းရေတည်းခိုခန်းအကွေ့နားတွင် အမည်မသိ အမျိုးသားတစ်ဦး လိုက်လာသည်ကိုတွေ့ရှိရပြီး နေအိမ်သို့ဆက်လက်ပြန်လာရာ သာစည်- မြင်းခြံသွားရထားသံလမ်း အနီးအရောက် အဆိုပါ လိုက်ပါလာသည့် အမျိုးသားတစ်ဦးက မချောစုဆန်း၏ လည်ပင်းတွင်ဆွဲထားသော ရွှေဆွဲကြိုးကို ရုတ်တရက်ဖြုတ်ယူ၍ ထွက်ပြေးသွားသောကြောင့် အော်ဟစ်အကူအညီတောင်းခံခဲ့ရာ အနီးရှိသူများက ဝိုင်းဝန်းဖမ်းဆီးခဲ့ရပြီး ၎င်းမှာ မြစ်ကြီးနားမြို့အနောက် အလယ်ကုန်းရွာနေ သူရမျိုးထွဋ်ဆိုသူ ဖြစ်ကြောင်း သိရှိသဖြင့် အရေးယူပေးပါရန် သာစည်မြို့မရဲစခန်းသို့ တိုင်ကြားရာ သာစည်မြို့မရဲစခန်း၏ (ပ)၁၈၉/ ၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၈၂ ဖြင့် မချောစုဆန်းက တရားလိုပြုလုပ်၍ သာစည်မြို့နယ်တရားရုံးသို့ စက်တင်ဘာ ၁၃ ရက်တွင် တရားစွဲဆိုတင်ပို့ခဲ့သည်။

သာစည်မြို့နယ် တရားရုံးမှ ရာဇဝတ်ကြီးမှုအမှတ် ၄၀၁/ ၂၀၁၈ ဖြင့် လက်ခံစစ်ဆေးပြီးနောက် တရားခံမှာ ပြစ်မှုကျူးလွန်ကြောင်းထင်ရှား၍ ရာဇသတ်ကြီး ပုဒ်မ ၃၈၂ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ခုနစ်နှစ်ကျခံစေရန် ယမန်နေ့က မြို့နယ်တရားသူကြီးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သုံးခွမြို့နယ် သမစိတ္တကျေးရွာ မုတ္တမပင်လယ်ကွေ့တွင် သောင်တင်နေသော သင်္ဘောပဲ့ပိုင်းတစ်ခုလုံး နစ်မြုပ်

**သုံးခွ အောက်တိုဘာ ၂**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မုတ္တမပင်လယ်ကွေ့ သမစိတ္တကျေးရွာ ပင်လယ်ကမ်းစပ်မှ ရေမိုင် ၇ မိုင်အကွာတွင် သောင်တင်နေသည့် အလျား ၁၇၇ ဒသမ ၃၅ မီတာ အနံ ၂၇ ဒသမ ၉၁ မီတာ၊ အလေးချိန် ၂၆၅၁၀ တန်ရှိ SAM RATULANGI -1600 အမည်ပါ ကုန်တင်သင်္ဘောမှာ ပင်လယ်ဒီရေအတက်နှင့် လေဖိအားကြောင့် ဦးပိုင်းတစ်ခုလုံး သောင်ပေါ်သို့ ရှေ့တိုးတင်သွားခဲ့ပြီး သင်္ဘောအတွင်း စိမ့်ဝင်နေသော ရေများမှာ သင်္ဘော၏ ပဲ့ပိုင်းသို့ရောက်ရှိသွားကာ သင်္ဘောပဲ့ပိုင်းတစ်ခုလုံး အောက်တိုဘာ ၁ ရက် ညနေ ၅ နာရီခွဲတွင် နစ်မြုပ်သွားကြောင်း သိရှိရသည်။

သင်္ဘောကြီးပေါ်တွင် အနီးကပ်စောင့်ကြပ်ကြည့်ရှုနေသော ဦးသူရရှိန်နှင့် ဦးချစ်ကို တို့နှစ်ဦးမှာ ပျံလွှားမောင်ချွန်းသင်္ဘောပေါ်ရှိ ဦးရဲမြင့်ပါ ငါးဦးနှင့်အတူ ဆက်လက်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



## ဒဂုံဆိပ်ကမ်း၌ ယာဉ်နှင့်ဆိုင်ကယ်တိုက် ဆိုင်ကယ်စီးသူနှစ်ဦး သေဆုံး

**ရန်ကုန် အောက်တိုဘာ ၂**
ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၆၇) ရပ်ကွက်၌ စက်တင်ဘာ ၃၀ ရက် ညနေ ၅ နာရီက ရတနာလမ်းအတိုင်းမြောက်မှတောင်သို့ (ဒဂုံဆိပ်ကမ်းဘက်မှ သာကေတဘက်သို့) မာစတာ ၁၂၅ ဆိုင်ကယ်ကို ဇော်ထွေး (၃၈ နှစ် ) မောင်းနှင်ပြီး နောက်မှထိုင်စီးလာသော ဦးမျိုးတင်အောင် (၆၀ နှစ်)တို့သည် ရတနာနှင်းဆီအိမ်ရာ ရှေ့အရောက် ဝဲဘက်သို့ ချိုးကွေ့စဉ် မျက်နှာချင်းဆိုင်ဘက်မှ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော 2N-----ဟွန်ဒိုင်း YBS-80 ယာဉ်နှင့် တိုက်မိသဖြင့် ဆိုင်ကယ်ပေါ်ပါနှစ်ဦးမှာ ဒဏ်ရာများ ပြင်းထန်စွာရရှိကာ သဃ်န်းကျွန်းစံပြဆေးရုံကြီးသို့ ကုသစဉ်သေဆုံးသွားကြောင်း သိရသည်။

ယာဉ်အားမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း(စုံစမ်းဆဲ)မှာ အခင်းဖြစ်နေရာတွင် ယာဉ်အားထားကာ ထွက်ပြေးရှောင်တိမ်းသွားသောကြောင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲတပ်ဖွဲ့စခန်းမှ ယာဉ်မောင်းအားဖမ်းဆီးရမိရေးအတွက် အရေးယူ စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

# ဘုရားကျောင်းအတွင်းမှ ကျောင်းသားများ၏ အလောင်းများကို ကယ်ဆယ်ရေးသမားများ တွေ့ရှိ

ဂျကာတာ စက်တင်ဘာ ၂

**ဆူလာဝေစီပြည်နယ် အပျက်အစီးမြေပုံများအောက်မှ ကျောင်းသား ၃၄ ဦး၏ ရုပ်အလောင်းများကို ရှာဖွေနိုင်ခဲ့ခြင်းအပါအဝင် အင်ဒိုနီးရှားငလျင်နှင့် ဆူနာမီရိုက်ခတ်မှုကြောင့် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၁၂၃၄ ဦးအထိ ရှိလာခဲ့ကြောင်း အာဏာပိုင်များက အင်္ဂါနေ့တွင်ပြောသည်။ အပြည်ပြည်ဆိုင်ရာမှ အကူအညီပေးမှုများဖြင့် အင်ဒိုနီးရှားငလျင်နှင့် ဆူနာမီဒဏ်ခံ ပြည်သူများကို သက်သာမှုရရှိစေရေး ကူညီပေးလျက်ရှိသည်။**



အသက်ရှင် ကျန်ရစ်သူများမှာ သန့်ရှင်းသောရေနှင့် အစားအစာများ ပြတ်တောက်မှုကို ခံစားနေရပြီး၊ ပြည်နယ်အတွင်းဆေးရုံများမှာလည်း ဒဏ်ရာရရှိသူလူများနှင့် ပြည့်နေသည်။

သမ္မတနှင့် အစိုးရအဖွဲ့ဝင်များ ငလျင်လှုပ်ခတ်ရာနေရာကို လာရောက်ကြသော်လည်း အမှန်တကယ် လိုအပ်နေသည်များမှာ ရေနှင့် အစားအစာပင်ဖြစ်ကြောင်း အသက် ၄၈ နှစ်အရွယ် ဘူဟာနူဒင် အေ့ဒ်မက်ဆီက အေအက်ဖ်ပီသို့ ပြောသည်။

ဆက်သွယ်ရေးများ ပြတ်တောက်မှု၊ စက်ကြီးများ ချွတ်ယွင်းမှုတို့ကြောင့် ကယ်ဆယ်ရေး လုပ်ဆောင်ရာတွင် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ဆူလာဝေစီပြည်နယ်ရှိ ချာ့ချ်ကျောင်းသည်လည်း မြေပြိုရာတွင် ပါသွားခဲ့ပြီး ကြက်ခြေနီအဖွဲ့မှ ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိသည်။

အလောင်း ၃၄ လောင်း ရှာဖွေတွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ပြောရေးဆိုခွင့်ရှိသူ အူလာ အာရီရာနီက ပြောသည်။

ဂျိုနိုဂီ ချာ့ချ်ကျောင်းတွင် ကျောင်းသား ၈၆ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။ ရွှံ့နွံများအောက်မှ လူများကို ဆွဲထုတ်ရန် ကယ်ဆယ်ရေးသမားများသည် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရကြောင်း အူလာကပြောသည်။

အလောင်းများကိုသယ်ပြီး လူနာတင်ယာဉ်ဆီသို့ရောက်ရန် တစ်နာရီခွဲခန့် နီးပါးရွှံ့နွံများအကြား ဖြတ်လျှောက်ရကြောင်း၊ ယင်းပြဿနာမှာ အဆိုးရွားဆုံးပင်ဖြစ်ကြောင်းပြောသည်။

**အေအက်ဖ်ပီ**

## ဥရောပသမဂ္ဂယာဉ်တန်းကို ပစ်မှတ်ထားတိုက်ခိုက်၍ နှစ်ဦးထက်မနည်း သေဆုံး

**မိုဂါဒစ်ရှူး အောက်တိုဘာ ၂**

ဆိုမာလီနိုင်ငံ၏ မြို့တော် မိုဂါဒစ်ရှူးတွင် ဥရောပသမဂ္ဂယာဉ်တန်းကို ပစ်မှတ်ထား၍ အသေခံကားဗုံးခွဲ တိုက်ခိုက်မှုတစ်ခု ပြုလုပ်ခဲ့ရာ အနည်းဆုံး နှစ်ဦးသေဆုံးခဲ့ပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အာမင်လူနာတင်ယာဉ်များအဖွဲ့ ညွှန်ကြားရေးမှူး အက်ဒီကာဒါ အက်ဒီရာမန်က အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များသည် သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရရှိသူ လေးဦးကို သယ်ယူပို့ဆောင်ခဲ့ကြောင်း ဆင်ဟွာသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။အီတလီတပ်ဖွဲ့ဝင်များ ပါဝင်သည့် အဆိုပါ ယာဉ်တန်းသည် ဆိုမာလီကာကွယ်ရေးဝန်ကြီးဌာနအနီး ဖြတ်သန်းသွားစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် အီတလီတပ်ဖွဲ့ဝင်များ သေဆုံး၊ ဒဏ်ရာရရှိခြင်း မရှိခဲ့ကြောင်း ရဲဘက်ဆိုင်ရာ သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတွင် မီးခိုးများ တလိမ့်လိမ့်တက်လာသည်ကို မြင်တွေ့ခဲ့ရသည် ဟု မျက်မြင်သက်သေများက ပြောကြားခဲ့သည်။

"မီးခိုးလုံးက အလွန်ကြီးတယ်၊ နိုင်ငံခြားတပ်ဖွဲ့ဝင်တွေကို ပစ်မှတ်ထားတိုက်ခိုက်တယ်လို့ သိရတယ်။ ဆိုမာလီတပ်ဖွဲ့ဝင်တွေဟာ အခင်းဖြစ်တဲ့နေရာကို ရောက်လာကြပြီး နယ်မြေရှင်းလင်းမှုတွေကို လုပ်ဆောင်ခဲ့တယ်" ဟု မျက်မြင်သက်သေတစ်ဦးဖြစ်သူ ဒူနီယို အာလီက ဆင်ဟွာသို့ ပြောကြားခဲ့သည်။ အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့သည် အဆိုပါတိုက်ခိုက်မှုတွင် တာဝန်ရှိကြောင်း ပြောဆိုနေကြသည်။ ဆိုမာလီရှိ ဥရောပသမဂ္ဂလေ့ကျင့်ရေး အစီအစဉ်တွင် ပါဝင်နေသော အီတလီ စစ်ဘက်ဆိုင်ရာ အကြံပေးများနှင့် သင်တန်းသားများကို သယ်ဆောင်လာသော အဆိုပါယာဉ်တန်းကို အသေခံ ဗုံးခွဲတိုက်ခိုက်သည့်ကားက ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ၂၀၁၈ ခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နှင့် ဂျပန်သိပ္ပံပညာရှင် နှစ်ဦး ပူးတွဲဆွတ်ခူး

**စတော့ဟုမ်း အောက်တိုဘာ ၂**

၂၀၁၈ ခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို သိပ္ပံပညာရှင်နှစ်ဦး ပူးတွဲဆွတ်ခူးသွားကြောင်း နိုဗယ်ဆုရွေးချယ်ရေး ကော်မတီက စက်တင်ဘာ ၁ ရက် နှောင်းပိုင်းတွင် ကြေညာခဲ့သည်။

ကာရိုလင်စကာ အင်စတီကျူရှိ နိုဘယ်ဆုရွေးချယ်ရေး ညီလာခံက ၂၀၁၈ ခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို ဂျိမ်းပီအဲလီဆင် (အမေရိကန်)နှင့် တာဆူကုဟွန်ဂျို (ဂျပန်)တို့ကို ပူးတွဲချီးမြှင့်လိုက်ကြောင်း ကြေညာခဲ့သည်။ ၎င်းတို့နှစ်ဦးသည် အန္တရာယ်ဖြစ်စေသော ကိုယ်ခံအားလည်ပတ်မှုကို တားမြစ်သည့် ကင်ဆာကုထုံးသစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ယခုကဲ့သို့ နိုဘယ်ဆု ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။

ယခုနှစ် ဇီဝကမ္မဗေဒ သို့မဟုတ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ခံရသည့် ပညာရှင်များသည် အန္တရာယ်ဖြစ်စေသော ကိုယ်ခံအားလည်ပတ်မှုကို ကန့်သတ်ထိန်းချုပ်နိုင်သည့် ကွဲပြားသော နည်းဗျူဟာများကို ကင်ဆာရောဂါကုသရာတွင် အသုံးပြုနိုင်ကြောင်း ပြသနိုင်ခဲ့ကြသည်။ ၎င်းတို့၏ ရှာဖွေတွေ့ရှိမှုသည် ကင်ဆာရောဂါကို ကုသရာတွင် ကြီးမားသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း ကော်မတီက ပြောခဲ့သည်။

နိုဘယ်ဆုရွေးချယ်ရေးကော်မတီဝင်တစ်ဦးဖြစ်သည့် အက်ဝက် စမစ်က ယခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုကို ကင်ဆာရောဂါကုသမှုအတွက် ဆန်းသစ်သော နည်းလမ်းများ ရှာဖွေတွေ့ရှိခဲ့သူများကို ချီးမြှင့်ခဲ့ကြောင်း၊ ယခင်က တွေ့ရှိခဲ့မှုများအားလုံးသည် ဆဲလ်များကြီးထွားလာသည့် အကျိတ်အလုံးများကို မည်သို့မည်ပုံကုသနိုင်မည်ဆိုသည့် နည်းလမ်းများဖြစ်ပြီး ယခုအခါ တွေ့ရှိမှုကတော့ ယခင်တွေ့ရှိမှုကဲ့သို့ မဟုတ်ဘဲ ခုခံအားစနစ်ကို ကုသနိုင်သည့် နည်းလမ်းများဖြစ်ကြောင်း ၎င်းကပြောခဲ့သည်။




ကင်ဆာရောဂါသည် နှစ်စဉ်နှစ်တိုင်း လူသန်းနှင့်ချီသေဆုံးနေသော လူ့ဘောင်လောကကြီးအတွက် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုကြီးတစ်ခုဖြစ်သည်။ ကင်ဆာရောဂါကုသရာတွင် ကင်ဆာဆဲလ်များကို ခုခံတိုက်ခိုက်နိုင်စွမ်းရှိသည့် ခုခံအားစနစ်ကို ယခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုရှင်များက ရှာဖွေဖော်ထုတ်နိုင်ခဲ့ပြီး ဆေးပညာလောကကို တစ်ခေတ်ဆန်းစေခဲ့ကြောင်း နိုဘယ်ဆု ရွေးချယ်ရေး ညီလာခံက ကြေညာခဲ့သည်။

ယခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်ဆုသည် ဆွီဒင်ခရိုနာ ၉ သန်း (အမေရိကန်ဒေါ်လာ တစ်သန်း) ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားကားထုတ်လုပ်သူများ၏ ကမ္ဘာ့ကားအရောင်းဈေးကွက်ကျဆင်း

**ဆိုးလ် အောက်တိုဘာ ၂**

တောင်ကိုရီးယားကားထုတ်လုပ်သူများ၏ ကမ္ဘာ့ကားအရောင်းဈေးကွက်မှာ လွန်ခဲ့သောလက ကျဆင်းခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သော ကားထုတ်လုပ်ရေးစက်ရုံများ၏ အချက်အလက်များအရ သိရသည်။



ဟွန်ဒိုင်း၊ ကီယာ၊ ဂျီအမ်ကိုရီးယား၊ ရီနော့ဆမ်ဆောင်းနှင့် ဆမ်ယောင်းအပါအဝင် တောင်ကိုရီးယား ကားထုတ်လုပ်ရေးစက်ရုံငါးခု၏ ကမ္ဘာ့ကားအရောင်းဈေးကွက်မှာ ၈ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ပြည်တွင်းကားအရောင်းဈေးကွက်မှာလည်း ထိုးကျလာခဲ့ကြောင်း၊ ထို့အတူ ပြည်ပသို့ ကားတင်ပို့မှုများမှာလည်း ကျဆင်းလာခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၏ နံပါတ် ၁ ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ဟွန်ဒိုင်းသည် ပြည်တွင်းနှင့် ပြည်ပသို့ ကားအစီးရေ ၃၈၄၈၃၃ စီး ရောင်းချခဲ့ကြောင်း၊ ယင်းပမာဏသည် ယခုနှစ်အစောပိုင်းကထက် ၆ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည့် ပမာဏဖြစ်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံ နံပါတ် ၂ ကားထုတ်လုပ်ရေးဖြစ်သလို ဟွန်ဒိုင်းနှင့်လည်း တွဲဖက်ထားသည့် ကီယာမော်တာကုမ္ပဏီ၏ ကားအရောင်းဈေးကွက်မှာလည်း လွန်ခဲ့သည့်နှစ်ကထက် ၆ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။

ထို့အတူ ဂျီအမ်ကိုရီးယား၏ ကားအရောင်းဈေးကွက်မှာလည်း လွန်ခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၃ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ရီနော့ဆမ်ဆောင်းကားအရောင်းဈေးကွက်မှာလည်း ၄၄ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ဆမ်ယောင်းကားထုတ်လုပ်ရေး၏ ကားအရောင်းဈေးကွက်မှာလည်း ယခုနှစ်အစောပိုင်းတွင် ၁၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ရုရှားနိုင်ငံအတွင်း လျှပ်စစ်သံလိုက်သုံးလက်နက်များ တီထွင်စမ်းသပ်နေ

**မော်စကို အောက်တိုဘာ ၂**

ရုရှားနိုင်ငံသည် လျှပ်စစ်သံလိုက်သုံးလက်နက်များကို တီထွင်စမ်းသပ်လုပ်ကိုင်နေသည်ဟု ရေဒီယိုလျှပ်စစ် နည်းပညာဖွံ့ဖြိုးမှုဌာနမှ လက်ထောက်အမှုဆောင်အရာရှိချုပ် ဗလာဒီမာ မစ်ခီယက်ဗ်က မကြာသေးမီတွင် ပြောကြားခဲ့သည်။

လျှပ်စစ်သံလိုက်သုံး လက်နက်စနစ်သည် ထိထိရောက်ရောက်မြန်မြန်ဆန်ဆန် အကျိုးရှိရှိ အကောင်အထည်ပေါ်လာမည်ဟု နည်းပညာ ဖွံ့ဖြိုးမှုဌာနမှ လက်ထောက်အမှုဆောင်အရာရှိချုပ် ဗလာဒီမာ မစ်ခီယက်ဗ်၏ ပြောစကားကို ကိုးကား၍ တက်စ်သတင်းအေဂျင်စီက ပြောကြားခဲ့ သည်။

အဆိုပါ စမ်းသပ်စစ်ဆေးမှုများကို ဓာတ်ခွဲခန်းများနှင့် စမ်းသပ်မှုပြုလုပ်သည့်နေရာများတွင် အဆက်မပြတ်စမ်းသပ်လုပ်ဆောင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ရုရှားနိုင်ငံ၏ အဆင့်မြင့်နည်းပညာများဖြင့် ပြုလုပ်ထားသည့် ရိုစတတ်ခေါ် လျှပ်စစ်သံလိုက်သုံးလက်နက်များကို ကာကွယ်သည့် စနစ်ကိုလည်း တစ်ပြိုင်နက်တည်း စမ်းသပ်လုပ်ဆောင်နေကြောင်း ၎င်းက ပြောခဲ့သည်။

ရုရှားနိုင်ငံတွင် ယခုတီထွင်ထုတ်လုပ်နေသည့် အဆိုပါ လျှပ်စစ်သံလိုက်သုံးလက်နက်များကို အသစ်ထွက်ပေါ်လာမည့် မျိုးဆက်သစ် ဒရုန်းများတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း တက်စ်သတင်းအေဂျင်စီက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### စက်တင်ဘာလအတွင်း အာဖဂန်အရပ်သား ၂၄၀ အသတ်ခံရ

**ကဘူးလ် အောက်တိုဘာ ၂**

စက်တင်ဘာအတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် အာဖဂန်အရပ်သား ၂၄၀ သေဆုံးခဲ့ပြီး ၃၅၀ ခန့် ဒဏ်ရာရရှိခဲ့ကြောင်း စောင့်ကြည့်ရေးအုပ်စုက အင်္ဂါနေ့တွင်ပြောသည်။

တိုင်းပြည်အတွင်း ပြည်နယ် ၃၄ ခုတွင် ပြည်နယ် ၂၀ မှ အရပ်သား အများအပြားသေဆုံးခဲ့ရကြောင်း လွတ်လပ်သော အရပ်သားများ ကာကွယ်စောင့်ရှောက်ရေး ရှေ့နေအုပ်စုက ပြောသည်။

စက်တင်ဘာ ၁၁ ရက် နန်ဂဟာ ပြည်နယ် အရှေ့ပိုင်းခရိုင်အတွင်း လူအုပ်အတွင်း အသေခံဗုံးခွဲခဲ့မှုကြောင့် ၁၆၅ ဦး ဒဏ်ရာရရှိခဲ့ပြီး လူပေါင်း ၆၈ ဦးသေဆုံးခဲ့ရကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မြေပြင်ဝေဟင် စစ်ဆင်ရေးများကြောင့်လည်း အရပ်သားများ ထိခိုက်ပျက်စီးကြရသည်ဟု အဆိုပါ အုပ်စုကပြောသည်။ အာဖဂန်အစိုးရတပ်နှင့် နိုင်ငံခြားမဟာမိတ်များ၏ စစ်ဆင်ရေးများကြောင့် ပြည်နယ်၁၂ ခုမှ အရပ်သား ၁၂၃ ဦး သေဆုံးခဲ့ရကြောင်း လွန်ခဲ့သောလ အစီရင်ခံစာအရ သိရသည်။

သေဆုံးသူများထဲတွင် ကလေးငယ်များနှင့် အမျိုးသမီးများလည်း ပါဝင်ကြောင်း သိရသည်။ **ဆင်ဟွာ**

# သုံးနိုင်ငံကုန်သွယ်ရေးသဘောတူညီချက်အသစ် အတည်ပြုချက်ရယူပြီး အသက်ဝင်တော့မည်

**ထွန်းသစ်စ**

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ရာစုနှစ် လေးပုံတစ်ပုံ ကြာညောင်းခဲ့သော နဖ်တာသဘောတူညီချက်အဟောင်းကို အစားထိုးနိုင်ရန် အမေရိကန်၊ မက္ကဆီကိုနှင့် ကနေဒါသုံးနိုင်ငံကြား ဆွေးနွေးခဲ့ကြသည့် ကုန်သွယ်ရေးသဘောတူညီချက်အသစ်ကို ကြိုဆိုဂုဏ်ပြုလိုက်ပြီး ယင်းကုန်သွယ်ရေးသဘောတူညီချက်အသစ် (နဖ်တာ)သည် အမေရိကန်သမိုင်းတွင် အကြီးမားဆုံးဖြစ်ကြောင်း ပြောကြားလိုက်သည်။**



### သဘောတူခဲ့

အမေရိကန်ပြည်ထောင်စု-မက္ကဆီကို-ကနေဒါသဘောတူညီချက် (ယူအက်စ်အမ်စီအေ)ဟုလူသိများသော အဆိုပါ သဘောတူညီချက်ကို အမေရိကန်သမ္မတထရမ့်က ဘေးအန္တရာယ်ဆိုးအဖြစ်ကြေညာခဲ့သည့် ယခင်နဖ်တာသဘောတူညီချက်နေရာ၌ အစားထိုးရန် နောက်ဆုံးသတ်မှတ်ရက်မတိုင်မီ သဘောတူခဲ့ခြင်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်အသစ်သည် ကုန်သွယ်ရေးတွင် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံခန့်ကို ထိန်းချုပ်နိုင်မည် ဖြစ်ကာ အဆိုပါ ပမာဏသည် အမေရိကန်သမိုင်းတွင် အကြီးမားဆုံး ကုန်သွယ်ရေးသဘောတူညီမှုတစ်ခုဖြစ်ကြောင်း အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က အိမ်ဖြူတော် နှင်းဆီပန်းခြံရှိ သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

### လက်မှတ်ရေးထိုးရန်မျှော်လင့်

ကုန်သွယ်ရေး သဘောတူညီချက်အသစ်သည် ၎င်းတို့နိုင်ငံများအတွက် တကယ့်သမိုင်းတွင်မည့် သတင်းကောင်းပင်ဖြစ်ကြောင်းနှင့် ကမ္ဘာကြီးအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။ သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်အသစ်ကို နိုဝင်ဘာလကုန်တွင် ကနေဒါဝန်ကြီးချုပ် ဂျက်စတင် ထရူးဒိုး၊ ဒီဇင်ဘာ ၁ ရက်နေ့တွင် တာဝန်မှ အနားယူတော့မည့် မက္ကဆီကို ခေါင်းဆောင် အန်းရစ်ပီနာ နီတိုးနှင့် အတူ လက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြောင်း သိရသည်။

ကနေဒါဝန်ကြီးချုပ်နှင့် ဗျာများနေသော စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများကြောင့် တင်းမာမှုများရှိခဲ့သည်ဟု အမေရိကန်သမ္မတက ဖော်ပြခဲ့သော်လည်း ၎င်းတို့နှစ်နိုင်ငံကြား အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်ဖွယ်မရှိကြောင်း ထပ်လောင်း ပြောကြားခဲ့သည်။

"သူနဲ့ ကျွန်တော့်ကြားမှာ တင်းမာမှုတွေ အများကြီးရှိခဲ့တယ်။ အခုတော့ အဖြေရှာနေပါတယ်။ ဘယ်အချိန်မှာ ပြီးမလဲ။ နောက်ဆုံး ၁၂ ရက်လောက်တော့ ကြာခဲ့တယ်" ဟု ထရမ့်က ဆက်လက်ပြောကြားခဲ့သည်။

"သူက လူကောင်းတစ်ယောက်ပါ။ ကနေဒါပြည်သူတွေကို ချစ်ပါတယ်" ဟု ထရမ့်က မှတ်ချက်ပြု ထပ်လောင်းပြောကြားခဲ့သည်။

### စာချုပ်အသက်ဝင်မည်

သုံးနိုင်ငံ လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု (နဖ်တာ) စာချုပ်သစ်အတွက် သုံးနိုင်ငံ သဘောတူညီမှု အကြမ်းဖျင်းရရှိထားသော်လည်း စာချုပ်ပါ သုံးနိုင်ငံမှ ဥပဒေပညာရှင်များ လက်မှတ်ရေးထိုးပြီး အတည်ပြုချက် ရယူပြီးမှသာ စာချုပ်အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

မက္ကဆီကိုက နဖ်တာ၂ ဒသမ ၀ ကို အမေရိကန်ပြည်ထောင်စုနှင့် သဘောတူညီရန် လမ်းကြောင်းပေးခဲ့ပြီးနောက် ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယာ ဖရီးလန့်ဒ်က အရာရှိများအနေဖြင့် အရေးကြီးသည့် နဖ်တာကိစ္စအတွက် ညဘက်အထိပင် ဆွေးနွေးမှုများ လုပ်ဆောင်နေသည်ဟု ချီးကျူးခဲ့ပါသည်။

လွန်ခဲ့သည့် ရက်သတ္တပတ် အနည်းငယ်ခန့်က ဆွေးနွေးပွဲတွင် မက္ကဆီကိုက လိုက်လျောမှု ပြုလုပ်ပေးလိုက်ပြီးနောက် နောက်ဆုံးအဆင့် ဆွေးနွေးမှုကို ရောက်ရှိလာသည့် နဖ်တာနှင့် ပတ်သက်ပြီး ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ္စတီယာ ဖရီးလန့်ဒ်က ယခုကိစ္စမှာ ရှုပ်ထွေးသည့်ကိစ္စဟု မှတ်ချက်ပြုပြီး ပြောခဲ့ပါသည်။

### အပြုသဘောဆောင် ဆွေးနွေးမှုပြုလုပ်

မက္ကဆီကိုက နဖ်တာနှင့် ပတ်သက်ပြီး သိသာထင်ရှားသည့် လိုက်လျောမှုအချို့ကို ပြုလုပ်ခဲ့ကြောင်း၊ ယင်းသို့လုပ်ဆောင်ခြင်းအားဖြင့် ကနေဒါအလုပ်သမားများအတွက် တကယ့်ကို ကောင်းမွန်ပါကြောင်း အမေရိကန်ကုန်သွယ်ရေးတာဝန်ခံ၏ရုံးခန်း၌ ကနေဒါနိုင်ငံခြားရေးဝန်ကြီးကပြောခဲ့သည်။ ယခုလို အခြေခံအားဖြင့် လုပ်ဆောင်လိုက်ခြင်းသည် "ကျွန်မတို့ ရက်သတ္တပတ်ကြာ တွေ့ဆုံဆွေးနွေးမှုအပိုင်းမှာ အလွန်တရာကို ကောင်းမွန်တဲ့ ဆွေးနွေးမှုဖြစ်ခဲ့သလို အပြုသဘောလည်း ဆောင်ခဲ့ပါတယ်" ဟု ဖရီးလန့်ဒ်က ပြောကြားခဲ့သည်။

အကြိတ်အနယ် ဆွေးနွေးပြီးသည့်နောက် အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနိုင်ငံတို့သည် တနင်္လာနေ့တွင် ၂၅ နှစ်ကြာနေသည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူစာချုပ် (နဖ်တာ) ကို အလုံးစုံပြင်ဆင်စစ်ဆေးဖို့ သဘောတူညီချက်တစ်ခုကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

◆ **ကုန်သွယ်ရေးသဘောတူညီချက်သစ်သည် ကျွန်တော်တို့နိုင်ငံများအတွက် တကယ့်သမိုင်းတွင်မည့် သတင်းကောင်းပင်ဖြစ်ကြောင်းနှင့် ကမ္ဘာကြီးအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောခဲ့သည်။**

◆ **သမ္မတဒေါ်နယ်ထရမ့်က အဆိုပါ ကုန်သွယ်ရေးသဘောတူညီချက်သစ်ကို နိုဝင်ဘာလကုန်တွင် ကနေဒါဝန်ကြီးချုပ် ဂျက်စတင်ထရူးဒိုး၊ ဒီဇင်ဘာ ၁ ရက်နေ့တွင်တာဝန်မှ အနားယူတော့မည့် မက္ကဆီကိုခေါင်းဆောင် အန်းရစ်ပီနာနီတိုးနှင့် အတူလက်မှတ်ရေးထိုးရန် မျှော်လင့်ထားကြောင်း သိရသည်။**

### တစ်နှစ်ကြာကြိုးစားခဲ့ရ

အော့တဝါနှင့် ဝါရှင်တန်ကြား၌ အဖုအထစ် အနည်းငယ်ရှိနေသည့် အချက်ကလေးက ကနေဒါထိန်းချုပ်ထားသည့် နို့ထွက်ပစ္စည်းဈေးကွက်က အရေးကြီးသည့်နေရာက ပါဝင်နေသလို နဖ်တာမိတ်ဖက်နိုင်ငံတွေကြား အငြင်းပွားမှုအချို့ကို မည်သို့ ဖြေရှင်းရမလဲဆိုသည့်အချက်လည်း အဓိကအခန်းကဏ္ဍကပါဝင်နေကြောင်း သိရသည်။

ညှိနှိုင်းဆွေးနွေးသူများသည် နဖ်တာကို အသစ်ပြန်လည်ရေးဆွဲနိုင်ရန်နှင့် အဆင့်မြှင့်တင်ရန် တစ်နှစ်ကြာကြိုးစားခဲ့ရကြောင်းသိရသည်။

သို့သော်လည်း လွန်ခဲ့သည့် ရက်သတ္တငါးပတ်ခန့်တွင် ဝါရှင်တန်နှင့် မက္ကဆီကိုနိုင်ငံတို့သည် နဖ်တာ အပြင် ၎င်းတို့နှစ်နိုင်ငံကြား ကိစ္စများ ဖြေရှင်းရန် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု သိရသည်။ အထူးသဖြင့် အော့တဝါ မပါဘဲ ၎င်းတို့နှစ်နိုင်ငံကြားက ကိစ္စဖြစ်သည့် ကားထုတ်လုပ်မှုဆိုင်ရာ စက်ရုံ အလုပ်ရုံ ဥပဒေများကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

### ရာစုနှစ် လေးပုံတစ်ပုံကြာခဲ့

ကနေဒါနိုင်ငံအနေဖြင့် အနည်းငယ် အေးစက်စက်ရှိနေသည့်အတွက်ကြောင့် နွေရာသီတစ်ခုလုံး ဖရီးလန့်ဒ်က ၎င်းသည် အမေရိကန်နဲ့ မက္ကဆီကိုအရာရှိတွေနှင့်အတူ နဖ်တာကိစ္စ နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားခဲ့ခြင်းဖြစ်ကြောင်းနှင့် ရပ်ဆိုင်းထားခဲ့သည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး အမေရိကန်ပြည်ထောင်စုနှင့် အဆင့်မြင့် သဘောတူညီချက်တစ်ခု ရရှိခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

နဖ်တာအသစ်၏ အကြမ်းသဘောဖော်ပြချက်တွင် ကားထုတ်လုပ်သည့် စက်ရုံများ၌ အစိတ်အပိုင်းများကို အရေအတွက်များများထုတ်လုပ်ရန် ပါဝင်ပြီး ခိုင်မာသည့် အလုပ်သမားကာကွယ်မှု ခြောက်နှစ်တစ်ခါ ပြုလုပ်လေ့ရှိသည့် ၁၆ နှစ်သက်တမ်းရှိ သဘောတူညီချက်ကို ပြန်လည်သုံးသပ်ရန် ထောက်ပံ့မှုလုပ်ဆောင်ခြင်းများလည်း ပါဝင်ခဲ့သည်။

နှစ်ပေါင်း ၂၄ နှစ်ကျော်ကြာမှ အကောင်အထည်ပေါ်လာခဲ့သည့် နဖ်တာကုန်သွယ်ရေးသဘောတူညီချက်သစ်သည် အစပိုင်းက အခက်အခဲပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ စာချုပ်မှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးရန်လိုအပ်သေးကြောင်း စီတီဗွီရုပ်သံကွန်ရက်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။ စတီးနှင့် အလူမီနီယံများအပေါ် အခွန်စည်းကြပ်မှုကို မဖြေရှင်းနိုင်သေးသော်လည်း မော်တော်ကားများနှင့် ပတ်သက်ပြီး ကင်းလွတ်ခွင့်များရရှိမည်ဟု သိရသည်။

### စီးပွားရေးအတွက် အခွင့်ထူးတစ်ရပ်

နောက်ဆုံးတွင် ကနေဒါနှင့် အမေရိကန်နှစ်နိုင်ငံလုံး နဖ်တာအပေါ် အခြေခံသဘောတူညီချက်များ ရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ကြပြီး ယင်းက ကုန်သွယ်မှုတွင် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ တစ်ထရီလီယံခန့် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နောက်ဆုံး နဖ်တာ ကုန်သွယ်ရေး သဘောတူညီချက်နှင့် သာမက ကမ္ဘာ့ကုန်သွယ်ရေးအပေါ် အမေရိကန်သမ္မတထရမ့်က နိုင်ငံခြားတိုင်းပြည်များအတွက် အမေရိကန်နှင့် စီးပွားရေးလုပ်ကိုင်ရန် အထူးအခွင့်အရေးတစ်ခု ၎င်း၏ ရပ်တည်ချက်သဘောထားကို ဖော်ပြခဲ့သည်။

ယခုသဘောတူညီချက်သည် မက္ကဆီကို၊ ကနေဒါနိုင်ငံနှင့် အမေရိကန်နိုင်ငံအတွက်သာ အကျိုးရှိသည် မဟုတ်ဘဲ လူသားအားလုံးအတွက် အကျိုးရှိသည့် ကုန်သွယ်ရေးသဘောတူညီမှုတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံအနေဖြင့်လည်းကျွန်ုပ်တို့နှင့် စီးပွားရေးလုပ်ရန် တကယ့်အခွင့်အရေး တစ်ခုဖြစ်ရုံသာမက အီးယူအနေဖြင့်လည်း တကယ့် အခွင့်အရေးတစ်ခုဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောကြားလိုက်ကြောင်း။ ။

**ကိုးကား -အေအက်ဖ်ပီ**

# ပြည်သူများကောင်းမွန်စွာအိပ်စက်ပြီး ပူပင်ကင်းစွာ နိုးထနိုင်သည့် လုံခြုံရေးနှင့် ဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်ရမည်ဟု မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ပြောကြား

**မန္တလေး အောက်တိုဘာ ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲဝတ်စုံကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ငါတို့ဘဝလုံခြုံပြီဟု ပြည်သူတွေယူဆသည်အထိ ကြိုးစားဆောင်ရွက်သွားရန် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အောက်တိုဘာ ၁ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဗွဲ၊ လုံ့လမလျှော့ဘဲ စေတနာ၊ ရိုးသားမှု၊ ကျင့်ဝတ်များ မဖောက်ဖျက်ဘဲ ထိန်းသိမ်းကာ ပြည်သူတွေအားလုံး ညမှာ ကောင်းမွန်စွာ အိပ်စက်အနားယူပြီး အပူအပင်ကင်းစွာ နိုးထနိုင်သည့်အချိန် ရောက်သည်အထိ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ကြောင်း ဖြင့်လည်း ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် "မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲ့ ဖြတ်သန်းခဲ့တဲ့ကာလကို ကြည့်မယ်ဆိုရင် လုပ်ငန်းအောင်မြင်တာတွေရှိသလို ပြည်သူတွေနဲ့ သဟဇာတမဖြစ်တာလည်းရှိမယ်။ ဖြတ်သန်းခဲ့တဲ့ သမိုင်းတစ်လျှောက် ယနေ့ရောက်ရှိနေတဲ့ ခေတ်ကိုတော့ မျက်ခြည်မပြတ်ဖို့ အရေးကြီးပါတယ်။



ဒီနေ့ဟာ ဒီမိုကရေစီကိုသွားနေတဲ့ ခေတ်ကာလ ဖြစ်ပါတယ်။ ကမ္ဘာကြီးကလည်း ဒီမိုကရေစီကို တောင်းဆိုနေပါပြီ။ ဒီမိုကရေစီကသာ နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးအောင် လုပ်ပေးနိုင်တာပါ။ ဒီမိုကရေစီကသာ အခြေခံလူ့အခွင့်အရေးတွေကို ဖော်ဆောင်ပေးနိုင်တာ ဖြစ်ပါတယ်။ ကမ္ဘာသူ ကမ္ဘာသား အားလုံးက ဒီမိုကရေစီကို တောင်းဆိုနေပြီး ကျွန်တော်တို့လည်း ဒီမိုကရေစီနဲ့အညီ ပြုမူကျင့်ကြံ နေထိုင်ရမှာပါ။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်တိုင်က ပြောင်းလဲနေပြီ ဖြစ်ပါတယ်။ ပြည်သူကို ဗဟိုပြုနေတဲ့ ရဲတပ်ဖွဲ့ကြီး ဖြစ်လာပါပြီ။ ဒါကို မျက်ခြည်မပြတ်ကြဖို့ လိုပါတယ်။ ပြည်သူကိုပဲ မျက်နှာမူပြီး ပြည်သူ့အကျိုးကိုပဲ ဖော်ဆောင်ပေးကြရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဦးက (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦးထံမှ ပေးပို့သည့် သဝဏ်လွှာအား ဖတ်ကြားပြီး ဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအတွင်း လုပ်ငန်းဆောင်ရွက်နိုင်မှု အကောင်းဆုံးဆုရရှိသူများနှင့် ပညာရည်ချွန်ဆုရရှိသူများကို ဆုများချီးမြှင့်ခဲ့သည်။

အဆိုပါ (၅၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့သို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြင့်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် မိသားစုများ တက်ရောက်ကြသည်။

**ထွန်းထွန်းနိုင်**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား လှိုင်ကော်မြို့၌ ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂**

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က လှိုင်ကော်မြို့ ကယားပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ဖြတ်သန်းကြုံတွေ့ရသည့် သမိုင်းကြောင်းပေါ်မှာ မူတည်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းမှ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ် ခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် စိတ်ဓာတ်မြင့်မားမှု၊ စည်းကမ်း ကောင်းမွန်မှု၊ သစ္စာရှိမှု၊ စည်းလုံးညီညွတ်မှု၊ စွမ်းရည်ပြည့်ဝမှုဆိုသည့်စံ (၅)ရပ်ကို ခံယူစေပြီး ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ မူဝါဒ(၃) ရပ်ဖြစ်သည့် မျိုးချစ်စိတ်ဓာတ်ရှိရမည်၊ စွမ်းရည်ပြည့်ဝရမည်၊ ခေတ်မီရမည်ဆိုသည့် မူဝါဒနှင့်အညီ တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန် (၄) ရပ် ဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည်တို့ကို တပ်ဖွဲ့ဝင်များဆောင်ရွက်လျက်ရှိသည့်အတွက် ဂုဏ်ယူကြောင်း၊



ဒီမိုကရေစီ ရဲလုပ်ငန်း၏ အဓိကရည်မှန်း ချက်ဖြစ်သော ပြည်သူလူထုတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်၊ ပြည်သူတစ်ဦး၏ အခြေခံရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အလေးထားကာကွယ်စောင့်ရှောက်ရန်၊ မှုခင်းများကာကွယ်တားဆီးရန်နှင့် တိုက်ဖျက်ရန်၊ အကြောက်တရားများ လျှော့ချပေးရန်၊ ပြည်သူလူထုကို အထောက်အကူပြုရန်နှင့် ဝန်ဆောင်မှုများပေးရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို လိုလိုလားလား တုံ့ပြန်မှုပေးရန်၊ နိုင်ငံတော်၏ လုပ်ပိုင်ခွင့်အာဏာကို ပြည်သူလူထု အကျိုးစီးပွားအတွက် အသုံးပြုရန် စသည့်အချက်များအား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းခဲ့ပြီး ပြည်သူလူထုပူးပေါင်း ပါဝင်သော ရဲလုပ်ငန်းစနစ်ကို ပြည်သူများစွာ ပါဝင်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ ကယားပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းကြည်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်၏ သဝဏ်လွှာအားဖတ်ကြားပြီး ပြည်နယ် ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ခဲ့ရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးက လက်ခံယူခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မှုခင်းများအား စွမ်းစွမ်းတမံ ဖော်ထုတ်နိုင်ခဲ့သည့် လွိုင်ကော်မြို့မ ရဲစခန်းမှ ဒုရဲမှူး ဝင်းဌေး၊ ပြည်နယ်မှုခင်းအကူဌာနအဖွဲ့မှ ရဲအုပ် ခင်ကိုကို၊ လွိုင်ကော်မြို့မရဲစခန်းမှ ရဲအုပ်စန်းကိုကိုအေးတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စိုင်းဉာဏ်လင်းထွန်း**

# ပိန်းဇလုပ်၌ ဘိုးဘွားရိပ်သာအဆောက်အအုံသစ် မြေနေရာလှူဒါန်း

**ပိန်းဇလုပ် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပိန်းဇလုပ်မြို့ မြို့မ ၁ ရပ်ကွက် ကင်မွန်းချုံကျောင်းတိုက် ဆရာတော်ကြီး၏သြဝါဒခံပိန်းဇလုပ်မြို့ မြို့မ ၁ ရပ်ကွက်နေဦးတင်ကြိုင် - ဒေါ်လှတင် ပြည့်စုံဦး ထမင်းဆိုင်မိသားစု၏ ပရဟိတလုပ်ငန်းဖြစ်သော မှီခိုရာမဲ့ဘိုးဘွားများ စောင့်ရှောက်နေထိုင်နိုင်ရေး အဆောက်အအုံသစ်တည်ဆောက်နိုင်ရန်အတွက် ကင်မွန်းချုံကျောင်းတိုက်ဆရာတော်သို့ စက်တင်ဘာလနောက်ဆုံးပတ်က မြေနေရာလယ်ယာမြေ ငါးဧကတန်ဖိုးငွေကျပ် သိန်း ၅၀၀ တို့ကို ရေစက်ချလှူဒါန်းပွဲကို အဆိုပါကျောင်းတိုက်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရေစက်ချလှူဒါန်းပွဲသို့ ပိန်းဇလုပ်မြို့ သုဓမ္မာရာမပရိယတ္တိစာသင်တိုက်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဥတ္တမသာရကင်မွန်းချုံကျောင်းတိုက် ဆရာတော်နှင့် ပင့်သံဃာတော်ခြောက်ပါး ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့အုပ်ချုပ်ရေးမှူးဦးလင်းအောင်၊ ပိန်းဇလုပ်ဒေသအသင်းရန်ကုန်မှ နာယက ပါမောက္ခဒေါက်တာမြသိန်းဟန် (ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး-ငြိမ်း)နှင့် ဥက္ကဋ္ဌ ဒေါက်တာမျိုးဝင်းတို့ကလည်း ဘိုးဘွားရိပ်သာ အဆောက်အအုံသစ် အကောင်အထည်ဖော်နိုင်ရေးဆိုင်ရာ လုပ်ငန်းရပ်များအပေါ် ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် အဆိုပါလှူဒါန်းသည့် မြို့မ(၁)ရပ်ကွက် ရန်ကုန် - မန္တလေးကားလမ်းဟောင်းဘေး ကျွန်းကုံးရွာကွင်းရှိ လယ်ယာမြေ ငါးဧကကို လယ်ယာမြေဥပဒေနှင့်အညီ အခြားနည်းသုံးစွဲခြင်းခွင့်ပြုမိန့်ကို လျှောက်ထားမည်ဖြစ်ပြီး ခွင့်ပြုမိန့်ရရှိမှသာ အဆောက်အအုံသစ်တည်ဆောက်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွန့်**

# ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူသည့် ကွန်ပေါင်းဓာတ်မြေသြဇာများ ရေကြီးနစ်မြုပ်စပါးစိုက် တောင်သူများထံ ထောက်ပံ့

**ကော့ကရိတ် အောက်တိုဘာ ၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်၌ သြဂုတ်လအတွင်းမှ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းကာ စိုက်ပျိုးပြီးစီးသည့် မိုးစပါးများ ပျက်စီးမှုဖြစ်ပေါ်ခဲ့သဖြင့် မိုးစပါးစိုက်တောင်သူများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကွန်ပေါင်းဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးစောဝင်းလှိုင်ဦးက ကရင်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါးများ ဧကများစွာ ပျက်စီးမှုအပေါ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ပြည်နယ်လုံး ရေကြီးနစ်မြုပ်သည့်အတွက် ပြည်နယ်အစိုးရအဖွဲ့မှလည်း ကူညီပေးလျက်ရှိကြောင်း၊ စပါးများ ပြန်လည်စိုက်ပျိုးရာတွင် အခက်အခဲများရှိပါက မိမိတို့ ဌာနအား လာရောက်ဆွေးနွေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကော့ကရိတ်မြို့နယ်အတွင်းရှိ ရွာပေါင်း ၄၇ ရွာမှ ရေကြီး နစ်မြုပ်ပျက်စီးသည့် စပါးဧက ၃၁၇၉ ဧကအတွက် ကွန်ပေါင်း ဓာတ်မြေသြဇာ ၆၃၆ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ရာ တောင်သူများက လက်ခံယူခဲ့သည်။

**စိုးထက်အောင်(ကော့ကရိတ်)**



# ကချင်ပြည်နယ်၏စီးပွားရေးကဏ္ဍ ဦးမော့လာစေရေး ဆွေးနွေးပွဲကျင်းပ




**မြစ်ကြီးနား အောက်တိုဘာ ၂**

ရန်ကုန်မြို့အခြေစိုက် The Door Institute က ကြီးမှူးကာ "ကချင်ပြည်နယ်စီးပွားရေး ဦးမော့လာအောင် ဘယ်လိုလုပ်ကြမလဲ" ခေါင်းစဉ်ဖြင့် စီးပွားရေးကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ မြစ်ဆုံဟိုတယ်၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကချင်ပြည်နယ် ကျောက်မျက် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇယ်လွမ်းက ယခုဆွေးနွေးပွဲတွင် ဒေသနှင့်ကိုက်ညီပြီး လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ဖြစ်ပေါ်နိုင်မည့် စီးပွားရေးလုပ်ငန်းများ၊ ယနေ့ဖြစ်ပေါ်နေသည့် စီးပွားရေးပြဿနာနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ဖြေလျှော့ပေးနိုင်ရေးတို့ကို ထည့်သွင်းဆွေးနွေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် The Door Institute မှ အမှုဆောင်အရာရှိ ဦးရန်နိုင်ဦးက ကချင်ပြည်နယ်အတွင်း အသေးစားနှင့် အလတ်စား(SMEs) စီးပွားရေးလုပ်ငန်းများ အတွက် အထောက်အပံ့ဖြစ်စေမည့် အကြံဉာဏ်များနှင့် လုပ်ငန်းစတင်လုပ်ကိုင်မည့်သူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်းနှင့် တက်ရောက်လာသူများက မိမိတို့၏အတွေ့အကြုံကောင်းများဖြင့် ပေါင်းစပ်ဆွေးနွေးပေးရန် ရှင်းလင်းပြောကြားပြီး မြတ်မွန်လုပ်ငန်းစုမှ ဦးမိုးနိုင်၊ အိုကေငွေပန်းထိမ်နှင့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ မှဥက္ကဋ္ဌ ဦးစိုင်းရီကျန်၊ Lucky မုန့်တိုက်ပိုင်ရှင် ဦးဘရန်မွန်နှင့် The Door Institute မှ အမှုဆောင်အရာရှိ ဦးရန်နိုင်ဦးတို့က မိမိတို့၏ လုပ်ငန်းအစမှ ယနေ့အထိ အောင်မြင်သည့်လုပ်ငန်းများဖြစ်အောင် ဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တက်ရောက်လာသူများက စီးပွားရေးလုပ်ငန်း အောင်မြင်မှု၏ သော့ချက်ဖြစ်သည့် ရိုးသားမှု၊ ကြိုးစားမှု၊ လုပ်ငန်းအပေါ် တန်ဖိုးထားလေးစားမှု၊ ခေါင်းဆောင်မှုစိတ်ဓာတ်ဖြင့် လုပ်ငန်းများကို စေခိုင်းသူမရှိဘဲ လုပ်ကိုင်ဆောင်ရွက်မှု၊ စီးပွားရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေး ဆက်စပ်ပုံ၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး လိုအပ်ချက် စသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသော ဒေသခံများ သိရှိလိုသည့် မေးခွန်းများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

# တစ်နှစ်ပတ်လုံးသီးသည့် သရက်သီးမျိုး ရေစကြိုမြို့နယ်၌ စိုက်ပျိုးအောင်မြင်နေ

**ရေစကြို အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဗလဗကျေးရွာအုပ်စု ဗလဗကျေးရွာတွင် နှစ်ပတ်လည်သီးသည့် သရက်မျိုးသစ်တစ်မျိုးကို စိုက်ပျိုးအောင်မြင်နေကြောင်း သိရသည်။



အဆိုပါသရက်သီးမျိုးကို ဗလဗရွာရှိ တောင်သူ ဦးခင်မောင်သိန်းက စတင်ပျိုးထောင်ခဲ့ပြီး အပင်ပေါက်ချိန် တစ်နှစ်အကြာတွင် မြေချရွှေ့ပြောင်း စိုက်ပျိုးပြီးနောက် နှစ်နှစ်အကြာတွင် စတင်အဖူးဖူး၊ အပွင့်ပွင့်ကာ အသီးသီးခဲ့ကြောင်း သိရသည်။ သာမန်သရက်ပင်များမှာ ပြာသိုလနှင့် တပို့တွဲလများတွင်သာ ဖူးပွင့်ကာ အသီးသီးလေ့ရှိကြောင်း၊ ယခုသရက်မျိုးမှာမူ တန်ဆောင်မုန်းလတွင် အဖူးများစဖူးပြီး ပြာသိုလ၊ တပို့တွဲလတို့တွင် အရွယ်ရောက်သည့် အသီးများသီးကြောင်း၊ ထိုအသီး ရင့်မှည့်ချိန်တွင် နောက်ထပ်အဖူးဖူးကာ အပွင့်ထပ်ပွင့်ပြီး သရက်သီးများ ဆက်တိုက်သီးလေ့ရှိကြောင်း၊ တစ်နှစ်ပတ်လုံး အဖူးအပွင့်များဖြင့် နှစ်လုံးပေါက်သီးသည့် သရက်မျိုးဖြစ်ခြင်းကြောင့် ရွာထဲရှိ အခြားအိမ်များက သရက်မျိုးစေ့ယူ၍ ပျိုးထောင်စိုက်ပျိုးကြရာတွင် နှစ်ပတ်လည် ဖူးပွင့်အသီးသီးကြောင်း သရက်ပင်ကို စတင်စိုက်ပျိုးထားသည့် ဦးခင်မောင်သိန်းက ပြောသည်။

သရက်ပင်ဖူးချိန်တိုင်းတွင် အပွင့်အသီးများ မပျက်စီးဘဲ အမြဲအသီးသီးကာ နွေရာသီတွင်သီးသည့် သရက်သီးမှာ အလုံးအရွယ်အစားကြီးပြီး အသီးများလည်း အများအပြားသီးကြောင်း၊ အခြားအချိန်များတွင်သီး သည့်သရက်သီးမှာမူ ပုံမှန်အလုံးအရွယ်အစားသာရှိကြောင်း၊ သရက်သီးအစိမ်းသည် ပုံမှန်အသီးများကဲ့သို့ အရသာရှိပြီး ရင့်မှည့်ချိန်တွင် အချိုဓာတ်နည်းကြောင်း အဆိုပါ သရက်ပင်မျိုးကို စိုက်ပျိုးထားသည့် တောင်သူတစ်ဦးက ပြောသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဆယ်ပင်ကျွန်းကျေးရွာတွင် စိုက်ပျိုးရေးဆိုင်ရာသင်တန်းနှင့် ဟောပြောပွဲကျင်းပ

**ရွှေဘို အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆယ်ပင်ကျွန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေး GAP ပညာပေးဟောပြောခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းကို အောက်တိုဘာ ၁ရက်က ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်မြောင်းမြို့အုပ်ချုပ်ရေးမှူး ဦးနေမင်းထွန်းက ကျေးရွာများဖွံ့ဖြိုးတိုးတက်ဖို့ စိုက်ပျိုးရေး နည်းလမ်းများကို အသုံးချတတ်ရန် လိုအပ်ကြောင်းကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဇာဇာမင်းကစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေး GAP ဆိုင်ရာ ပညာပေးဆွေးနွေးခြင်းနှင့် ဆေးရွက်ကြီး၊ ငရုတ်သီးစိမ်း အစို၊ ချင်း၊ ကြက်သွန်ဖြူ ၊ တင်လဲရည် ၊ အီးအမ်ဒုတ္တာအသုံးပြု၍ သဘာဝပိုးသတ်ဆေး ဆေးရွက်ကြီး ဖျော်ရည်ပြုလုပ်သုံးစွဲနည်းနှင့် စပါးခွံ ၊ ဖွဲနု ၊နွားချေး ၊ တင်လဲရည်၊ အီးအမ်တို့ဖြင့် အီးအမ်ဘိုကာရှီ သဘာဝမြေဆွေး ပြုလုပ်သုံးစွဲနည်းများကို စာတွေ့လက်တွေ့သရုပ်ပြ သင်ကြားဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော တောင်သူများက



လယ်ယာလုပ်ငန်းခွင်တွင် ကြုံတွေ့ရသောအခက်အခဲများ၊ ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများအား မေးမြန်းဆွေးနွေးမှုကို စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဆိုင်ရာ ဖုန်းဆော့ဝဲများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ပြန်/ဆက်)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂-၁၀-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၄၅/၁၀၇၅ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၅၅/၁၀၈၅ ကျပ် | ၁၁၃၀/၁၁၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅/၁၀၄၅ ကျပ် | ၁၁၂၀/၁၁၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၆၅/၁၀၉၅ ကျပ် | ၁၁၆၅/၁၁၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၇ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၈ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၀၂ ・ ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၄၇ ・ ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၀ ・ ၃ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၃ ・ ၄၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၀၄၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ ・ ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၀ ・ ၅၅ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ ・ ၄၈၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


**မြန်မာ့အလင်း**

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာအိုင်ဒေါလ်မှ ရဲနောင်၏ ချာလီ တေးစီးရီး စတင်ဖြန့်ချိ




ဆိုင်ကယ်ကယ်ရီသမားတစ်ယောက်အဖြစ်နှင့် ဘဝကိုကြိုးစားရုန်းကန်ရင်း ဂီတသမားအဖြစ် ခံယူလိုက်သည့် လူငယ်အဆိုတော်လေးတစ်ဦးဖြစ်သည့် Myanmar Idol Season 2 မှ ရဲနောင်၏ ချာလီဟု အမည်ပေးထားသော တေးစီးရီးခွေကို အောက်တိုဘာ ၁ ရက်တွင် Bo Bo Music တေးထုတ်လုပ်ရေးမှ စတင်ဖြန့်ချိသွားမည်ဟု သိရသည်။

"ကျွန်တော့်စိတ်ထဲမှာ ဂီတပဲရှိနေတယ်၊ အဲဒီဂီတနဲ့ပဲ အခြေခံလူတန်းစားတွေအတွက် ကျွန်တော် ဘယ်လိုလေးတွေလုပ်ပေးရင်ကောင်းမလဲ၊ ကိုယ်တိုင်ကလည်း အခြေခံလူတန်းစားဘဝကနေလာတာမို့ ကိုယ်ချင်းစာစိတ်တွေနဲ့ တေးသီချင်းတွေ ဖန်တီးထားတာ နှစ်နှစ်လောက် ကြာခဲ့ပါတယ်၊ ဒီအခွေလေးထဲမှာ ရပ်ကွက်လို့ အမည်ပေးထားတဲ့ သီချင်းလေးက ကျွန်တော်တို့ရပ်ကွက်ထဲကအကြောင်းလေးကို အခြေခံပြီးရေးထားတာပါ၊ ကျွန်တော်က ရပ်ကွက်ထိပ်မှာ ဆိုင်ကယ် ကယ်ရီဆွဲခဲ့တဲ့ အလုပ်လုပ်ခဲ့ဖူးတော့ အခြေခံလူတန်းစားတွေရဲ့ဘဝကို နားလည်နေပြီးသားဆိုတော့ ဖန်တီးဖြစ်ခဲ့တာပါ၊ နောက်ပြီး ကျွန်တော်ရေးတဲ့သီချင်းက ဟိုးတုန်းက ချာလီချက်ပလင်ရဲ့ ဇာတ်ဝင်ခန်းတီးလုံးနဲ့လည်း ဆင်တူတဲ့အတွက် ဒီခေါင်းစဉ်ပေးဖြစ်တာပါ။ ကျွန်တော် ပြိုင်ပွဲပြီးထဲက နှစ်နှစ်နီးပါးလောက် ကြိုးစားခဲ့တဲ့အခွေပါ" ဟု ရဲနောင်က ပြောသည်။

အခွေထဲတွင်ပါဝင်သည့် တေးသီချင်းများနှင့်ပတ်သက်၍လည်း ရဲနောင်က "သီချင်းကတော့ ၁၀ ပုဒ်ပါမယ်။ ရှစ်ပုဒ်ကတော့ ကိုယ်တိုင်ရေးသားထားတယ်။ အပြင်တေးရေးဆရာဆီက နှစ်ပုဒ်ယူထားပါတယ်။ တေးရေး နှစ်ယောက်ကတော့ Zyen နဲ့ Ancel ပါ။ ကျွန်တော်ဆိုနေကျ သီချင်းအေးအေးလေးတွေပါမယ်။ ရပ်ကွက်အကြောင်းတွေ၊ အဖေနဲ့အမေအကြောင်းတွေပါမယ်။ ကျွန်တော်ကိုယ်တိုင် မျက်ရည်ကျပြီးရေးတဲ့သီချင်းကတော့ အဖေ့ကို အသက်ပြန်ရှင်ခိုင်းတာရယ်၊ မိဘမဲ့ သီချင်းလေးရယ် ပါပါတယ်။ တစ်ရက်လောက် အသက်ရှင်ပါကတော့ ကျွန်တော်ရဲ့တကယ့်ခံစားမှုစစ်စစ်ပါ။ ဒီနေ့လို အခြေအနေမျိုးကို အဖေ့ကို တစ်ရက်လောက် အသက်ရှင်ပြီး မြင်စေချင်တာပါ" ဟု ဆိုသည်။ **ကိုလင်း**

# ရေဒီယိုခာတ်ပြားရ မြန်မာသံအဆိုတော်ကြီး အေဝမ်းတင်တင်လှ၏ တစ်ကိုယ်တော်ဖျော်ဖြေပွဲ ကျင်းပမည်

၁၉၅၂ ခုနှစ်မှစတင်ပြီး မြန်မာသံတေးသီချင်းများကို သီဆိုခဲ့ကာ ရေဒီယို၊ ခာတ်ပြား၊ ရုပ်ရှင်တေးသီချင်းများပါ သီဆိုအောင်မြင်ခဲ့သူ အေဝမ်းတင်တင်လှ၏ ပထမဆုံး တေးဂီတဖျော်ဖြေပွဲကို စာရေးဆရာမ ဂျူးနှင့် မြကြာငုံ (ဒေါက်တာနီလာသိန်း)တို့က ဂုဏ်ပြုတင်ဆက်မည်ဟု သိရသည်။ အဆိုပါ ဖျော်ဖြေပွဲကို ရွှေရတုအလွန် ဂီတသံစဉ်ညဟု အမည်ပေးထားပြီး အောက်တိုဘာ ၁၃ ရက် ည ၆ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ IBC ခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

"ကျွန်မက ၁၉၅၂ ခုနှစ်ထဲက သီချင်းတွေကို မထင်မရှားစတင်သီဆိုခဲ့ပါတယ်။ ဒီပွဲကို ဒေါက်တာနီလာသိန်း(မျက်စိအထူးကုဆရာဝန်ကြီး)နဲ့ စာရေးဆရာမဂျူးတို့က စီစဉ်ပြီးတော့ အေးမွန်ဆွေ MD(IBC)က ခန်းမစပွန်ဆာပေးတာပါ။ ကျွန်မရဲ့ တစ်ချိန်က ရုပ်ရှင်တေးအနေနဲ့ အောင်မြင်ခဲ့တဲ့သီချင်း ငါးပုဒ်ကို သီဆိုမယ်။ ကျွန်မမှာ မိန်းမသား၊ မှုံရွှေရည် စတဲ့သီချင်းတွေပေ့ါ။ ကျွန်မက အသက်လည်းနည်းနည်းရလာတော့ မဆိုနိုင်တော့ဘူးလေ။ ဒါကြောင့် တက်သစ်စ အဆိုရှင်တွေနဲ့ မီမီတို့အပါအဝင် တခြားအဆိုရှင်တွေက ကျွန်မရဲ့ သီချင်းတွေကို ပါဝင်အားဖြည့်ကူညီကြမယ်။ တကယ်လို့ ပရိသတ်တောင်းဆိုလာရင် ကျွန်မက ထပ်မံဖျော်ဖြေသွားဖို့ရှိပါတယ်" ဟု တေးသံရှင် အေဝမ်းတင်တင်လှက ပြောသည်။

အဆိုပါဖျော်ဖြေပွဲတွင် တေးသံရှင် ဖြိုးပြည့်စုံ၊ အောင်ထက်၊ နောင်ရဲထွဋ်၊ ရဲထိုက်၊ စန္ဒရားတင်ကိုကို၊ မီမီဝင်းဖေ၊ ကော်နီ ၊ ချောစုခင်၊ သဲနုဝါနှင့် မေသက်ထားဆွေတို့လည်း ပါဝင်သီဆိုကြမည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများအဖြစ် ကျပ် နှစ်သောင်း၊ ကျပ် သုံးသောင်းနှင့် ကျပ် ငါးသောင်းအထိ သတ်မှတ်ထားကာ IBC ဖုန်း ၀၁-၅၀၇၂၉၆ တွင် ဝယ်နိုင်မည်ဖြစ်ပြီး လက်မှတ်ငါးစောင်အထက်ဝယ်ယူပါက အိမ်တိုင်ရာရောက်ပို့ပေးမည်ဟု သိရသည်။ **ကိုလင်း**



# အိမ့်ချစ်၏မောင် ဂျူနီယာချစ်ကောင်းက ဂီတလုပ်ငန်းများ လုပ်ဆောင်သွားမည်



ဖခင်ဖြစ်သူ အဆိုတော်ချစ်ကောင်း၏ ဂီတအမွေကို ထပ်မံဆက်ခံမည့် သားဖြစ်သူ ဂျူနီယာချစ်ကောင်းက M United Collection တေးစီးရီးတွင် တေးရေး အောင်ဇော် ရေးပေးထားသော "အခြေအနေပေးရင်" သီချင်းကို သီဆိုထားပြီး မကြာမီတွင်လည်း အစ်မဖြစ်သူ အိမ့်ချစ်နှင့်အတူ တေးသီချင်းများ ဖန်တီးသွားမည်ဟု သိရသည်။

ဂျူနီယာချစ်ကောင်းနာမည်ဖြင့် အနုပညာလုပ်ငန်းကို ခြေလှမ်းစခြင်းနှင့်ပတ်သက်၍ "ကျွန်တော်အနုပညာအလုပ်မလုပ်ခင် ငယ်ငယ်လေးထဲကပေ့ါ၊ အပြင်မှာ လူတွေကတွေ့ရင် ဦးချစ်ကောင်းနဲ့တူတယ်၊ ဂျူနီယာချစ်ကောင်းဆိုပြီးခေါ်ကြတယ်၊ အဲ့ဒါနဲ့ အနုပညာလုပ်မယ်ဆိုတော့ ရွေးဖြစ်ခဲ့တာပါ။ နောက်ပိုင်းလည်း ဂျူနီယာချစ်ကောင်း နာမည်နဲ့ပဲ ရပ်တည်သွားမှာပါ၊ ကျွန်တော်က Rock ဘက်ပေါက်တဲ့ပုံစံဆိုချင်ပေမယ့် ကျွန်တော်အသံက အေးအေးလေးတွေနဲ့ အဆင်ပြေမယ်ထင်တယ်။ Pop, Slow Rock, Pop Rock ဘက်ကို သွားပါမယ်။ လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် ပေ့ါပေ့ါပါးပါးလေးတွေကိုပဲ ရွေးဖြစ်ပါတယ်" ဟု ပြောသည်။

အနုပညာလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရာတွင် ဖခင်ဖြစ်သူနှင့်ကွဲပြားအောင် လုပ်မည့်အခြေအနေနှင့်ပတ်သက်၍ "ကျွန်တော် သီးသန့်ခွဲပြီး ရပ်တည်ချင်ပါတယ်၊ လောင်းရိပ်အောက်မှာမိနေတာကတော့ ဖိအားများပါတယ်၊ အခုက စလုပ်ခါစဆိုတော့ သူတို့ရဲ့ Support လေးတော့ယူနေရပါတယ်။ အခြေအနေတစ်ခုရောက်သွားပြီဆိုရင်တော့ ခွဲထွက်ဖို့ရှိပါတယ်၊ နောက်ပြီး ကျွန်တော့်အနေနဲ့ ဂီတနဲ့ပတ်သက်ပြီး ရှေ့ဆက်ပြီးလုပ်မှာတွေရှိတယ်။ အစ်မနဲ့ တစ်ယောက်တစ်ခြမ်းလုပ်ဖို့ရှိပါတယ်၊ နှစ်ယောက်အတွဲလေးလည်းပါမယ်ပေ့ါနော်။ သီချင်းလေးတွေရွေးနေတုန်းပါပဲ၊ အစ်မနဲ့အတူ သီချင်းလေးတွေရွေးပါတယ်၊ လိုက်မလိုက်ကို အစ်မက ရွေးပေးထားတယ်။ အချစ်အလွမ်းလေးတွေ အဓိကထား ရေးဖြစ်တယ်။ နောက်ပိုင်းတော့ ဘဝနဲ့ဆိုင်တဲ့ အကြောင်းအရာလေးတွေ၊ နေ့စဉ်သွားလာလှုပ်ရှားနေတဲ့ အကြောင်းအရာလေးတွေ ရေးသွားဖို့ရှိပါတယ်" ဟုလည်း ဂျူနီယာချစ်ကောင်းက ဆိုသည်။ **ကိုလင်း**

# Mrs Grace Beauty Myanmar 2018 ပြိုင်ပွဲ ကျင်းပပြီးစီး

စက်တင်ဘာ ၁၉ ရက်မှစတင်ပြီး စက်တင်ဘာ ၂၈ ရက်အထိ ပြည်တွင်း၌ကျင်းပခဲ့သည့် Mrs Grace Beauty Myanmar 2018 ပြိုင်ပွဲတွင် Winner အဖြစ် အိမ်ထောင်ရှင်အလှမယ် ဇင်မာဦးက ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

ပြိုင်ပွဲ Winner အလှမယ် ဇင်မာဦးက "ညီမအသက်က အခုဆို ၃၇ နှစ်ရှိပါပြီ၊ ၁၂ နှစ်အရွယ် သမီးတစ်ယောက်နဲ့ သုံးနှစ်ခွဲအရွယ် သားတစ်ယောက်ရှိတဲ့ အိမ်ထောင်ရှင် အမျိုးသမီးတစ်ဦးပေ့ါ၊ ဒီပွဲကြီးမှာ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်တာက ကိုယ့်ရှေ့မှာ ပြိုင်နေကြတဲ့ အိမ်ထောင်ရှင်အလှမယ်တွေကိုလည်း အားကျတယ်၊ အိမ်ထောင်တာဝန်တွေပိနေကြတဲ့ ကြားထဲကနေ အိမ်ထောင်ရှင်အမျိုးသမီးတစ်ယောက်ရဲ့အလှကို ဖော်ထုတ်ပြသဖို့ ကြိုးစားကြတာတွေကိုကြည့်ပြီး သဘောကျခဲ့တာပါ၊ အများရဲ့အလယ်မှာ ဂုဏ်ယူဝင့်ကြွားစွာနဲ့ ငါအိမ်ထောင်ရှင်မိန်းမတစ်ယောက်ပဲ၊ ငါ့မှာ ရှိသင့်ရှိထိုက်တဲ့အလှတရားတွေရှိသေးတယ်ဆိုတာမျိုးကို ပြသချင်လို့ပါ" ဟု ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ထောင်ရှင်အမျိုးသမီးပေါင်း ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အရည်အချင်းပြည့်ဝသော Winner တစ်ဦးကို ရွေးချယ်ခဲ့ကြောင်း၊ ယခု Winner ဖြစ်သူ ဇင်မာဦးအနေဖြင့် အောက်တိုဘာ ၃၀ ရက် တွင် အိုးရှင်းပြူးတီး ၂၀၁၈ ပြိုင်ပွဲကို ထပ်မံယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

# 'ကျွန်မ' သီချင်းဖြင့် ပရိသတ်အားပေးမှုရလာသူ အဆိုတော် ကေကေမိုးနှင့် တွေ့ဆုံမေးမြန်းခြင်း

သံစဉ်များနဲ့ကမ္ဘာ သီချင်းဆိုပြိုင်ပွဲမှတစ်ဆင့် ဂီတလောကထဲကို ဝင်ရောက်လာခဲ့ပြီး တေးရေး ဝေကြီး ရေးသားပေးသည့် ကျွန်မ တေးသီချင်းဖြင့် ၂၀၁၇ ခုနှစ်တွင် ပထမဆုံး တစ်ကိုယ်တော်အခွေထွက်နိုင်ခဲ့သည့် တေးသံရှင် ကေကေမိုးအနေဖြင့် အိပ်မက်ကလေး၊ ကျေနပ်တယ် သီချင်းများဖြင့် လူသိများလာခဲ့ပြီး ရုပ်ရှင်ဇာတ်ဝင်တေးတစ်ပုဒ်ဖြစ်သည့် မောင်မငိုရဘူးနော် သီချင်းမှာလည်း အအောင်မြင်ဆုံးသီချင်းတစ်ပုဒ် ဖြစ်ခဲ့သည်။ ကေကေမိုး၏ လက်ရှိအနုပညာလုပ်ငန်းများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**မေး - ကေကေကို ပရိသတ် သတိထားမိလာတာက။**

ဖြေ - 'ကျွန်မ'ဆိုတဲ့ သီချင်းလေးကြောင့်ပါ၊ ကေက အမ်တီဗွီထွက်တာလည်းနည်းတော့ သီချင်းလေးတွေက ပေါက်ပေမယ့် သိတဲ့ပရိသတ်ရှိသလို မသိတဲ့ပရိသတ်တွေလည်းရှိတယ်။ အခုတော့ အမ်တီဗွီထွက်ထားတာတွေက သုံးလေးခုလောက်တော့ရှိပြီပေ့ါ။ တဖြည်းဖြည်းနဲ့ ပရိသတ်ကတော့ တွဲတော့တွဲမိလာပြီပေ့ါ၊ နောက်ပိုင်းလည်း အမ်တီဗွီတွေ များများထွက်နိုင်အောင် ကေကြိုးစားနေပါတယ်။ တေးရေး ကိုဝေကြီးကိုလည်း ဒီကနေ ကျေးဇူးတင်ပါတယ်လို့ ထပ်ပြောချင်ပါတယ်။ ဒီသီချင်းလေးကို ယုံယုံကြည်ကြည်နဲ့ ပေးဆိုခွင့်ပေးတဲ့အတွက်ပေ့ါနော်။

**မေး - မောင်ချိုပြန်ဆိုလိုက်မှ ပိုပြီး ကေကေ့ကို သိလာတယ်လို့ ပြောနေကြတဲ့အပေါ် ညီမရဲ့ခံစားချက်က။**

ဖြေ - ညီမ ဘယ်လိုမှ မခံစားရပါဘူး။ ဘာလို့လဲဆို အကောင်းဘက်ကတွေးရင်ပေ့ါ။ ကေကေမိုးကိုသိတဲ့ ပရိသတ်ရှိသလို မသိတဲ့ပရိသတ်ရှိမှာပါ။ ကေကေကတော့ အဲဒီအပေါ်မှာ စိတ်သိပ်မထားဘူး။ ဘာလို့လဲဆိုတော့ ပြိုင်ပွဲကနေတစ်ဆင့် ကိုယ့်ကိုသိသွားတာဆိုရင်ပဲ ကျေနပ်ပါတယ်။ ကျန်တဲ့ဟာတွေက ကေနဲ့လည်းမဆိုင်ဘူးလို့ ထင်ပါတယ်။ ကိုယ့်ကို ပရိသတ်က သူဆိုတယ်လို့တွဲမိရင်တော့ ပိုကောင်းတာပေ့ါ၊ သီချင်းချည်းပဲ ပေါက်နေလို့လည်း ရပ်တည်လို့တော့မရဘူး။ ဆိုတဲ့သူက ဘယ်သူလဲပေ့ါနော်၊ ရုပ်နဲ့ အသံနဲ့ တွဲမိဖို့ လိုတယ်ဆိုတော့ နှစ်ခုလုံး အရေးပါတယ်လို့ ထင်ပါတယ်။

**မေး - နောက်ထပ်ဖန်တီးမယ့် ဂီတနဲ့ပတ်သက်ပြီး ကေကေရဲ့ ခံယူချက်လေးတွေက။**

ဖြေ - ကေတို့က ကိုယ့်ဟာကိုယ် ကြိုးစားနေတဲ့ လူငယ်တစ်ယောက်ဆိုတော့ အခက်အခဲကတော့ အနည်းနဲ့အများဆိုတာထက် များများတော့ရှိတာပါပဲ။ အမ်တီဗွီရိုက်ရင်လည်း သိန်းဆယ်နဲ့ချီပြီး ကုန်အောင်ရိုက်နိုင်မှ၊ ဘာပဲပြောပြော မောင်မငိုရဘူးနော် သီချင်းဆိုရင် Third Eye Production က ရိုက်ပေးတယ်။ 'ကျွန်မ' သီချင်းဆိုရင်လည်း FG Entertainment က ရိုက်ပေးတယ်။ အခုနောက်ပိုင်းလည်း အမ်တီဗွီတစ်ခွေလုံးထက် ပရိသတ်အားပေးကြတဲ့ တစ်ပုဒ်ချင်းစီ ရွေးချယ်တင်ပေးသွားဖို့ရှိတယ်။ အဲဒီ အမ်တီဗွီလေးကို တချို့တွေက ပြောကြတယ်။ ကာရာအိုကေဆိုင်မှာဆိုပြီး ရိုက်ထားတယ်..ဘာညာ ကေကြားရတဲ့အတွက်ကြောင့် ဒုတိယအခွေထွက်ရင် ဒုတိယအခွေရဲ့ အမ်တီဗွီမှာ ငါးပုဒ်လောက်နဲ့ ပထမအခွေရဲ့အမ်တီဗွီငါးပုဒ်လောက်ကို ပြန်စီပြီးထွက်ဖို့တော့ စီစဉ်ထားပါတယ်။

**မေး - ဒုတိယအခွေမှာ သီချင်းသစ်တွေ တောင်းဆိုသူတွေအတွက်ရော။**

ဖြေ - ဒုတိယအခွေမှာတော့ ပရိသတ်လည်း နားစွဲလွယ်မယ့် သီချင်းမျိုး၊ ကေကေဆိုနေကျပုံစံမျိုးတွေနဲ့ ကိုယ်တိုင်လည်း သိပ်ဆိုချင်နေတဲ့ R & B ပုံစံမျိုး ထည့်ဖို့ရှိတယ်။ ကေလည်းကြိုက်တဲ့ နောက်ထပ်သီချင်းအသစ်တွေက အမ်တီဗွီအနေနဲ့လည်း ထွက်လာဖို့ရှိတယ်။ ပြီးတော့ ကေကေ့အခွေလေးဆက်ရန် သီချင်းလေးကလည်း အမ်တီဗွီရိုက်ပြီးသွားပြီဆိုတော့ တင်ပေးဖို့ပဲ ကျန်တော့တယ်။



အားပေးလာတဲ့ပရိသတ်က ကေကေ့သီချင်းတွေကို လက်ခံလာလေလေ၊ ကိုယ့်ဘက်ကလည်း ပရိသတ်အတွက် အကောင်းဆုံးဂီတတွေကိုပြန်ပေးဖို့ ကေ့အတွက် တာဝန်တွေလည်း ပိုကြီးလာပါတယ်။ ပရိသတ်အတွက် မတူတဲ့ရသမျိုးစုံ ခံစားနိုင်အောင်လို့ ကေကေကြိုးစားနေပါတယ်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ



# အယ်လ်တန်ဂျွန်၏ ဘဝဇာတ်ကြောင်းကို အခြေခံရိုက်ကူးထားသည့် Rocketman ဇာတ်ကား နမူနာထွက်ရှိ

အဆိုတော်ကြီး အယ်လ်တန်ဂျွန်၏ ဘဝဇာတ်ကြောင်းကို အခြေခံကာ ရိုက်ကူးထားသည့် Rocketman ဇာတ်ကား နမူနာကို တနင်္လာနေ့တွင် စတင်ပြသခဲ့ပြီး သရုပ်ဆောင် တာရွန်အီဂါတွန်က နာမည်ကျော်ဂီတပညာရှင်အဖြစ် သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားတွင် ဂျွန်၏ အအောင်မြင်ဆုံး ဂီတဖျော်ဖြေပွဲဖြစ်ရပ်များကို ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပြီး ၁၉၇၅ ခုနှစ်က ဒေါ်ဂါ ကဇာတ်ရုံကြီးတွင် ပြုလုပ်ခဲ့သည့် သမိုင်းဝင်ဂီတဖျော်ဖြေပွဲကိုလည်း ထည့်သွင်းဖော်ပြထားသည်။ အဆိုပါဇာတ်ကားတွင်ပါဝင်ကြသည့် သရုပ်ဆောင်များမှာ Bryce Dallas Howard ၊ Jamie Bell နှင့် Richard Madden တို့ဖြစ်ကြသည်။

အဆိုပါရုပ်ရှင်ကို ၂၀၁၉ ခုနှစ် မေ ၃၁ ရက်တွင် ရုံတင်ပြသမည်ဟု သိရသည်။ အယ်လ်တန်ဂျွန်သည် ဂရမ်မီဆုကို ငါးကြိမ်တိုင်တိုင် ဆွတ်ခူးထားသူဖြစ်သည့်အပြင် Billboard ၏အအောင်မြင်ဆုံးအနုပညာရှင် ၁၀၀တွင် တတိယနေရာ ရရှိခဲ့သူလည်းဖြစ်သည်။ အသက် ၇၁ နှစ်အရွယ် အယ်လ်တန်ဂျွန်သည် သုံးနှစ်ကြာနယ်လှည့်ဖျော်ဖြေပွဲပြီးသည့်နောက် ဖျော်ဖြေပွဲများမှ အနားယူတော့မည်ဟု ဇန်နဝါရီလအတွင်းက ကြေညာခဲ့သည်။ အသက် ၁၇ နှစ်မှစကာ တေးဂီတအဖွဲ့မျိုးစုံဖြင့် နယ်လှည့်ဖျော်ဖြေပွဲများ ပြုလုပ်ခဲ့သော အယ်လ်တန်ဂျွန်သည် ယခုအခါ သူ၏ဦးစားပေး အစီအစဉ်များပြောင်းလဲသွားပြီဖြစ်ကြောင်း သူ၏လက်တွဲဖော် ဒေးဗစ်ဖာနစ်ရှ်နှင့် ကလေးများကသာ သူ့ဘဝအတွက် ဦးစားပေးစရာများဖြစ်လာသည်ဟု ပြောကြားခဲ့သည်။

**စီအင်န်အင်န်**

# ရုပ်ရှင်မင်းသမီး ဂွင်းနက်ပါလ်ထရို ရုပ်သံ ပရိုဂျူဆာတစ်ဦးနှင့်လက်ထပ်

ရုပ်ရှင်မင်းသမီး ဂွင်းနက်ပါလ်ထရိုဟာ ရုပ်သံပရိုဂျူဆာတစ်ဦးဖြစ်သူ ဘရက်ဖယ်ချက်နဲ့ လက်ထပ်လိုက်ပြီဖြစ်တဲ့ အကြောင်းကြေညာခဲ့ပါတယ်။ သူတို့စုံတွဲဟာ ဂွင်းနက်ပါလ်ထရိုရဲ့နေအိမ်မှာပဲ သီးသန့်မင်္ဂလာပွဲလေးကျင်းပပြီး စနေနေ့ကပဲ လက်ထပ်ခဲ့ကြတာပါ။ တနင်္ဂနွေနေ့မှာတော့ ဂွင်းနက်ပါလ်ထရိုဟာ လက်ထပ်လက်စွပ်ဝတ်ထားတဲ့ ဓာတ်ပုံနှင့် စုံတွဲဓာတ်ပုံတို့ကို ပြသခဲ့ပါတယ်။ ဒါကြောင့်လည်း သူတို့လက်ထပ်လိုက်ပြီလို့ အတိအကျ ပြောလို့ရသွားပါတယ်။

မင်းသမီးရဲ့ ပရိသတ်တွေကတော့ မင်္ဂလာမောင်နှံအတွက် ဆုမွန်ကောင်းတွေ တောင်းပေးခဲ့ကြပါတယ်။ သူတို့စုံတွဲဟာ ၂၀၁၅ ခုနှစ်က ချစ်ကျွမ်းဝင်ခဲ့ကြတာဖြစ်ပြီး ယခုနှစ်အစောပိုင်းကမှ စေ့စပ်ကြောင်း ကြေညာခဲ့ပါတယ်။ ဂွင်းနက်ပါလ်ထရိုဟာ ခင်ပွန်းဟောင်းဖြစ်သူ ခရစ်မာတင်နဲ့ ကလေးနှစ်ဦးရှိပြီး ၂၀၁၆ ခုနှစ်ကမှ အပြီးသတ်ကွာရှင်းခဲ့ပြီး ဆယ်စုနှစ်တစ်ခုကြာ အိမ်ထောင်ရေးကို အဆုံးသတ်ခဲ့ပါတယ်။ သူတို့နှစ်ဦးဟာ အခုအချိန်မှာတော့ သူငယ်ချင်းတွေအဖြစ်နဲ့ အဆင်ပြေနေတယ်လို့ ဆိုပါတယ်။ အခု ဂွင်းနက်ပါလ်ထရိုရဲ့ မင်္ဂလာပွဲကိုတော့ ခင်ပွန်းဟောင်းဖြစ်သူ တက်ရောက်ခဲ့ခြင်းမရှိပါဘူး။

**ဘီဘီစီ**



၆။

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၄၁)

# မိခင်ဌာန တမ်းတရသည်



## ဦးဟန်ညွန့် (ဥပဒေ)

**ပြည်ထောင်စု ရှေ့နေချုပ်ရုံး**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အစည်းအဝေးသွားတက်ရမည်။ ဖိတ်စာရောက်သည်။ ဘာအစည်းအဝေးပါလိမ့်။ တရားဥပဒေရေးရာ ကိစ္စရပ်တစ်ခုအတွက် အစည်းအဝေးဖြစ်ပါသည်။

ဩော်... ရှေ့နေချုပ်ရုံးက အငြိမ်းစားယူခဲ့တာ ရှစ်နှစ်ကျော်ပြီ။ အငြိမ်းစားယူပြီးကတည်းက ဤရုံးသို့ ကျွန်တော် မရောက်ခဲ့တော့ပါ။ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်ဘဝဖြင့် ကျင်လည်ခဲ့သည်။ သတင်းသမားတစ်ဦးအဖြစ်လည်း မီဒီယာလောကသို့ ခြေချခဲ့သည်။

**တာဝန်**

နိုင်ငံတော်၏ တာဝန်ပေးအပ်ချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတာဝန်ကို ယနေ့ထမ်းဆောင်ရပြန်သည်။ မိမိ၏ ဘဝအစက ဘာလဲ။ ဥပဒေဝန်ထမ်းဘဝပါ။ ဥပဒေတာဝန်ကို ထမ်းခဲ့ရသော ဝန်ထမ်းစစ်စစ်တစ်ဦးပါ။ တက္ကသိုလ်က ဥပဒေဘွဲ့ရပြီးပြီးချင်း ဥပဒေဝန်ထမ်းအဆင့်(၄)(အစမ်းခန့်)အဖြစ် (၁၉၇၃) တွင် ဖောင်ကြီး ဗဟိုပြည်သူ့ဝန်ထမ်းကျောင်းသို့ တက်ရောက်ခဲ့ရသူပါ။ ဥပဒေဝန်ထမ်းတာဝန်ထမ်းမည့်သူသည် ဥပဒေပညာတတ်ရုံသာမက ပြည်သူ့ဘဝနှင့် ကင်းကွာ၍မရ။ စာတွေ့မှသည် လက်တွေ့၊ အခြေခံစစ်ပညာမှစပြီး ဘက်စုံထူးချွန်အောင် သင်တန်းတက်ခဲ့ရတာပါ။ ဖောင်ကြီးဆင်း၊ အောင်ဆန်း(၆)တပ်ခွဲပါ။ ပြည်သူ့ရေးရာ အရာရှိသင်တန်းဟုလည်း နာမည်ကျော်ပါသည်။ ပြန်လည်သတိရစရာပါ။

**ဥပဒေဝန်ထမ်းဘဝ**

၁၉၇၄ ခုနှစ်တွင် ဥပဒေဝန်ထမ်း စတင်တာဝန်ထမ်းသည်။ ၂၀၁၀ ပြည့်နှစ်တွင်




အငြိမ်းစားယူသည်။ ဥပဒေဝန်ထမ်းလုပ်သက် ၃၆ နှစ် ထမ်းခဲ့သူမှာ ကျွန်တော်ပါ။ ဘာမှ မကြာလိုက်သလိုပါပဲ။

**မှတ်တမ်းများ**

အစည်းအဝေးမစခင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အစည်းအဝေးခန်းမ တစ်ခုလုံးအား မျက်စိကစားမိသည်။ တွေ့ပါပြီ။ မော်ကွန်းမှတ်တမ်းများ။ ဓာတ်ပုံများ...။

| စဉ် | အမည် | တာဝန်ထမ်းကာလ (မှ - ထိ) |
|---|---|---|
| ၁။ | ဦးချန်ထွန်း(ရှေ့နေချုပ်) | - ၁၉၄၈ မှ၊ ၃၀-၆-၁၉၅၃ |
| ၂။ | ဦးချွန်ဖောင်(ခ) ဦးအုန်းခင် (ရှေ့နေချုပ်) | - ၁- ၇- ၅၃ မှ ၃၀- ၁၀- ၅၃ |
| ၃။ | ဦးချန်ထွန်းအောင်(ရှေ့နေချုပ်) | - ၁-၁၁- ၅၃ မှ ၃၁- ၁၂- ၅၃ |
| ၄။ | ဦးချန်ထွန်း(ရှေ့နေချုပ်) | - ၁- ၁- ၅၄ မှ ၁- ၁၀- ၅၄ |
| ၅။ | ဦးချန်ထွန်းအောင်(ရှေ့နေချုပ်) | - ၂- ၁၀- ၅၄ မှ ၁၆- ၃- ၅၅ |
| ၆။ | ဦးချွန်ဖောင်(ခ)ဦးအုန်းခင် (ရှေ့နေချုပ်၊ ဒုတိယအကြိမ်) | - ၁၇- ၃- ၅၅ မှ ၂၈- ၂- ၅၇ |
| ၇။ | ဒေါက်တာဘဟန် (ရှေ့နေချုပ်) | - ၁- ၃- ၅၇ မှ ၂၈- ၁၀- ၅၈ |
| ၈။ | ဦးဘစိန် (ရှေ့နေချုပ်) | - ၂၉- ၁၀- ၅၈ မှ၊ ၄- ၄-၆၀ |
| ၉။ | ဦးရန်အောင်(ရှေ့နေချုပ်) | - ၅- ၄- ၆၀ မှ ၂၁- ၃- ၆၁ |
| ၁၀။ | ဦးဘဆွေ (ရှေ့နေချုပ်) | - ၁- ၄- ၆၁ မှ ၇- ၃- ၆၂ |
| ၁၁။ | ဦးဘစိန် (ရှေ့နေချုပ်) | - ၈- ၃- ၆၂ မှ ၂၅- ၉- ၇၁ |
| ၁၂။ | ပါမောက္ခဦးလှအောင်(ရှေ့နေချုပ်) | - ၂၅- ၉- ၇၁ မှ ၄- ၃- ၇၄ |

**ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌများ**

| | | |
|---|---|---|
| ၁။ | ဦးမောင်မောင်ကျော်ဝင်း | - ၄- ၃- ၇၄ မှ ၈- ၁၁- ၈၁ |
| ၂။ | ဦးမြင့်မောင် | - ၉- ၁၁- ၈၁ မှ ၂၆- ၇- ၈၈ |
| ၃။ | ဒေါက်တာမောင်မောင် | - ၂၇- ၇- ၈၈ မှ ၁၉- ၈-၈၈ |
| ၄။ | ဦးသောင်းတင် | - ၁၉-၈- ၈၈ မှ ၁၈- ၉- ၈၈ |

**ရှေ့နေချုပ်များ**

| | | |
|---|---|---|
| ၁။ | ဦးသာထွန်း | ၂၇- ၉- ၈၈ မှ ၉- ၅-၂၀၀၃ |
| ၂။ | ဦးအေးမောင် | ၂၂-၇- ၂၀၀၃ မှ ၃၀- ၃- ၂၀၁၁ |
| ၃။ | ဒေါက်တာထွန်းရှင် | ၃၀- ၃- ၂၀၁၁ မှ ၃၀-၃- ၂၀၁၆ |
| ၄။ | ဦးထွန်းထွန်းဦး | (၅၊ ၄၊ ၂၀၁၆ မှ ယနေ့ထိ) |

**ဗဟိုဥပဒေရုံး၊ ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးချုပ်များ**

| စဉ် | အမည် | မှ၊ ထိ |
|---|---|---|
| ၁ | ဦးမောင်မောင်ကြည် | - ၁၉-၃- ၇၂ မှ ၁၉၇၅ |
| ၂ | ဦးမျိုးထွန်းလင်း | - ၁၉ -၁၂- ၇၅ မှ ၂၈- ၂-၈၉ |
| ၃ | ဦးသောင်းညွန့် | - ၂၅-၅- ၈၉ မှ ၁၂- ၉- ၉၂ |
| ၄ | ဦးကျော်အေး | - ၁၄- ၉- ၉၂ မှ ၁၇- ၁၂- ၉၈ |
| ၅ | ဒေါက်တာထွန်းရှင် | - ၂၂- ၁- ၉၉ မှ ၁- ၂- ၂၀၀၃ |
| ၆ | ဦးမြညိမ်း | - ၂၉- ၅- ၂၀၀၃ မှ ၁၉- ၉- ၂၀၀၆ |
| ၇ | ဦးတင်မြင့် | - ၂၂- ၉- ၂၀၀၆ မှ ၂၂- ၆- ၂၀၀၉ |
| ၈ | ဦးဟန်ညွန့်(ညွှန်ချုပ်၊ တာဝန်) | - ၂၃- ၆- ၂၀၀၉ မှ ၁၈- ၁-၂၀၁၀ |
| ၉ | ဒေါ်ကျင်စန်း(ညွှန်ချုပ်၊ တာဝန်) | - ၁၈- ၁- ၂၀၁၀ မှ ၁၀- ၃- ၂၀၁၀ |
| ၁၀ | ဦးမြင့်ဝင်း(ညွှန်ချုပ်၊ တာဝန်) | - ၁၀- ၃- ၂၀၁၀ မှ ၄- ၇- ၂၀၁၂ |
| ၁၁ | ဦးကျော်စန်း(ညွှန်ချုပ်) | - ၄- ၇- ၂၀၁၂ မှ ၈- ၈- ၂၀၁၅ |

**မိခင်ဌာန တမ်းတရသည်**

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌကြီးများ၊ နိုင်ငံတော်ရှေ့နေချုပ်ကြီးများ၊ ဒုတိယရှေ့နေချုပ်ကြီးများ၏ အမည်စာရင်းမော်ကွန်းများကို ဖတ်ရှုလေ့လာမှတ်သားရသည်။ များစွာ အကျိုးများလှသည်။ ဥပဒေပညာသင်ကြားပေးကြကုန်သော ဆရာကြီးများ၏ ကျေးဇူးတရားကား များပြားလှသည်။ ရေး၍မကုန်။ ပြော၍မကုန်။ မော်ကွန်းထိုးပေးသော တာဝန်ရှိသူများအားလည်း အထူးကျေးဇူးတင်မိသည်။ မိခင်ဌာနက မွေးမြူလေ့ကျင့်ပေးခဲ့သော တရားဥပဒေကျင့်ဝတ်၊ ကျင့်စဉ်၊ အတွေးအမြင်၊ စာတွေ့လက်တွေ့၊ လူထုဘဝ၊ ခံယူချက်၊ စေတနာ အဖြာဖြာတို့ကို ပြန်လည် တမ်းတမိသည်။ ခံစားမိသည်။ ဂါရဝပြုမိသည်။ ကျေးဇူးအလီလီ။

**ဒုတိယရှေ့နေချုပ်ကြီးများ**

ဥပဒေဝန်ထမ်းဘဝတွင် ဥပဒေပညာ ပို့ချပေးခဲ့ကြသော ဆရာကြီးဦးဘမော်၊ ဆရာကြီး ဦးကျော်ဝင်း၊ ဆရာကြီးဦးခင်မောင်အေး၊ ဆရာကြီး ဒေါက်တာထွန်းရှင်တို့အားလည်း လေးစားဂါရဝဖြင့် တမ်းတသတိရမိပါသည်။ ဆရာ ဦးဟန်ရှိန်နှင့် ဆရာဦးမြင့်နိုင်တို့မှာလည်း လုပ်ဖော်ကိုင်ဖက် ဥပဒေဝန်ထမ်းအဖြစ်မှ ဒုတိယရှေ့နေချုပ်များအဖြစ် လေးစားလက်တွဲလျက် ဥပဒေခရီးကို လျှောက်လှမ်းခဲ့ကြပါသည်။ ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဥပဒေသမိုင်းတွင် ထွန်းတောက်ဂုဏ်ယူဖွယ် ပြည်ထောင်စု ရှေ့နေချုပ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိကြောင်း မော်ကွန်းတင်ပါသည်။

**ကျွန်တော်တို့ခေတ်**

ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ခေတ်၊ တရားသူကြီးသုံးပါး ထိုင်ခေတ်၊ ထို့နောက် တရားသူကြီး တစ်ပါးထိုင်ခေတ်စသည်ဖြင့် ကျွန်တော်တို့ ကြုံခဲ့၊ ဆုံခဲ့၊ လျှောက်လှမ်းခဲ့ရပါသည်။ ကျွန်တော်တို့ခေတ်ဟုဆိုသော် မမှားနိုင်ဟု ထင်သည်။

**စေတနာ**

ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တာဝန်နှင့်အစည်းအဝေးလာတက်ရသော ဥပဒေဝန်ထမ်း(ငြိမ်း) တစ်ဦးအနေဖြင့် ဤရုံး၊ ဤဌာန [ရှေ့နေချုပ်ရုံးကြီး] မိခင်ဌာနအပေါ် တမ်းတ၊ လွမ်းရသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ ----။ ။

**"မိခင်ဌာနက မွေးမြူလေ့ကျင့်ပေးခဲ့သော တရားဥပဒေကျင့်ဝတ်၊ ကျင့်စဉ်၊ အတွေးအမြင်၊ စာတွေ့လက်တွေ့၊ လူထုဘဝ၊ ခံယူချက်၊ စေတနာ အဖြာဖြာတို့ကို ပြန်လည် တမ်းတမိသည်။ ခံစားမိသည်။ ဂါရဝပြုမိသည်။ ကျေးဇူးအလီလီ"**

# မဲရုံမှူး ဒုတိယမဲရုံမှူးများ သင်တန်းဖွင့်

**ကန်ပက်လက် အောက်တိုဘာ ၂**

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြားဖြတ်ရွေးကောက်ပွဲ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၏ ရွေးကောက်ပွဲဆိုင်ရာသင်တန်းဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်က အမှာစကားပြောကြားပြီး အဆိုပါသင်တန်းတွင် ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးလင်းကျော်နှင့် နည်းပြလေးဦးတို့က ပထမသုတ် သင်တန်းသား သင်တန်းသူ ၇၀ အား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်ကြေညာရာတွင် နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်မည့် ရေနံလုပ်ကွက်ကိုလည်းကောင်း၊ ရေနံ သယံဇာတစဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရေးအတွက် သီးသန့်ချန်လှပ်ထားရမည့် ရေနံလုပ်ကွက်များ (Reserved Blocks) ကိုလည်းကောင်း သီးခြားထည့်သွင်းသတ်မှတ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ကုန်းတွင်းပိုင်းဒေသတွင် ရေနံလုပ်ကွက် သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့်နယ်မြေဒေသကို သတ်မှတ်ကြေညာရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် သတ်မှတ်ချက်များနှင့်အညီ ကြေညာရမည်။

(ခ) ရေနံလုပ်ကွက် သတ်မှတ်ကြေညာရာတွင် သက်ဆိုင်ရာနယ်မြေဒေသရှိ အများ ပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ရေနံလုပ်ကွက် နယ်နိမိတ်တိုင်းတာ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကျွမ်းကျင်သူများ ပါဝင်သည့် စုံစမ်းစစ်ဆေးရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်လိုပါက ယင်းသို့ သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ရေနံလုပ်ကွက်အတွင်း ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ရေနံလုပ်ငန်းဆောင်ရွက်လိုပါက မြေအသုံးချနိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်ကိုဖြစ်စေ၊ ရေနံလုပ်ကွက်တစ်ခု၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၅)
## ဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စွမ်းအင်သယံဇာတအရင်းအမြစ်ဆိုင်ရာ ကောင်းမွန်သောစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် စီမံဆောင်ရွက်ခြင်း၊

(ခ) ရေနံလုပ်ငန်းဆောင်ရွက်လိုသူ အရည်အချင်းပြည့်မီသော ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၏လျှောက်ထားလာမှုများအပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ခြင်း၊

(ဂ) မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက လုပ်ကိုင်သော ရေနံလုပ်ငန်းများကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်တို့ ပူးပေါင်းလုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ ရေနံလုပ်ငန်းဆောင်ရွက်မှုကို ချောမွေ့စေရန် လိုအပ်သော လုပ်ကိုင်ခွင့်နှင့် ရေနံလုပ်ငန်း၏စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(င) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်အရလည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူ၏ အခွန်ဆိုင်ရာကိစ္စရပ်များအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်သက်တမ်းကို တိုးမြှင့်ပေးရန်၊ ပြင်ဆင်ပေးရန် သို့မဟုတ် ရပ်စဲပေးရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လုပ်ငန်းတွင် ၎င်းပါဝင်သည့် အစုရှယ်ယာ၊ တာဝန်နှင့်အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်လိုကြောင်း လျှောက်ထားလာပါက တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ဤဥပဒေပါ လုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထု သိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ အခါအားလျော်စွာဆောင်ရွက်ခြင်း၊

(ဈ) ရေနံလုပ်ငန်းများ၌ လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြိုတင်ကာကွယ်မှုများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ရေနံလုပ်ငန်းများအတွက် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများကို အများပြည်သူ သိရှိစေရန် ထုတ်ပြန်ခြင်း။

၁၁။ ဝန်ကြီးဌာန၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား ရေနံလုပ်ငန်းနှင့် သက်ဆိုင်သည့် လိုအပ်သော အထောက်အထားများ၊ အချက်အလက်များကို တင်ပြစေခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ရေနံလုပ်ငန်းများ ဆောင်ရွက်ရာတွင်အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှ စုဆောင်းရရှိသော အချက်အလက် မူရင်းများနှင့် ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်းစသည့်နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ပဋိညာဉ်စာချုပ်နှင့်အညီ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ရယူပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဃ) ရေနံလုပ်ငန်းများဆောင်ရွက်လျက်ရှိသော လုပ်ငန်းတည်နေရာ၊ ဆက်စပ်နေရာများနှင့် ရေနံလုပ်ကွက်အတွင်းသို့ အချိန်မရွေး ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်းစာအုပ်များကို စစ်ဆေးခြင်း၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေး ဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် မူဝါဒ၊ အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ မရှိ ဝင်ရောက် စစ်ဆေးခြင်း၊

(စ) ရေနံလုပ်ငန်းများတွင် သတ်မှတ်ထားသည့် အစုရှယ်ယာအချိုးအစား၊ တာဝန်နှင့် အခွင့်အရေး၊ အကျိုးစီးပွားတို့ကို ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သောထိခိုက်မှု လေ့လာဆန်းစစ်ခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက ရေနံလုပ်ငန်းနှင့်စပ်ဆိုင်သည့် ခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်အရ လုပ်ကိုင်ခွင့်ရရှိသည့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ အစုရှယ်ယာ၊ တာဝန်နှင့်အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားတစ်ရပ်ရပ်ကိုသော်လည်းကောင်း လွှဲပြောင်းသည့်အခါ ဦးစားပေး လွှဲပြောင်းရယူခွင့်ရှိခြင်း၊

(ဈ) ထုတ်လုပ်သည့်ရေနံအား ပြည်တွင်းသုံး လိုအပ်ချက်ပြည့်မီစေရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူထံမှ ဦးစားပေးဝယ်ယူခွင့်ရှိခြင်း၊

(ည) ရေနံလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သမားများနှင့် စပ်လျဉ်းသည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဋ) နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်ပါက ခွင့်ပြုထားသော ရေနံလုပ်ကွက်မြေဧရိယာ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ တည်ဆဲမြေသိမ်းဥပဒေနှင့်အညီ သိမ်းယူပြီး လွှဲပြောင်းပေးခြင်း၊

(ဌ) ရေနံလုပ်ငန်းများဆောင်ရွက်ရာမှ ရရှိသောအချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာ လျှို့ဝှက်ထိန်းသိမ်းလျက် သုံးစွဲနိုင်ခွင့်ရှိခြင်း၊

(ဍ) ရေနံလုပ်ငန်းများနှင့် ဆက်စပ်သော သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှု လုပ်ငန်းများအတွက် အခကြေးငွေ စည်းကြပ်နိုင်ခြင်း။

## အခန်း(၆)
## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်များအနက်မှ ပုဒ်မ ၇ အရ နိုင်ငံတော်၏အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်ရန် သတ်မှတ်ထားသည့် ရေနံလုပ်ကွက်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအား ရေနံလုပ်ငန်း တစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ရန်ခွင့်ပြုနိုင်သည်။

၁၃။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် -

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့်ပူးပေါင်း၍ သော်လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း လုပ်ကိုင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရာတွင် ဤဥပဒေအရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ရယူခြင်းတို့မှ ကင်းလွတ်ခွင့်ရရှိစေရမည်။

၁၄။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို ပူးပေါင်းဆောင်ရွက်သည့် အောက်ဖော်ပြပါစီးပွားရေးစနစ် တစ်မျိုးမျိုးဖြင့်လုပ်ကိုင်ရန် ဤဥပဒေအရ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်တို့ရယူ၍ နှစ်ဖက် သဘောတူစာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်နိုင်သည် -

(က) ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့်စနစ်ဖြင့် လုပ်ကိုင်ခြင်း၊

(ခ) အစုရှယ်ယာထည့်ဝင်၍ ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဂ) အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ခြင်း၊

(ဃ) အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ် (Profit Sharing) ဖြင့်လုပ်ကိုင်ခြင်း။

## အခန်း(၇)
## ရေနံလုပ်ငန်းကို ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်နှင့် ပူးပေါင်းလုပ်ကိုင်ရန် အသိပေးဖိတ်ခေါ်ခြင်း

၁၅။ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရသူကို ရွေးချယ်ရာတွင် -

(က) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ လက်ဝါးကြီးအုပ်ရယူခြင်းနှင့် ဈေးကစားခြင်းများ မရှိစေရေး၊ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများဖွဲ့စည်း၍ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အများပြည်သူတို့အား ဖိတ်ခေါ်ပြီး ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရမည်။

၁၆။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဖြင့် အများပြည်သူတို့အား ဖိတ်ခေါ်ရာတွင် ရေနံ၊ သယံဇာတအမျိုးအစားနှင့် ရေနံလုပ်ကွက်အလိုက်ဖော်ပြရာ၌ အခြားလိုအပ်သောအချက်များအပြင် အောက်ပါတို့ ပါရှိစေရမည် -

(က) ပူးပေါင်းလုပ်ကိုင်မည့် ရေနံလုပ်ကွက် အမည်၊ အမှတ်အသား၊ တည်နေရာ၊ လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊

(ခ) တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်မည့်စနစ် (ဖက်စပ်စနစ် (JV)၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစနစ်(PSC)၊ အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ် (Profit Sharing))၊

(ဂ) အဆိုပြုသူက တင်ပြအဆိုပြုရမည့်အချက်များမှာ -

(၁) မတည်ရင်းနှီးမည့် ငွေကြေးပမာဏနှင့်စပ်လျဉ်း၍ ငွေကြေးခိုင်မာမှုရှိကြောင်း အထောက်အထားများ (Financial Statements)၊

(၂) ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ဖွဲ့စည်းပုံစည်းမျဉ်းမိတ္တူ၊

(၃) နည်းပညာနှင့် ကျွမ်းကျင်သူ ပညာရှင်များ ပြည့်စုံစွာရှိကြောင်း အထောက်အထားများ၊

(၄) မည်သည့်နိုင်ငံ၏ ရေနံလုပ်ကွက်တွင် ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူး ဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ခဲ့သည့် အတွေ့အကြုံအထောက်အထား၊

(၅) နိုင်ငံတော်၏ဘဏ္ဍာငွေသို့ ထည့်ဝင်ထောက်ပံ့မည့် ငွေကြေးပမာဏနှင့် အချိုးအစား၊

(၆) ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းပြုမည့် လုပ်ငန်းစီမံချက် (Work Plan)၊

(၇) ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးသည့်အခါ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ရမည့်ကိစ္စ။

## အခန်း(၈)
## ရေနံလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

၁၇။ ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ကို လည်းကောင်း၊ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းလိုင်စင်ကိုလည်းကောင်း ရရှိရန် ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလျှောက်ထားရမည်။

၁၈။ (က) ဝန်ကြီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့် အခြားလိုအပ်သောကော်မတီများကို ဖွဲ့စည်း၍ ရေနံလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ခွင့်ရရှိရန် အဆိုပြုလျှောက်ထားချက်များအား စိစစ်ရွေးချယ်ရန် တာဝန်ပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြင်သစ်နည်းပြများက မြို့ပြအဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းပညာသင်တန်းပေး

**ရန်ကုန် အောက်တိုဘာ ၂**

နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော မီးသတ်တပ်ဖွဲ့ဝင်များ ပေါ်ထွက်လာစေရန် မြို့ပြအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းပညာသင်တန်းဖွင့်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမ၌ ကျင်းပရာ ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်နည်းပြများက သင်တန်းပေးခဲ့ကြသည်။

"ဒီကနေ့ဖွင့်လှစ်တဲ့ ခေတ်မီမီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်တွေ စွမ်းဆောင်ရည်မြင့်မားစေဖို့ ပြင်သစ်နိုင်ငံက နည်းပြတွေဟာ နိုင်ငံတကာမှာအသုံးပြုနေတဲ့ နိုင်ငံတကာ မြို့ပြရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေ၊ ခေတ်မီမြို့ပြဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ နည်းပညာရပ်တွေနဲ့ လုပ်ငန်းခွင်မှာ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးလုပ်ငန်းကိရိယာတွေကို လက်တွေ့ကိုင်တွယ်အသုံးပြုတဲ့ နည်းပညာတွေကို မျှဝေသင်ကြားပေးသွားမှာဖြစ်လို့ များစွာ အထောက်အကူဖြစ်စေမှာပါ။ ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ပြင်သစ်နိုင်ငံ မီးသတ်ဌာနတို့ကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်လာစေမယ်လို့လည်း ယုံကြည်ပါတယ်" ဟု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူက သင်တန်းဖွင့်ပွဲတွင် ပြောသည်။ ထို့နောက် ပြင်သစ်နိုင်ငံ မီးသတ်ဦးစီးဌာနမှ နည်းပြတစ်ဦးက သင်တန်းတွင်ပို့ချသွားမည့် အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းပညာများအကြောင်း ပြောကြားသည်။

စတုတ္ထအကြိမ်မြောက် ဖွင့်လှစ်သောသင်တန်းတွင် စာတွေ့လက်တွေ့သင်တန်းပေးသွားမည်ဖြစ်ပြီး မီးသတ်အရာရှိငယ် သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို ယခု စတုတ္ထအကြိမ်အပါအဝင် လေးကြိမ်ဖွင့်လှစ်နိုင်ခြင်းဖြစ်ရာ ၂၀၁၅ ခုနှစ်တွင် ပထမအကြိမ် သင်တန်းသား ၁၂၅ ဦး၊ ၂၀၁၆ ခုနှစ်တွင် ဒုတိယအကြိမ် သင်တန်းသား ၂၅ ဦး၊ ၂၀၁၇ ခုနှစ်တွင် တတိယအကြိမ် သင်တန်းသား ၃၀ တို့ကို သင်ကြားပေးနိုင်ခဲ့ပြီး ထိုနည်းပညာများကို မြန်မာနိုင်ငံအနှံ့ လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အသုံးပြုကာ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ပေးနေကြောင်း မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ သိရသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**




# မွန်ပြည်နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း

**မုဒုံ အောက်တိုဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မုဒုံမြို့နယ် နိုင်လုံကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်အသေးစား စက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက သင်တန်းဆင်းအမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ဤသင်တန်းဖွင့်လှစ်ရခြင်းမှာ စားသောက်ကုန်ပြုလုပ်ရာတွင် အသုံးပြုရမည့် ဓာတုဗေဒဆေးများကို စနစ်တကျသုံးစွဲတတ်စေရန်၊ တန်ဖိုးမြှင့်စားသောက်ကုန်များအား သင့်တင့်သော အရင်းအနှီးငွေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းငယ်များ ထူထောင်နိုင်၍ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးကာ လူမှုစီးပွားဘဝ တိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အဆိုပါ သင်တန်းတွင် ပြည်နယ်ဦးစီးဌာနမှ သင်တန်းနည်းပြများဖြစ်သည့် ဒေါ်နှင်းနန္ဒာလှိုင်နှင့် ဒေါ်သူသူစံတို့က သင်ကြားပြသခဲ့ကြောင်း သိရသည်။

သင်တန်းတွင် သဘာဝသစ်သီးများကို အခြေခံ၍ ဖျော်ရည်အမျိုးမျိုး၊ ယိုအမျိုးမျိုး၊ ခရမ်းချဉ်သီးဆော့စ်၊ ကျွဲကောသီးဝိုင်၊ သစ်သီးဂျယ်လီ၊ ပဲစာကလေးခွေ၊ ပဲချောင်း၊ ကွတ်ကီးအမျိုးမျိုး အစရှိသည့် တန်ဖိုးမြှင့်စားသောက်ကုန် ၂၃ မျိုးကို ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဆည်/တမံများမှ မိုးစပါး ၅၄၂၈ ဧကသို့ စိုက်ပျိုးရေပေးဝေလျက်ရှိ

**လားရှိုး အောက်တိုဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် အတွင်းရှိ ဟူးမွန်ရေလှောင်တမံ၊ ကောက်ကွေ့ ရေလှောင်တမံ၊ မြကန်ရေလှောင်တမံ၊ နန့်ကျန်ရေလှောင်တမံနှင့် ကျောက်မဲခရိုင် နမ္မတူမြို့နယ်အတွင်းမှ မုံးရင်ရေလှောင်တမံစသည့် ရေလှောင်တမံငါးခုနှင့် သိန္နီမြို့နယ်၊ ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်၊ နောင်ချိုမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့မှ ရေလွှဲဆည်ရှစ်ခု စုစုပေါင်း ဆည်/တမံ ၁၃ ခုတို့မှ နှစ်စဉ် ဒေသတွင်းစိုက်ပျိုးသည့် မိုးစပါးနှင့် နွေစပါးအတွက် စိုက်ပျိုးရေများ အောင်မြင်စွာ ပေးဝေလျက်ရှိရာ ယခုနှစ်တွင်လည်း မိုးစပါး ၅၄၂၈ ဧကအတွက် ဆည်ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



နမ့်မျှင်ရေလွှဲဆည်မှ မိုးစပါးအတွက် ရေပေးဝေနေစဉ်။

အဆိုပါ ဆည်၊ တမံများမှရေဖြင့် ယခင်နှစ်က မိုးစပါး ၃၁၂၈ ဧကနှင့် နွေစပါး ၁၇၅ ဧက ကို စိုက်ပျိုးရေ အောင်မြင်စွာပေးဝေနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် မိုးစပါး ၄၄၂၈ ဧကကိုသာ စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့သော်လည်း ၅၄၂၈ ဧကအထိ ဆည်ရေလုံလောက်စွာ အပြည့်အဝပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဆည်/တမံများမှ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေပေးဝေခြင်း၊ မြို့နေပြည်သူလူထုအတွက် အဓိကလိုအပ်သော သောက်သုံးရေပေးဝေခြင်း၊ ကျေးလက်ဒေသအချို့တွင် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးခြင်း၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးခြင်း စသည့် အကျိုးပြုလုပ်ငန်းများကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက စနစ်တကျကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရသည်။

**မောင်မွှေး**

# မိုးနဲတွင် ကျေးရွာအခြေပြု အမှိုက်ကင်းစင်သော စံပြကျေးရွာ အကောင်အထည်ဖော်

**မိုးနဲ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာလူထုအခြေပြုသည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေသော ဝမ်ဟေကျေးရွာအုပ်စု ဝမ်ဟေကျေးရွာတွင် အမှိုက်ကင်းစင်သော စံပြကျေးရွာအဖြစ် စက်တင်ဘာလနောက်ဆုံးပတ်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမှိုက်များ စနစ်တကျစွန့်ပစ်မှု၊ အမှိုက်ပုံးများ စနစ်တကျထားရှိမှုတို့ဖြင့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်နေသော ဝမ်ဟေကျေးရွာကို အမှိုက်ကင်းစင် ကျေးရွာဖြစ်စေရန်၊ ကျေးရွာတွင် လူထုအခြေပြုသည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ကျင့်သုံးဆောင်ရွက်တတ်စေရန်၊ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ကိုယ့်အားကိုယ်ကိုးဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် ထိရောက်ကောင်းမွန်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်မှ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်စေမှုများကို လျှော့ချပေးနိုင်စေရန်အတွက် ရည်ရွယ်၍ ကျေးရွာနေပြည်သူလူထုနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်နောင်ထွေးက ပြောသည်။

**မျိုးညွန့်ရွှေ (မိုးနဲ)**



# ညောင်ဦးမြို့နယ် ဆေးရွက်ကြီးစိုက်တောင်သူများ ဆေးရွက်ကြီးဝယ်သူမဆင်း၍ ဝယ်လက်မျှော်လင့်

**ညောင်ဦး အောက်တိုဘာ ၂**

ညောင်ဦးမြို့နယ်အတွင်းရှိ သစ်ထောင့်တောင်ရွာ၊ သစ်ထောင့်မြောက်ရွာ၊ ရွာသစ်ကုန်း ကျေးရွာ၊ ဘုရားလေးကုန်း ကျေးရွာ၊ အောက်ညဥ့်ကျေးရွာ၊ အထက်ညဥ့်ကျေးရွာများမှ တောင်သူများသည် မနှစ်ကဆောင်းရာသီကစိုက်ပျိုးခဲ့သော ဆေးရွက်ကြီးများကို အဝယ်မလာသည့်အတွက် ဝယ်လက်မျှော်လင့်နေကြောင်း ဆေးရွက်ကြီးစိုက် တောင်သူများထံမှ သိရသည်။

"အရင်နှစ်က ဈေးကောင်းတဲ့အတွက် နောက်နှစ်လည်း ဈေးဆက်ကောင်းမလားဆိုပြီး စိုက်လိုက်မိတာပါ။ တစ်ဧကခွဲစိုက်တာဆိုတော့ ပိဿာအချိန် ၉၀၀ လောက်ရပါတယ်။ အရင်နှစ်က ဈေးအတိုင်းဆိုရင် ဆေးရွက်ကြီးတစ်ပိဿာ ငွေကျပ် ၃၀၀၀ နှုန်းရောင်းရတယ်။ ဒီနှစ်မှာတော့ အခုအချိန်ထိ လုံးဝအဝယ်မလာတော့ဘူး။ ဆေးရွက်ကြီးကို ကွမ်းယာ၊ သနပ်ဖက်ဆေးလိပ်၊ ပြောင်းဖူးဖက်ဆေးလိပ်တို့နဲ့ ဆေးရွက်အလွတ်ဝါးကြတာနဲ့ဆိုတော့ ဝယ်လိုအားက များတာပေါ့။ အခု ဒီဘက်ခေတ်ရောက်တော့ ဆေးလိပ်သောက်သူ နည်းသွားတယ်။ ကွမ်းစားတစ်မျိုးတည်းဆိုတော့ ဆေးရွက်ကြီးကုန် ဝယ်လိုအားနည်းလာတယ်။ ဆေးရွက်ကြီး ရောင်းချမယ့် တောင်သူဦးရေက များနေတယ်။ ကျွန်တော်တို့ အရင်တုန်းကတော့ စိုက်သလောက်ကုန်ပါတယ်။ ဆေးရွက်ကြီးဝယ်တဲ့ ပွဲစားကလည်း များတယ်။ တောင်တွင်းကြီးဘက်၊ နတ်မောက်ဘက်၊ ပခုက္ကူဘက်နဲ့ မြင်းခြံဘက် ဆေးလိပ်ခုံတွေက ရသလောက်သိမ်းတယ်။ စိုက်ရတဲ့တောင်သူတွေမှာလည်း တွက်ခြေကိုက်တယ်။ အခုဒီနှစ်ပိုင်းမှာတော့ ဆေးရွက်ကြီးဝယ်သူ ဆေးရွက်ကြီးပွဲစားတွေက လာကိုမလာကြတော့ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ ဆေးရွက်ကြီးစိုက်တောင်သူတွေ ဆေးရွက်ကြီးဝယ်ပွဲစားတွေကို မျှော်နေကြတယ်" ဟု အောက်ညဥ့်ရွာသား ဆေးရွက်ကြီး စိုက်တောင်သူတစ်ဦးက ပြောသည်။

**ကျော်ငွေး(ညောင်ဦး)**

# စစ်တွေခရိုင်တွင် စပါးမျိုးကောင်းမျိုးသန့်မျိုးစေ့ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်

**စစ်တွေ အောက်တိုဘာ ၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင်တွင် ယခုနှစ် မိုးစပါး ၂၆၉၁၈၃ ဧက စိုက်ပျိုးထားရှိပြီး ခရိုင်၏ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်မှုအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်မျိုးစေ့ကို ဒေသနေတောင်သူများကိုယ်တိုင် လုံလောက်စွာထုတ်လုပ်သုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပေါက်တောမြို့နယ် ငွေဒွင်းဒွေကျေးရွာအုပ်စု သရက်ကျေးရွာတွင် နိုင်ငံတကာအဖွဲ့အစည်း GIZ အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သော မိုးစပါး RS-CS မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းသို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးဝေသည် စက်တင်ဘာလနောက်ဆုံးပတ်က ပြည်နယ်မျိုးစေ့တာဝန်ခံ ဒေါ်လှသိင်္ဂီ၊ ခရိုင်ဦးစီးမှူး ဦးမျိုးမင်းထွန်းနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းဌေးနှင့် ကွင်းဝန်ထမ်းများက မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဦးစီးမှူးက မျိုးစေ့ထုတ်စိုက်ခင်းတွင် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းရပ်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ခင်း လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ပူးပေါင်းလုပ်ကိုင်ကြသည့် တောင်သူများအနေဖြင့် မျိုးစေ့ထုတ်လုပ်ခြင်းနည်းပညာများ ပိုင်နိုင်ကျွမ်းကျင်စေရေး လေ့ကျင့်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ မျိုးစေ့ထုတ်စိုက်ကွင်းတွင် ပေါ်ဆန်းဘေးကြား စပါးမျိုးကို ဧက ၃၀ တစ်ကွင်းတစ်ဆက်တည်းစိုက်ပျိုးပြီး ဆင့်ပွားမိဘမျိုးစေ့ RS မှ ရောင်းချရန်မျိုးစေ့ CS အဖြစ် မျိုးသန့်မျိုးပွားထုတ်လုပ်နေခြင်းဖြစ်ကာ ယခုကဲ့သို့ မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှု အတွေ့အကြုံများအရ နောက်ပိုင်းတွင် တောင်သူများကိုယ်တိုင် မျိုးကောင်းမျိုးသန့် ကိုယ်ပိုင်ထုတ်လုပ်ပွားများနိုင်ပါက မြို့နယ်အတွင်း လျင်မြန်စွာ မျိုးသန့်လွှမ်းခြုံလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သိန်း**



# ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော် ဘုရားသီးတောင်မြို့ မြို့မဓမ္မာရုံ၌ တည်ထားကိုးကွယ်မည်

**ဘူးသီးတောင် အောက်တိုဘာ ၂**

ဘူးသီးတောင်မြို့ မြို့မဓမ္မာရုံ၌ တည်ထားကိုးကွယ်မည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်အား ယမန်နေ့က စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ရွှေနဒီ အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်မြို့နယ် အလင်းရောင် ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဝါသဝ ဦးဆောင်၍ ပင့်ဆောင်လာရာ ဆရာတော်သံဃာတော်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ဒေသခံပြည်သူများက ဘူးသီးတောင် ဆိပ်ကမ်း၌ ကြိုဆိုပင့်ဆောင်ကြသည်။

ထို့နောက် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို မော်တော်ယာဉ်များဖြင့် မြို့အတွင်း လှည့်လည်အပူဇော်ခံ၍ ယာယီကိန်းဝပ်တော်မူမည့် အမှတ်(၆)ရပ်ကွက်ရှိ အေးစေတီကျောင်းတိုက်သို့ ပင့်ဆောင်ကြသည်။ ဘူးသီးတောင်မြို့ မြို့မဓမ္မာရုံ ဆောက်လုပ်ပြီးစီးပါက ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်ကို အဆိုပါဓမ္မာရုံ၌ တည်ထားကိုးကွယ်သွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကလေးဝမြို့တွင် သက်ကြီးဘိုးဘွားများ လူမှုရေးပင်စင်ပေးအပ်

**ကလေးဝ အောက်တိုဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ဒေသခံ အသက် ၈၅ နှင့် အထက် သက်ကြီးဘိုးဘွားများ လူမှုရေး၊ ကျန်းမာရေးနှင့် လူနေမှုဘဝအဆင်ပြေစေရန် ရည်ရွယ်၍ လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘိုးဘွားတစ်ဦးလျှင် တစ်လ ငွေကျပ်တစ်သောင်းနှုန်းဖြင့် ဇူလိုင်လမှ စက်တင်ဘာလအထိ သုံးလအတွက် ငွေကျပ်သုံးသောင်းကို ကလေးဝမြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာမှ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၃၃ ဦးကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဟန်စိုး(ကလေးဝ)**

# မိုးညှင်းမြို့နယ် ကလေးစာပေပွဲတော်တွင် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းများအပါအဝင် ပြခန်း ၁၀ ခန်းပြသမည်

**မိုးညှင်း အောက်တိုဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ဌာနေတိုင်းရင်းသားများဖြစ်သည့် ကချင်၊ ရှမ်းစသည့် တိုင်းရင်းသားယဉ်ကျေးမှု ပြခန်းများအပြင် ပြခန်း ၁၀ ခန်း ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း ယမန်နေ့က ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကလေးစာပေပွဲတော် ဖြစ်မြောက်ရေး (တတိယအကြိမ်)အကြို ညှိနှိုင်းအစည်းအဝေးတွင် ပွဲတော်ဖြစ်မြောက်ရေး ဦးဆောင်စီစဉ်သူ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်နန်းမေစုအောင်က ပြောသည်။

မိုးညှင်းမြို့နယ်အတွင်းရှိ ကချင်ရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ရှမ်းစာပေနှင့်ယဉ်ကျေးမှုအသင်း၊ သျှမ်းနီစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ တိုင်းခန္တီးစာပေနှင့် ယဉ်ကျေးမှုအဖွဲ့စသည့် တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအသင်းအဖွဲ့များက ရိုးရာစာပေ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာဝတ်စားဆင်ယင်မှုများ အဓိက ပါဝင်မည့် ပြခန်းများကို ကလေးစာပေပွဲတော်ကျင်းပမည့် အထက(၁) ကျောင်းဆောင်မြေညီထပ်ရှိ အခန်းများတွင် ပြသသွားမည်ဖြစ်ကြောင်း အစည်းအဝေးဆုံးဖြတ်ချက်များအရ သိသည်။



အလားတူ ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ အများပြည်သူများ သိသင့်သိထိုက်သည့်စားသုံးရန် မသင့်သော အစားအသောက်များ၊ စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အများပြည်သူများ သိရှိနိုင်အောင် ခင်းကျင်းပြသသွားမည် ဖြစ်သည်။

ထို့အပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးများအတွက် သီးသန့်ကလေးစာပေပြခန်းများအပြင် အခြေခံပညာအထက်တန်းကျောင်းများဖြစ်သည့် အထက (၁)၊ အထက(၂)၊ အထက(အုတ်ကျင်း) ကျောင်းများမှ အိမ်တွင်းမှုပစ္စည်းများ၊ ကျောင်းတွင်း ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိသည်။ **ကျော်ကျော်ထွေး**

# မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများနှင့် ရှူးဒိုင်းများ ပစ်ဖောက်ခြင်းမပြုရန် အမိန့်ထုတ်ပြန်

**သီပေါ အောက်တိုဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများ၊ ရှူးဒိုင်းများ ပစ်ဖောက်ကြပြီး မီးရှူး၊ မီးပန်းနှင့် ဆက်စပ်ပစ္စည်းများကို စီးပွားဖြစ် ရောင်းဝယ်လာကြသည်။

အဆိုပါ ဗြောက်အိုးများသည် တရားဝင်သုံးစွဲခွင့်ပြုထားသည့် ပစ္စည်းများ မဟုတ်သကဲ့သို့ ကြိုတင်အသိပေး ထုတ်ပြန်ချက်များအနေဖြင့် သီတင်းကျွတ်ပွဲတော် နီးကပ်လာချိန်မှသာ ထုတ်ပြန်လေ့ရှိသဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရနေခြင်း ဖြစ်သည်။

ဗြောက်အိုးများ၊ ရှူးဒိုင်းများအား မိန်းမပျိုလေးများ အနီးပစ်ဖောက်ခြင်းဖြင့် အထိတ်တလန့်ဖြစ်စေခြင်း၊ သက်ကြီးရွယ်အိုများအတွက် အလွန်အန္တရာယ်ရှိပြီး အထူးသဖြင့် နှလုံးရောဂါရှိသူများမှာ ထိတ်လန့်ခြင်းနှင့်အတူ ဒေါသဖြစ်ကာ အသက်အန္တရာယ်ရှိနိုင်ခြင်း၊ မီးရှူး၊ မီးပန်းမှတစ်ဆင့် မီးဘေးအန္တရာယ်ကျရောက်နိုင်ခြင်း၊ မီးရှူး၊ မီးပန်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းဖြင့် မည်သည့်ကောင်းကျိုးမှ မရနိုင်ဘဲ ဆိုးကျိုးကိုသာ ရရှိနိုင်ပေသည်။

ထို့ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ဗြောက်အိုးနှင့် မီးရှူး၊ မီးပန်းပစ်ဖောက်မှုများကြောင့် မြို့နယ်၏ လုံခြုံရေးနှင့် အခြားမလိုလားအပ်သော ကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် ဗြောက်အိုး၊ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း မပြုလုပ်ကြရန်၊ ပစ်ဖောက်ခြင်း၊ ရောင်းဝယ်ခြင်းများ တွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အိမ်တွင်းမှုအတတ်ပညာ ခြင်းအလှပြုလုပ်နည်း သင်တန်းဖွင့်

**ရမည်းသင်း အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အိမ်တွင်းမှုအတတ်ပညာ ခြင်းအလှပြုလုပ်နည်းသင်တန်းဖွင့်ပွဲ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက အိမ်တွင်းမှုအတတ်ပညာများကို လစဉ်သင်ကြားပို့ချခဲ့ပြီး ယခုလတွင်လည်း ပန်းကြယ်သီးထိုးနည်း၊ မိတ်ကပ်အလှပြုပြင်နည်း၊ မုန့်လုပ်နည်း အစရှိသော သင်တန်းများကို အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းများပို့ချရာတွင် ပိုမိုထိရောက်မှုနှင့် လက်တွေ့လုပ်ဆောင်နိုင်ရန် သင်တန်းသားဦးရေ ၂၀ မှ ၂၅ ဦး သင်ကြားပေးလျက်ရှိကာ အကျိုးရှိပြီး စနစ်တကျ ထိရောက်မှုရှိသည့် အိမ်တွင်းမှုစီးပွားရေး အသေးစားလုပ်ငန်းဖြစ်သဖြင့် ကြိုးစားသင်ယူကြစေလိုကြောင်း၊ လစဉ်စာဖတ်ဝိုင်း ဆွေးနွေးပွဲများကို ကျင်းပလျက်ရှိကြောင်း ပြောကြားသည်။

ခြင်းအလှပြုလုပ်နည်း သင်တန်းနည်းပြ ဒေါ်ယဉ်ဝေဦးက ခြင်းအလှပြုလုပ်ရာတွင်ပါဝင်သည့် ပစ္စည်းများ မိတ်ဆက်ကာ ခြင်းအလှပြုလုပ်ပုံ အဆင့်ဆင့်ဖြစ်သော ဖျာပုံစံ တစ်ပင်ကျော်တစ်ပင်ရက်နည်း၊ ငါးရိုးကျစ်နည်း၊ အုန်းဆံကြိုးကျစ်နည်းများကို ရှင်းလင်းသင်ပြပေးခဲ့ကြောင်း သိရသည်။

ထို့နောက် သင်တန်းနည်းပြက သင်တန်းသူများအား လက်တွေ့ ခြင်းအလှပြုလုပ်နည်းကိုဝိုင်းဖွဲ့ကာ ရှင်းလင်းပြသရာ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်**






မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ ဒုတိယအကြိမ်မြောက် အသက်(၇၅)နှစ်ပြည့် သက်ကြီးသတင်းထောက်ကြီးများ ပူဇော်ကန်တော့နိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို အောက်တိုဘာ ၂ ရက်က တောင်ငူမြို့ ကန်တော်ကြီး ဓာတုကလျာလမ်းရှိ သမာဓိဂေဟာ၌ကျင်းပရာ တောင်ငူမြို့နေသတင်းစာဆရာ ဦးကျော်လှ - ဇနီး ဒေါ်ဒေဝကီးဒေဝီနှင့် သမာဓိမိသားစုက ထောက်ပံ့လှူဒါန်းငွေကျပ် တစ်သိန်းကို မြန်မာ့အလင်းသတင်းစာ လူမှုကူညီရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ဝင်းလေးက လက်ခံရယူစဉ်။

၀၄၈

## ချိန်ခါမရွေးသတိပေး မီးဘေးကင်းဝေးမှာ

# အိပ်မက်များ အမှန်ဖြစ်လာခဲ့သော ဝေန်တံတား(လေးမျက်နှာ)

**သန်းဦး(လေးမျက်နှာ)၊ ဓာတ်ပုံ-လှိုင်အေး (lma)**



သာသနာ့အာဇာနည် ဆရာတော်ဘုရားကြီးများဖြစ်ကြသော ထွင့်ခေါင်ဆရာတော်နှင့် ရွှေဟသံာဆရာတော်ဘုရားကြီးတို့၏ မွေးရပ်ဇာတိမြေဖြစ်သော ဧရာဝတီတိုင်းဒေသကြီး ဟသံာတခရိုင် လေးမျက်နှာမြို့တွင် ယခုအခါ ဝေန်မြစ်ကိုဖြတ်၍ တံတားသစ်တစ်စင်း ပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ ဝေန်မြစ်ကူးတံတား(လေးမျက်နှာ)သည် ယခုအခါ တည်ဆောက်ပြီးစီးသွားပြီဖြစ်ပြီး တံတားနှင့်ယှဉ်တွဲအသုံးပြုရန် လမ်းများကိုလည်း စံချိန်မီလမ်းများဖြစ်အောင် တည်ဆောက်လျက်ရှိသည်။ မကြာမီ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်၍ ပွင့်လင်းရာသီတွင် တံတားဖွင့်ပွဲကျင်းပနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝေန်မြစ်ကူးတံတား(လေးမျက်နှာ)သည် ပုသိမ်-မုံရွာလမ်းသို့ ဆက်သွယ်သောအလယ်ဝင်ပေါက်ဖြစ်ပြီး ပထမဝင်ပေါက်မှာ ဝေန်မြစ်ကိုဖြတ်၍ တလုတ္တော်-ဆုံကုန်း-အင်္ဂပူမှ ပုသိမ်-မုံရွာ လမ်းမကြီးသို့ဝင်သော ဆုံကုန်းတံတား၊ ဒုတိယဝင်ပေါက်မှာ ရေကြည်-ငါးသိုင်းချောင်းလမ်းမှ ငါးသိုင်းချောင်းတံတားဖြစ်ပြီး ယခုဆောက်လုပ်ခဲ့သော ဝေန်တံတား(လေးမျက်နှာ) တတိယဝင်ပေါက်တံတားဖြစ်သည်။ အဆိုပါလေးမျက်နှာတံတားမှာ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာ-ခတ္တာ-ပန်းတောကြီးလမ်းပေါ်ရှိ ဝေန်မြစ်ကိုဖြတ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၄) တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည်မှာ ၁၉၆၈ ဒသမ ၆ ပေ၊ တံတားအကျယ် ၂၄ ပေနှင့် တစ်ဖက်တစ်ချက်တွင် လူသွားလမ်း ၂ပေစီ ပါဝင်သည်။ အမျိုးအစားမှာ Steel Box Girder, plate Girder နှင့် R.C Girder အမျိုးအစားဖြစ်ပြီး ရေလမ်းကင်းလွတ်အမြင့် ပေ ၂၀ နှင့် ရေလမ်းကင်းလွတ်အကျယ် ၁၇၃ ပေ ရှိသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး ကျပ်သန်းပေါင်း တစ်သောင်းကျော် အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။ ထို့အပြင် တံတားနှင့်ပနံသင့်မည့်လမ်းများကိုလည်း တိုးချဲ့ဖောက်လုပ်လျက်ရှိသကဲ့သို့ မြို့ဟောင်းဘက်ခြမ်းတွင် ကျန်ရစ်ခဲ့သော ထူပါရုံစေတီတော်ကြီးကို ရေတိုက်စားမှုမှကာကွယ်ရန် ကမ်းပါးထိန်းလုပ်ငန်းများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ယခင် ပါတီ/ကောင်စီခေတ်က လေးမျက်နှာမြို့ဟောင်းတွင် စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင် လာရောက်၍ စာပေဟောပြောခဲ့စဉ်က လေးမျက်နှာမြို့သို့ ရထားတစ်တန်၊ ကားတစ်တန်၊ စက်လှေတစ်တန်ဖြင့် နယ်စပ်မြို့တစ်မြို့ကဲ့သို့ ခက်ခက်ခဲခဲ အဆင့်ဆင့်သွားခဲ့ရပုံကို ဆရာကြီးရေးသားခဲ့သည့် "သာ၍ဝေးရာဆီကိုပါ" ဝတ္ထုတွင် ဖော်ပြခဲ့ပြီး လေးမျက်နှာမြို့ကို ဧရာဝတီတိုင်းဒေသကြီး၏ မဲဇာဟု တင်စား ရေးသားခဲ့ဖူးသည်။

အတိတ်ဆီကိုပြန်ကြည့်လျှင် ဧရာဝတီတိုင်းဒေသကြီး ဟသံာတခရိုင် လေးမျက်နှာမြို့နှင့် ဝေန်မြစ်အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးအားနည်းကာ အထူးအားဖြင့် ရောင်စုံသူပုန်များရှိစဉ်က အတော်ကြီးဒုက္ခရောက်ခဲ့ရသော ဒေသများဖြစ်ခဲ့သည်။ ကောင်းကောင်း မအိပ်ရ၊ မစားရ၊ ကိုယ့်ရှိတာတောင်ထုတ်မဝတ်ရဲကြ၊ ကျစ်ကျစ်လျစ်လျစ်သိမ်း၍ ညဘက်ဆိုလျှင် ရှောင်ပုန်းအိပ်ကြရပြီး လေးမျက်နှာမြို့ပေါ်မှာပင် တစ်နှစ်လျှင် နှစ်ကြိမ် သုံးကြိမ်လောက်တိုက်ပွဲများဖြစ်ပွားနေခဲ့သည်။ ယခင်က ဗမာပြည်ကွန်မြူနစ်လောကတွင် နာမည်ကြီးနေသော ဗိုလ်တစ်ဦးကို လေးမျက်နှာအနောက်ခြမ်း ရခိုင်ရိုးမတောတွင် ဖမ်းမိခဲ့ဖူးသည်။

အရှေ့ခြမ်းနှင့် အနောက်ခြမ်းရှိကျေးရွာများမှ လေးမျက်နှာမြို့သို့ လာရောက်လိုပါက နံနက် ၄ နာရီလောက်မှထ၍ ခြေကျင်လာကြရသည်။ အပြန်အတွက်ခတ်မီးများ ဆောင်လာရသည်အထိ ခက်ခဲသည်။ ဈေးရောင်းဈေးဝယ်ကိစ္စများအတွက် မိုးတွင်းဘက်တွင် လှေများဖြင့်လာရောက်ကြရသကဲ့သို့ နွေဘက်တွင် လှည်းများဖြင့် သွားလာကြသူနှင့် ခြေကျင်လာရောက်ကြသူများလည်း ရှိကြသည်။ ဆောင်းအကုန်နွေအကူး စပါးဒိုင်များဖွင့်သည့်ရာသီတွင် စပါးဒိုင်များသို့ စပါးလာရောက်ပေးသွင်းသောလှည်းများဖြင့် လမ်းကြုံလိုက်လာသူများရှိသည်။ လှေမပေါက် လှည်းမပေါက်သည့် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလများတွင် သွားရေးလာရေးအတော်ဒုက္ခရောက်ကြရသည်။ အဆိုးဆုံးမှာ ကျန်းမာရေးအရ မသေသင့်ဘဲသေကြရသည်များဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းကြောင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍစုံတွင် နောက်ကျကျန်ခဲ့ရသည်။ ထိုအချိန်က ဧရာဝတီတိုင်းဒေသကြီးတွင် ဝေန်မြစ်အနောက်ခြမ်းရှိ လေးမျက်နှာမြို့နှင့် သာပေါင်းမြို့တို့မှာ အဘက်ဘက်မှ ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများ ဖြစ်ခဲ့သည်။

ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့်ကြားတွင် လေးမျက်နှာမြို့မှာ ဝေန်မြစ်ရေတိုက်စားမှုကြောင့် မြို့တွင်းရှိ ခတ္တာရပ်ကွက်၊ မြို့မရပ်ကွက်နှင့် ခုံကြီးရပ်ကွက်တို့အနက် မြို့မရပ်ကွက်သည် အားလုံးနီးပါးရေတိုက်စား၍ ပျက်စီးသွားခဲ့သည်။ ထို့ကြောင့် မြို့ကို ဝေန်မြစ်အရှေ့ဘက်ခြမ်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ရသည်။ သို့သော်လည်း လူတို့၏ဒေသစွဲကြောင့် အရှေ့ဘက်ခြမ်းသို့ ပြောင်းမလိုက်ချင်ကြပေ။ ယခုနောက်ပိုင်းအချိန်များကျမှသာ မြို့မှာတဖြည်းဖြည်းနှင့် အသက်ဝင်လာခြင်းဖြစ်သည်။

ဝေန်မြစ်အနောက်ခြမ်းတွင် ပုသိမ်-မုံရွာ လမ်းမကြီး ဖောက်လုပ်ခဲ့ပြီးနောက် အနောက်ဘက်ကျေးရွာများမှ ပြည်သူများမှာ လေးမျက်နှာမြို့ပေါ်သို့ မလာတော့ပေ။ ငါးသိုင်းချောင်းမြို့နှင့် အင်္ဂပူမြို့နယ် ကွင်းကောက်ရွာကြီးသို့သာ ဈေးရောင်းဈေးဝယ်ကုန်ရောင်းကုန်ဝယ်ပြုလုပ်ကြသည့်အပြင် အရှေ့ဘက်ခြမ်းအုပ်စုများကလည်း ဟသံာတမြို့နှင့် ငါးသိုင်းချောင်းမြို့များသို့သာ သွားရောက်ကြပြီး မလွှဲမရှောင်သာ အစိုးရရုံးကိစ္စများဖြင့်သာ လာရောက်ကြသည့်အတွက် မြို့မှာ ပိုမိုခြောက်ကပ်သွားခဲ့သည်။

ရေလမ်းမပေါက် ကုန်းလမ်းမပေါက် အချိန်များတွင် လေးမျက်နှာမြို့သို့လာလိုသော တောင်သူလယ်သမားများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများမှာ ကား/ထော်လာဂျီတို့ဖြင့် ကွင်းကောက်-တလုတ္တော်-လေးမျက်နှာလမ်းနှင့် ငါးသိုင်းချောင်း- အိုင်သပြု-လေးမျက်နှာလမ်းတို့ဖြင့် လာရောက်ကြရသည်။ အချိန်ကုန်၊ ငွေကုန်၊ လူပန်း အခက်အခဲများကြောင့် လေးမျက်နှာမြို့သို့လာရန် ဝန်လေးကြသည်။

ယခုအခါတွင်မူ လမ်းပန်းဆက်သွယ်ရေးမှာ ယခင်ထက်စာလျှင် တိုးတက်လာခဲ့ပြီး ရန်ကုန်မြို့ကြီးသို့ပင် နေ့ချင်းပြန်သွားနိုင်နေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဧပြီ ၁၉ ရက်က ကြေးမုံသတင်းစာတွင် ကျွန်တော်ရေးသားလိုက်သော "ဝေန်တံတားတစ်စင်းတည်ဆောက်ပေးရန် အိပ်မက်မက်နေသော လေးမျက်နှာမြို့သူမြို့သားများ" ဆောင်းပါးလေးမှ အိပ်မက်များသည်လည်း ယခုအခါ အသက်ဝင်ခဲ့ပြီဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အနောက်ဘက်ခြမ်းနှင့် အရှေ့ခြမ်းမှ မြို့နယ်သူမြို့နယ်သားများအားလုံး၏ ပြင်းပြသောဆန္ဒအမှန်ဖြစ်သော ဝေန်တံတား(လေးမျက်နှာ)မှာ ငွားငွားစွင့်စွင့် ပေါ်ထွက်လာခဲ့၍ဖြစ်သည်။

ယခုအခါ အနောက်ဘက်ခြမ်း ပုသိမ်-မုံရွာ လမ်းမကြီးဘေးရှိ ပန်းတောကြီးရွာမှ လေးမျက်နှာမြို့ဟောင်း ထူပါရုံစေတီတော်မြတ်ကြီးသို့ နွေမိုးဆောင်းသွားလာနိုင်သည့်လမ်း ဖောက်လုပ်လျက်ရှိရာ ကွန်ကရစ်တံတားများလည်း လက်စသတ်နေပြီး လမ်းပိုင်းမှာလည်း ပြီးစီးရန် အနည်းငယ်သာလိုတော့သည်။ အဆိုပါ ပန်းတောကြီး-ထူပါရုံလမ်းပြီးပါက ဝေန်မြစ်ကူးတံတားကြီးပေါ်မှဖြတ်သန်း၍ အနောက်ခြမ်းမှ လေးမျက်နှာ-ငါးသိုင်းချောင်း-ပုသိမ်လမ်းနှင့် လေးမျက်နှာ-ကွင်းကောက်-အင်္ဂပူ-မြန်အောင်-ကြံခင်းလမ်းသို့လည်းကောင်း၊ အရှေ့ဘက်ခြမ်းမှ လေးမျက်နှာ-ကွင်းကောက်-ဟသံာတ-ညောင်တုန်း-ရန်ကုန်လမ်းနှင့် လေးမျက်နှာ-အိုင်သပြု-ငါးသိုင်းချောင်း-ပုသိမ်လမ်းများသို့လည်းကောင်း လမ်းကွန်ရက်များချိတ်မိကာ တစ်နိုင်ငံလုံးသို့အရောက် အလွယ်တကူသွားနိုင်ပြီဖြစ်သည်။

ရာသီမရွေး အချိန်တစ်ခဏအတွင်းမှာပင် လေးမျက်နှာမြို့သို့ လာရောက်နိုင်ပြီဖြစ်၍ ခေတ်အမျိုးမျိုး ဘဝအဖုံဖုံကို ကျော်လွှားခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် လေးမျက်နှာ မြို့လေးကိုစွန့်ခွာသွားသူများအနေဖြင့် လေးမျက်နှာမြို့သို့တစ်ခေါက်တစ်ခါ အလည်ပြန်လာကြည့်ကြပါလို့ ဖိတ်မန္တကပြုပါသည်။ ယနေ့ ဝေန်မြစ်ကူး လေးမျက်နှာ တံတားကြီးကို မြင်သွားစေချင်၊ တံတားကြီးပေါ်မှ ဖြတ်သန်းကျော်လွှားသွားကြည့်စေချင်လို့ ဖြစ်ပါသည်။

တစ်ခါက ဧရာဝတီ၏မဲဇာဟုဆိုခဲ့သော လေးမျက်နှာမြို့လေးမှာ ဝေန်မြစ်ကူးအိပ်မက်တံတားကြီး လက်တွေ့ပေါ်ပေါက်လာပြီဖြစ်သောကြောင့် လမ်းကွန်ရက်များချိတ်ဆက်မိ၍ အရှေ့ အနောက်၊ တောင်၊ မြောက် သွားလိုရာကို အချိန်တိုအတွင်းသွားလာနိုင်ပြီဖြစ်သည်။ သို့ပါ၍ အဝေးရောက် လေးမျက်နှာမြို့သူမြို့သားများအနေဖြင့် အိပ်မက်များအမှန်တကယ်ဖြစ်လာသော ဝေန်တံတား(လေးမျက်နှာ)ဆီသို့ ပြန်လည်လာရောက် ကြည့်ရှုခံစားကြပါရန် ဖိတ်ခေါ်လိုက်ရပါသည်။ ။

**"ယခင် ပါတီ/ကောင်စီခေတ်က လေးမျက်နှာမြို့ဟောင်းတွင် စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင် လာရောက်၍ စာပေဟောပြောခဲ့စဉ်က လေးမျက်နှာမြို့သို့ ရထားတစ်တန်၊ ကားတစ်တန်၊ စက်လှေတစ်တန်ဖြင့် နယ်စပ်မြို့တစ်မြို့ကဲ့သို့ ခက်ခက်ခဲခဲ အဆင့်ဆင့်သွားခဲ့ရပုံကို ဆရာကြီးရေးသားခဲ့သည့် သာ၍ဝေးရာဆီသို့ ဝတ္ထုတွင်ဖော်ပြခဲ့ပြီး လေးမျက်နှာမြို့ကို ဧရာဝတီတိုင်းဒေသကြီး၏ မဲဇာဟု တင်စားရေးသားခဲ့ဖူးသည်"**

## ဆွမ်ပရာဘွမ်မြို့နယ်တွင် ရေအားလျှပ်စစ်တည်ဆောက်ပေးရန် ပြည်နယ်လွှတ်တော်က အတည်ပြု

**မြစ်ကြီးနား အောက်တိုဘာ ၂**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်အတွင်း မြို့နှင့်တစ်ပြေးညီ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန်အဆိုကို မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပ



ခဲ့သည့် လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းအဆိုကို အစည်းအဝေးဒုတိယနေ့တွင် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဂျေထုရော်က တင်သွင်းခဲ့ခြင်းဖြစ်ပြီး ဆွမ်ပရာဘွမ်မြို့နယ်သည် တောင်တန်းဒေသဖြစ်သော်လည်း ၂၄ နာရီမီးလင်းပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် ပြည်နယ်အတွင်းရှိမြို့ရွာများ လျှပ်စစ်မီးရရှိရေးသည် ပြည်နယ်အစိုးရ၏ ရည်မှန်းချက်ဖြစ်ကြောင်း၊ ဆွမ်ပရာဘွမ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးအတွက် ပြည်နယ်အစိုးရက ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနဖြင့် ရေအရင်းအမြစ် ရှာဖွေတိုင်းတာစေခဲ့ကြောင်း၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ ပဏာမအစီရင်ခံစာအရ ဆွမ်ပရာဘွမ်မြို့သို့ ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးအတွက် ဝါစပ်ခချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေး အသေးစိတ်ပြန်လည်တိုင်းတာစစ်ဆေးခြင်း၊ ဘူမိဗေဒအနေအထားအရ ဒီဇိုင်းရေးဆွဲခြင်းနှင့် ကုန်ကျမည့် ခန့်မှန်းတွက်ချက်မှုစာရင်းကို မှန်ကန်စွာတွက်ချက်ခြင်းများ ဆောင်ရွက်ရန်လိုအပ်သဖြင့် အကောင်းဆုံး သုံးသပ်ဆုံးဖြတ်နိုင်ရေးအတွက် ထပ်မံ၍ အသေးစိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ယခုနှစ် ပွင့်လင်းရာသီအတွင်း နယ်မြေတည်ငြိမ်မှုအပေါ်မူတည်၍ ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် အသေးစိတ်တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ရန်ညွှန်ကြားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွင်းဆင်းတိုင်းတာစစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အစီရင်ခံစာ ရရှိလာပါက ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရထံ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့်အဆိုကို ထောက်ခံအတည်ပြုကြောင်းလည်း ဝန်ကြီးက ပြောကြားခဲ့၍ ပြည်နယ်လွှတ်တော်က အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနဖြင့် ပဏာမကွင်းဆင်းတိုင်းတာစစ်ဆေးစေခဲ့ရာတွင် ပဏာမအစီရင်ခံစာအရ မြို့နယ်အတွင်းရှိ ဖုန်အင်ခနှင့် ဖုန်ကျန်းခချောင်းတို့မှာ ရေဆင်းရေီယာကျယ်ပြန့်ပြီး ချောင်းကြမ်းပြင် လျှောစောက်ပြေပြစ်ခြင်း၊ ရေအားအမြင့်နည်းပါးခြင်း၊ ချောင်းကျယ်များဖြစ်နေခြင်းကြောင့် ရေလွှဲဆည်ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏကြီးမားပြီး ရေအားလျှပ်စစ်တည်ဆောက်ချိန်ကြာမြင့်နိုင်ကြောင်း၊ ဝါစပ်ခချောင်းမှာမူ မြို့နှင့်အနီးဆုံးဖြစ်ပြီး (၁၁)ကေဗွီဓာတ်အားလိုင်းတည်ဆောက်ရာတွင်လည်း ငါးမိုင်ခန့်သာ တည်ဆောက်ရန်လိုအပ်သဖြင့် အကုန်အကျနည်းပါးခြင်းအပြင် ဓာတ်အား ၃၀၀ ကီလိုဝပ်ခန့် ထွက်ရှိနိုင်မည်ဖြစ်၍ အဆိုပါချောင်း၌ အသေးစားရေအားလျှပ်စစ်စက်ရုံတည်ဆောက်နိုင်ပါက မြို့ပေါ်ရပ်ကွက်များအတွက် လျှပ်စစ်မီးအပြည့်အဝရနိုင်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီး၏ ပြောကြားချက်အရ သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သုံးစွဲရန်မသင့်သောဆေးနှင့် စပ်ဆေးများ ရောင်းချလျှင် ဆိုင်ပိတ်သိမ်းပြီး တရားစွဲဆိုလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း သုံးစွဲရန်မသင့်သော ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများ ရောင်းချနေမှုများကို တွေ့ရှိပါက လိုင်စင်ပိတ်သိမ်းခြင်းအပြင် တရားဥပဒေအရ အရေးယူခြင်းကိုပါ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဆေးဝါးဌာနခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"စစ်ဆေးတွေ့ရှိခဲ့တဲ့အပေါ် မူတည်ပြီး အရေးယူမှုပြုလုပ်ပါတယ်၊ ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ရောင်းချတာဆိုရင် တရားစွဲဆိုပါတယ်၊ သုံးစွဲရန်မသင့်တဲ့ ဆေးဝါးတွေ၊ သက်တမ်းလွန်ဆေးဝါးနဲ့ စပ်ဆေးတွေထဲက တစ်ခုခုကိုတွေ့ရှိရင် ဆိုင်ကို ဆေးဝါးသုံးစွဲခွင့် သုံးလပိတ်သိမ်းပြီးတော့ နှစ်ခု သို့မဟုတ် သုံးခုလုံးကို တွေ့ရှိရင် ခြောက်လအထိပိတ်သိမ်းပြီး လိုအပ်ပါက အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲဆိုပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါအရေးယူမှုတွင် စီမံခန့်ခွဲမှုအရ အရေးယူခြင်းနှင့် တရားဥပဒေအရ တရားစွဲဆိုခြင်းတို့ကို ပြုလုပ်ခြင်းဖြစ်ပြီး ပညာပေးကာလ သတ်မှတ်ဆောင်ရွက်ခဲ့ပြီးနောက် အရေးယူမှုများကို ၂၀၁၇ ခုနှစ်မှစတင်ကာ လုပ်ဆောင်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရေးယူမှုများအဖြစ် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၇ ခုနှစ်က စစ်ဆေးခဲ့သော အရောင်းဆိုင်များတွင် သုံးစွဲရန်မသင့်သော ဆေးဝါးများဖြစ်သည့် မှတ်ပုံတင်မဲ့ဆေးဝါးတွေ့ရှိသည့် ဆိုင် ၁၁၇ ဆိုင်၊ သက်တမ်းလွန်ဆေးဝါးတွေ့ရှိသည့် ဆိုင် ၃၀၊ စပ်ဆေးရောင်းချသည့်ဆိုင် ကိုးဆိုင်တို့ကို တွေ့ရှိခဲ့ပြီး လိုင်စင်မရှိသောဆိုင် ငါးဆိုင်နှင့် လိုင်စင်သက်တမ်းကုန်ဆုံးသော ဆိုင်လေးဆိုင်ကိုလည်း တွေ့ရှိခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ် မေလအထိ စစ်ဆေးခဲ့သည့်ဆိုင် ၈၁ ဆိုင်တွင် မှတ်ပုံတင်မဲ့ဆေးဝါးတွေ့ရှိသည့်ဆိုင် ၁၅ ဆိုင်၊ သက်တမ်းလွန်ဆေးဝါးတွေ့ရှိသည့် ဆိုင် ၁၇ ဆိုင်၊ စပ်ဆေးရောင်းချသည့်ဆိုင် တစ်ဆိုင်နှင့် လိုင်စင်သက်တမ်းကုန်သော ဆိုင်တစ်ဆိုင်ရှိကြောင်း သိရသည်။

စစ်ဆေးတွေ့ရှိခဲ့သောဆိုင်များကို အရေးယူမှုအနေဖြင့် ၂၀၁၇ ခုနှစ်တွင် ဆေးဝါးရောင်းချခွင့် သုံးလပိတ်သိမ်းခဲ့သည့်ဆိုင် ၃၀၊ ဆေးဝါးရောင်းချခွင့် ပိတ်သိမ်းသည့်ဆိုင် ၇ဆိုင်၊ အမျိုးသားဥပဒေဖြင့် တရားစွဲဆိုသည့်ဆိုင် နှစ်ဆိုင်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မေ ၂၃ ရက်အထိ ဆေးဝါးရောင်းချခွင့် သုံးလပိတ်ခဲ့သည့် ဆိုင် ၁၃ ဆိုင်၊ ဆေးဝါးရောင်းချခွင့် ခြောက်လပိတ်သည့် ဆိုင်တစ်ဆိုင်နှင့် အမျိုးသားဥပဒေအရ တရားစွဲဆိုသည့် ဆိုင်တစ်ဆိုင်ရှိခဲ့ကြောင်း သိရသည်။

စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ရာတွင် မှတ်ပုံတင်မဲ့ ဆေးဝါးနှင့် သက်တမ်းလွန်ဆေးဝါးများကို အလွယ်တကူ စစ်ဆေးနိုင်သော်လည်း စပ်ဆေးရောင်းချမှုမှာမူ စပ်ဆေးများကို အထုပ်ဖြင့်ထုပ်ထားသည်ကို လက်တွေ့တွေ့ရှိမှသာ အရေးယူနိုင်သဖြင့် ပြည်သူများအနေဖြင့် စပ်ဆေးရောင်းချသည့်ဆိုင်များကို တွေ့ရှိပါက သတင်းပေးတိုင်ကြားပေးစေလိုကြောင်းလည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် ဆေးရောင်းချခွင့်လိုင်စင်ထုတ်ပေးထားသည့် ဆိုင်အရေအတွက်မှာ တစ်သောင်းကျော်ရှိပြီး ပြည်တွင်းတွင် လက်ရှိအသုံးပြုနေသော ဆေးဝါးများ၏ ၈၀ ရာခိုင်နှုန်းမှာ ပြည်ပမှ တင်သွင်းနေခြင်းဖြစ်ကြောင်း သိရသည်။

**အေပီကေ(မန်းကိုယ်ပွား)**

# သုဝဏ္ဏဝတီမြို့၌ နဂါးရုံဘုရားနှင့် ရှင်ဥပဂုတ္တပွဲတော် စည်ကားစွာကျင်းပမည်

**သုဝဏ္ဏဝတီ အောက်တိုဘာ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက္ကော်ရပ်ကွက်ရှိ ရှင်ဥပဂုတ္တမထေရ်ကန်တော်၌ နဂါးရုံဘုရားနှင့် ရှင်ဥပဂုတ္တရဟန္တာ ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၂၁ ရက်မှ စတင်၍ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်ကို ယခုနှစ်မှစတင်၍ တစ်မူထူးခြားစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



အခမ်းအနားကျင်းပမည့် သုဝဏ္ဏဝတီမြို့ကန်တော်မင်္ဂလာ

အဆိုပါပွဲတော်သည် သုဝဏ္ဏဝတီမြို့တွင် ပထမဦးဆုံးကျင်းပသည့်ပွဲတော်ဖြစ်ပြီး ယမန်နှစ်က ကန်တော်မင်္ဂလာ ကို အလှူရှင်များက စတင်ပြုပြင်တည်ဆောက်ခဲ့သည့်အချိန်မှ မြို့၏အထင်ကရ သာယာလှပသောနေရာတစ်ခု ဖြစ်လာခဲ့ကြောင်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးဝင်းဇော်ထံမှ သိရသည်။

ပွဲတော်အစီအစဉ်အနေဖြင့် အောက်တိုဘာ ၂၁ ရက်တွင် နဂါးရုံဘုရားရုပ်ပွားတော်နှင့် ရှင်ဥပဂုတ္တရဟန္တာရုပ်ပွားတော်ကို ကရဝိက်ယာဉ်တော်ဖြင့် ပင့်ဆောင်ကာ သုဝဏ္ဏဝတီမြို့ ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ဇရစ်ချောင်၊ နောင်ဘို၊ မိုးကောင်း၊ တံတားဦး၊ ဝင်းပနှင့် တောင်ကြားကျေးရွာများသို့ အပူဇော်ခံ လှည့်လည်မည်ဖြစ်သည်။ အောက်တိုဘာ ၂၂ ရက်တွင် ပင့်ကျောင်း ၂၉ ကျောင်းမှ သံဃာတော်များအား အလှူရှင်များက ဆွမ်းကြီးလောင်းလှူပူဇော်၍ စာရေးတံမဲများ လှူဒါန်းမည်ဖြစ်ပြီး ညနေပိုင်းတွင် သုဝဏ္ဏဝတီမြို့ရပ်ကွက်များအတွင်းသို့ နဂါးရုံဘုရားရုပ်ပွားတော်နှင့် ရှင်ဥပဂုတ္တရုပ်ပွားတော်တို့ကို ဓမ္မစကြာဝတ်အသင်းများ၊ ကျေးရွာ/ရပ်ကွက်များမှ အလှူရှင်ပြည်သူများက ခြံရံ၍ မီးပဒေသာပင်များကိုင်ဆောင်ကာ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် သီတင်းကျွတ်လပြည့်နေ့ ညနေတွင် ကန်တော်မင်္ဂလာအတွင်းသို့ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် ဆီမီးမျှောပွဲကို ကျင်းပမည်ဖြစ်ပြီး လပြည့်ကျော် ၁ ရက်ညပိုင်းတွင် ရှင်ဥပဂုတ္တရုပ်ပွားတော် ယာယီသတင်းသုံးရာဖောင်တော်ကို ကန်တော်အတွင်း လှည့်လည်အပူဇော်ခံပွဲ ကျင်းပပြီးနောက် ညှော့ပရိသတ်များအား စတုဒိသာများဖြင့် ညှော့ခံကျွေးမွေးကာ သီတင်းကျွတ်လဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ အငြိမ့်ပွဲဖြင့် ကပြဖျော်ဖြေမည်ဖြစ်ကြောင်းလည်း သိရသည်။

**ခွန်(ဝင်းပ)**

# ဘိုကလေးမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲပြုလုပ်

**ဘိုကလေး အောက်တိုဘာ ၂**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဦးစီး၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို အောက်တိုဘာ ၁ ရက်က ဘိုကလေးမြို့နယ် အလက(၂)ကျောင်း၌ ပြုလုပ်ခဲ့သည်။



ငလျင်ဘေး သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်စဉ်

ဟောပြောပွဲတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမင်းသူမောင်က ဟောပြော ပွဲနှင့် သရုပ်ပြပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မီးဘေးအန္တရာယ် အပါအဝင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သော သိမှတ်ဖွယ်ရာများ၊ ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း စသည်တို့နှင့်ပတ်သက်သည့် သိကောင်းစရာများကို သက်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ငလျင်လှုပ်ပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင်နေထိုင်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ကျောင်းတစ်ကျောင်းလုံးမှ ကျောင်းသူ ကျောင်းသားများပါဝင်၍ လက်တွေ့လေ့ကျင့်ခဲ့ကြသည်။ အဆိုပါ ဟောပြောပွဲနှင့် သရုပ်ပြပွဲတွင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်း စုစုပေါင်း ၇၀၀ ခန့် ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားများ မြို့နယ်များ၌ကျင်းပ

**အောက်တိုဘာ ၁ ရက်တွင် ကျရောက်ခဲ့သော (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးတွင် ကျင်းပခဲ့ကြောင်း သိရသည်။**

**ဟားခါး**

ချင်းပြည်နယ် ဟားခါးမြို့၌ ရဲတပ်ဖွဲ့နေ့အခမ်းအနားကို မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ ချင်းပြည်နယ် ခေတ္တဝန်ကြီးချုပ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်က မြန်မာနိုင်ငံရဲတပ်ဖွဲ့စတင်ဖွဲ့စည်းပုံများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ၊ မူဝါဒများအကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူ့အကျိုးကိုဆောင်ရွက်ရာတွင် ပြည်သူနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပုံများ စသည်တို့ကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်ကျော်က ဖတ်ကြားသည်။ ထို့နောက် ချင်းပြည်နယ်ရဲတပ်ဖွဲ့မှ ထူးချွန်ဆုရရှိသူ ရဲတပ်ဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကာ ခေတ္တပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံပြခန်းနှင့် ရဲလုပ်ငန်းသုံးပစ္စည်း ပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

**ကြံခင်း**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်လွင်က ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ လုပ်ငန်းနှင့် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထင်ပေါ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သော (၅၄)နှစ်မြောက် ရဲတပ်ဖွဲ့နေ့သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ ရဲတပ်ဖွဲ့နေအိမ်လိုင်းခန်းတွင် နေထိုင်သည့် တပ်ဖွဲ့ဝင်မိသားစုများမှ ဆုရနေအိမ်လိုင်းခန်းဆုများကို မြို့နယ်မိသားစုစည်းရုံးရေးကော်မတီက ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့ရှိ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံး မေယုခန်းမ၌ ကျင်းပသည့် ရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေမိုးက ဖတ်ကြားပြီး တစ်နှစ်တာအတွင်း လုပ်ငန်းထူးချွန်တပ်ဖွဲ့ဝင်များဖြစ်သည့် ရဲတပ်ကြပ်ကြီး ကျော်မိုးထွန်းနှင့် ရဲတပ်သားစိုးရန်နောင်၊ မျိုးခိုင်ဦး၊ နေဇော်လင်း၊ မင်းမင်းထွန်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ချီးမြှင့်သည်။ ထို့နောက် မောင်တောခရိုင်ရဲတပ်ဖွဲ့က ရဲလုပ်ငန်းများဆောင်ရွက်ရာတွင် တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့သည့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ဂုဏ်ပြုလွှာများကိုလည်းကောင်း၊ နေအိမ်လိုင်းခန်း အသန့်ရှင်းဆုံးဆုရသည့် ရဲတပ်ဖွဲ့ဝင်များ၏ ဇနီးများအား ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

**ကျောက်တံခါး**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည့် ရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် မြို့နယ်အတွင်း နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းဖော်ထုတ်ရေးလုပ်ငန်းများတွင် ရဲတပ်ဖွဲ့အား စွမ်းစွမ်းတမံ ကူညီပူးပေါင်းဆောင်ရွက်ပေးခဲ့သော ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သတင်းမီဒီယာများအား မြို့နယ်ရဲတပ်ဖွဲ့မှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး နေအိမ်လိုင်းခန်းဆုရရှိသူ ရဲမေများနှင့် ယူနီဖောင်းဝတ်ဆင်ရာတွင် အကောင်းဆုံးဝတ်စားဆင်ယင်မှုဆုရရှိသူ တပ်ဖွဲ့ဝင်များအား ဆုများကိုလည်းကောင်း၊ သက်ပြည့်အငြိမ်းစားယူသွားသည့် တပ်ဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။ အခမ်းအနားအပြီးတွင် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ကျင်းပခဲ့ပြီး ဆုရအသင်းနှင့် အကောင်းဆုံးကစားသမားများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယမြို့နယ်တရားသူကြီးတို့က ဆုဖလားနှင့် ဆုငွေများ ချီးမြှင့်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

**ဒဂုံမြို့သစ်(ဆိပ်ကမ်း)**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲစခန်း၌ ကျင်းပသည့် ရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုဆုများနှင့် မြို့နယ်အတွင်း မှုခင်းကျဆင်းရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သူ ရဲတပ်ဖွဲ့ဝင်ငါးဦးအား ဂုဏ်ပြုဆုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ဝင်းမောင်တို့က ချီးမြှင့်ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့စခန်း နေအိမ်လိုင်းခန်းများတွင်နေထိုင်သည့် မိသားစုများမှ နေအိမ်လိုင်းခန်း သန့်ရှင်းသပ်ရပ်မှုဆုရရှိသည့် တပ်ဖွဲ့ဝင်မိသားစုများအား မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီးက ဆုများချီးမြှင့်ခဲ့သည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ပြည်ခရိုင်ရဲတပ်ဖွဲ့ နဝင်းရဲရိပ်သာခန်းမ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ရာ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ပြည်မြို့နယ် ရဲတပ်ဖွဲ့တို့မှ ရဲအရာရှိများ၊ ရဲတပ်သားများ၊ မိသားစုဝင်များနှင့် ပြန်တမ်းဝင်ရဲအရာရှိ(ငြိမ်း)များ တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် မဟေသီဆု၊ နေအိမ်လိုင်းခန်း သန့်ရှင်းရေးဆု သုံးဆုတို့ကို ချီးမြှင့်ပေးအပ်ခဲ့ကာ ပြန်တမ်းဝင်ရဲအရာရှိ(ငြိမ်း) ၂၄ ဦးတို့ကိုလည်း ဂါရဝလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# တက္ကသိုလ်ပညာရေးနှင့် သုတေသန

## ဒေါက်တာမျိုးကြွယ် (AUAA)

၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ- အဆင့်မြင့်ပညာကဏ္ဍကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ယခုနှစ် ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်က ကျင်းပပြုလုပ်ခဲ့သည်။ နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “အခြေခံပညာအဆင့်တွင် ပညာအဆင့်မီမီ မသင်ခဲ့ရသည့် ကလေးများကို တက္ကသိုလ်အဆင့်ရောက်သည့်အခါ မည်သို့အဆင့်မီအောင် လုပ်မည်နည်းဆိုသည့်အချက်က အကြီးမားဆုံးစိန်ခေါ်မှု ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

တစ်နည်းအားဖြင့် တက္ကသိုလ်မရောက်မီ အခြေခံပညာအဆင့်တွင် အရည်အသွေးရှိရှိ၊ နိုင်ငံတကာအဆင့်မီမီ သင်ကြားသင်ယူရမည်မှာလည်း မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူများအပါအဝင် ကျွန်တော်တို့အားလုံး စဉ်းစားရမည့်အချက် ဖြစ်သည်။ နောက်တစ်ခုက တက္ကသိုလ်များမှဘွဲ့ရပြီး အလုပ်လက်မဲ့ဖြစ်မည့်အစား အလုပ်အကိုင်ရရှိနိုင်သော အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရေး ဆိုသည်မှာလည်း ယခုနှစ်မှစ၍ ရေတိုစီမံကိန်း (ဥပမာ-နောင်ငါးနှစ်)၊ ရေရှည်စီမံကိန်း(နောင် ၁၀-၂၀ နှစ်)အတွင်း ကျွန်တော်တို့နိုင်ငံအတွက် ဘယ်လိုဘာသာရပ်၊ ပညာရပ်မျိုးက တိုင်းပြည်အတွက် ပိုမိုအကျိုးရှိနိုင်မည်ဆိုသည့် အချက်ကလည်း စဉ်းစားသုတေသနပြုလုပ်ရမည့်အချက် ဖြစ်နေပေသည်။

UNESCO/World Bank မှ အချက်အလက်များအရ နိုင်ငံအလိုက် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူပြုစေသော ဘာသာရပ်များအလိုက် ဘွဲ့ရကျောင်းသား ကျောင်းသူအချိုးကို ဇယား(၁)တွင် ဖော်ပြထားပါသည်။

ဤဇယားတွင် ဘာသာရပ်အလိုက် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများ နှိုင်းယှဉ်ကြည့်ပါက ပညာရေး၊ အင်ဂျင်နီယာ၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လူမှုရေးသိပ္ပံဘာသာရပ်များ ဘွဲ့ရအရေအတွက် နှစ်စဉ်မွေးထုတ်ပေးမှုမှာ အလွန်နည်းပါးနေသည်ကို မြင်တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ် ဘွဲ့ရများသည် အခြားနိုင်ငံများမှ ဘွဲ့ရဦးရေထက် အလွန်များပြားနေသည်ကိုလည်း တွေ့မြင်နိုင်သည်။

နိုင်ငံတော်အတွက် လိုအပ်နေသော ဘာသာရပ်များ ဥပမာ- ရာသီဥတုနှင့်ဆိုင်သော ဘာသာရပ်/ မိုးလေဝသ(Climatology/ Meteorology)၊ အစားအသောက် သိပ္ပံနှင့်နည်းပညာ (Food Science and Technology)၊ စိုက်ပျိုးရေး အင်ဂျင်နီယာ (Agricultural Engineering)၊ ရေအရင်းအမြစ်ဆိုင်ရာ လေ့လာမှု (Water Resources)၊ ကျောက်မျက်ပညာ(Gemology)၊ သီးနှံ သစ်တောရောနှောစိုက်ပျိုးသည့်ပညာ (Agroforestry)၊ ငါး၊ ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းများဆိုင်ရာ သိပ္ပံ(Aqua Science)၊ ပတ်ဝန်းကျင်သိပ္ပံ (Environmental Science) စသည့် ဘာသာရပ်များ သင်ကြားမွေးထုတ်ပေးနေမှုမှာ အလွန်နည်းပါးနေသည်ကို တွေ့မြင်နိုင်သည်။

တက္ကသိုလ်များရှိ ဝန်ထမ်းများတွင်လည်း သင်ကြားရေးဘက်ကို ရာခိုင်နှုန်းများများ (အလုပ်ချိန် ၈၀ ရာခိုင်နှုန်း) သင်ကြားပေးထားသော သင်ကြားရေးဆရာ ဆရာမများနှင့်အတူ သုတေသနကို ဦးစားပေးထားသော (အလုပ်ချိန် ၈၀ ရာခိုင်နှုန်း သုတေသန) တက္ကသိုလ်သုတေသနဝန်ထမ်းများ၊ ခတ်ခွဲခန်းမှူးများ (နိုင်ငံအများစုတွင် ခတ်ခွဲခန်းမှူးသည် ဘွဲ့ရဖြစ်ပြီး လစာမှာလည်း ပါမောက္ခနီးပါးရသည်)ကို တက္ကသိုလ်တိုင်း၌ ခန့်ထားရပါမည်။

သုတေသနဌာန (Research Center/ Research Institute)သည်လည်း မိမိနိုင်ငံအတွက် လိုအပ်သည့်ဘာသာရပ်အလိုက် (ဥပမာ- Center for Water Studies ရေနှင့်ပတ်သက်သော သုတေသနဌာန)ကို သင့်တော်သည့် တက္ကသိုလ်အလိုက် တိုးချဲ့ဖွင့်လှစ်နိုင်သည်။ သုတေသန အခြေပြုတက္ကသိုလ်(Research-based University)များတွင် ဘွဲ့လွန်နှင့် ဘွဲ့ကြိုကျောင်းသားအချိုးသည် တစ်ဝက်စီရှိသည်။ အချို့နာမည်ကြီးတက္ကသိုလ်များသည် ဘွဲ့လွန်သင်တန်းများ(Ms/PhD)ကိုသာပို့ချပြီး သုတေသနကို ဦးစားပေးလုပ်ဆောင်သည်။ (ဥပမာ- Indian Agriculture Research Institute - IARI)

နောင်တစ်ချိန် တက္ကသိုလ်များ မိမိကိုယ်ပိုင်လွတ်လပ်ခွင့်ရလာသောအခါ ဆရာ၊ ဆရာမများ အပြောင်းအရွှေ့များရှိမည်မဟုတ်ဘဲ၊ လုပ်သက်အလိုက် ရာထူးတိုးသည် မဟုတ်ဘဲ ပါမောက္ခများကို ယှဉ်ပြိုင်စနစ်ဖြင့် အတော်ဆုံးလူများရွေးခန့်ခြင်း၊ နှစ်အလိုက်စာချုပ်စနစ်ဖြင့် ခန့်ထားခြင်းတို့ဖြင့် ဘာသာရပ်ပေါင်းစုံသင်ကြားသော တက္ကသိုလ်များ (Comprehensive University)အလိုက် ပြိုင်ဆိုင်လာပါက၊ သုတေသနအခြေပြုတက္ကသိုလ်များ ပေါ်ထွန်းလာပါက မြန်မာနိုင်ငံမှ တက္ကသိုလ်များ၏အဆင့်သည် ကမ္ဘာ့တက္ကသိုလ်များ၊ အာဆီယံတက္ကသိုလ်များ အဆင့်အတန်း (World/ASEAN University Ranking)တွင် တိုးတက်မြင့်မားလာမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ။

ဇယား-၁

**ဖွံ့ဖြိုးပြီး/ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အဆင့်မြင့်ပညာဘာသာရပ်အလိုက်**
**ဘွဲ့ရရာခိုင်နှုန်း နှိုင်းယှဉ်ချက် (၂၀၁၂)**

| စဉ် | ဘာသာရပ်များ | မြန်မာ | လာအို | ဗီယက်နမ် | မလေးရှား | ဖိလစ်ပိုင် | ဂျပန် | အမေရိကန် | ပြင်သစ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | စိုက်ပျိုးမွေးမြူရေး | ၀.၅ | ၅.၉ | ၆.၂ | ၁.၉ | ၂.၂ | ၂.၆ | ၁.၀ | ၁.၂ |
| ၂ | ဆရာ၊ ဆရာမ (ပညာရေး) | ၂.၃ | ၂၅.၂ | ၂၂.၆ | ၁၃.၅ | ၁၃.၃ | ၇.၂ | ၉.၅ | ၃.၅ |
| ၃ | အင်ဂျင်နီယာ | ၃.၉ | ၇.၈ | ၂၄.၁ | ၂၀.၄ | ၁၁.၅ | ၁၇.၁ | ၇.၂ | ၁၅.၀ |
| ၄ | ဆရာဝန်၊ သူနာပြု (ကျန်းမာရေး) | ၁.၃ | ၂.၅ | ၃.၉ | ၁၁.၆ | ၁၅.၇ | ၁၃.၀ | ၁၇.၃ | ၁၅.၂ |
| ၅ | ဝိဇ္ဇာပညာများ | ၃၄.၄ | ၉.၄ | ၄.၁ | ၁၁.၆ | ၂.၁ | ၁၄.၇ | ၁၁.၉ | ၉.၅ |
| ၆ | သိပ္ပံပညာများ | ၄၃.၃ | ၄.၀ | | ၉.၅ | ၁၄.၀ | ၃.၁ | ၈.၉ | ၁၀.၃ |
| ၇ | လူမှုရေးသိပ္ပံ၊ စီးပွားရေး၊ ဥပဒေ | ၁၄.၁ | ၄၃.၄ | ၃၃.၆ | ၂၅.၁ | ၃၁.၅ | ၂၇.၀ | ၃၆.၄ | ၄၁.၅ |
| ၈ | အခြား | ၀.၂ | ၁.၈ | ၅.၅ | ၅.၄ | ၉.၇ | ၁၅.၃ | ၇.၈ | ၃.၈ |
| | | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ | ၁၀၀.၀ |

## ကလေးခရိုင်၌ (၇၄)နှစ်မြောက် ရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကလေး အောက်တိုဘာ ၂**

အောက်တိုဘာလ ၁ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုခြင်းနှင့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များက မြို့နယ်သုံးမြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်ကြပြီး နှစ်ပတ်လည်နေ့ အခမ်းအနားကို ကလေးမြို့၌ ကျင်းပခဲ့သည်။

သံဃာတော်များအား အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပွဲကို ကလေးမြို့တွင် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲဗမ္မာရုံ၌ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး စောမောရှည် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များပါဝင်၍ လည်းကောင်း၊ ကလေးဝမြို့တွင် မြို့မရဲစခန်းအတွင်းရှိ ဗမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များကလည်းကောင်း၊ မင်းကင်းမြို့တွင် မြို့မရဲစခန်းအတွင်းရှိ တပ်ဖွဲ့ဝင်များ နားနေဆောင်၌ မြို့နယ်ရဲစခန်းမှူး ယာယီရဲမှူး နေလင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များနှင့် မိသားစုများကလည်းကောင်း ကျင်းပပြီး သံဃာတော်များအား ပင့်ဖိတ်ကာ ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ကလေးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် ကလေးခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောရှည်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားကာ အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးများမှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ချင်းတွင်းသား**

---

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**အဆောက်အအုံဟောင်း(1)Lot ကိုဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းခရိုင်၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂အီး^၁)၊ မြေကွက်အမှတ် ၄၂၁ဒီ/၆ အေ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ရပ်ကွက်ရှိ မြေဧရိယာ(ဝဒသမ ၂၇၀)ဧကပေါ်တွင် အသုံးမလိုသည့် အဆောက်အအုံဟောင်း (1)Lot ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃-၁၀-၂၀၁၈ရက်မှ ၁၁-၁၀-၂၀၁၈ ရက်အထိ ရုံးဖွင့်ချိန် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် တင်ဒါပုံစံများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀/- နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ ဈေးနှုန်းကမ်းလှမ်းလွှာများကို ၁၁-၁၀-၂၀၁၈ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာသို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉

**အိတ်ဖွင့်တင်ဒါပုံစံများ တင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးရုံး
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၁-၃၈၈၁၀၃၊ ၀၁-၃၇၁၃၃၉

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/1872 Toyota Vitz NCP95,S/L(4x4) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုင်းမိုင်ထွေး ၉/ပမန(နိုင်)၁၆၂၂၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

---

**ကန်ထရိုက်တာ ဦးမျိုးသူရအေး ၇/ဝမန(နိုင်)၀၇၉၇၆၁ နှင့် အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတ(၂)လမ်း၊ အမှတ်(၉၄၃/ခ)နေ ဒေါ်လှလှဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ကန်ထရိုက်တာ ဦးမျိုးသူရအေး (United Brother Co.,Ltd.) တို့သည် ၄-၉-၂၀၁၆ ရက်စွဲဖြင့် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ နှစ်ဦးသဘောတူ ကတိစာချုပ်ချုပ်ဆို၍ အထက်ပါလိပ်စာတွင် Hall Type (၅)ထပ်(၆)လွှာတိုက်သစ်အား ဆောက်လုပ်ရန် သဘောတူခဲ့ပြီး၊ အဆိုပါတိုက်သစ်ကို ၄-၇-၂၀၁၇ ရက်တွင် လူနေထိုင်ခွင့်အပါအဝင် အပြီးအစီးပေးအပ်မည်ဖြစ်ကြောင်းနှင့် မြေရှင်အား လက်ရောက်ပေးအပ်နိုင်ခြင်းမရှိပါက ကန်ထရိုက်တာမှ ဆောက်လက်စအတိုင်း တိုက်ခန်းနှင့်ပစ္စည်းများကို လက်လွှတ်အဆုံးရှုံးခံပြီး မြေရှင်အား လွှဲအပ်ပြီးဖြစ်ကြောင်း စာချုပ်၏စာမျက်နှာ (၂) စာပိုဒ်(၃)တွင် ကန်ထရိုက်တာမှ ကတိပြုဝန်ခံခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ကတိပြုချုပ်ဆိုပြီးနောက် လူကြီးမင်းသည် ၂၀၁၇ ဖွန်လမှစ၍ အဆိုပါတိုက်အား အကြမ်းထည်အဖြစ်သာ ထားခဲ့ပြီး ဆက်လက်ဆောက်လုပ်ခြင်းမရှိတော့ပါ။ ထို့အတွက် ကျွန်ုပ်၏မိတ်ဆွေက ၂၀-၁၀-၂၀၁၇ ရက်တွင် ရှေ့နေမှတစ်ဆင့် စာချုပ်ပါစာပိုဒ် (၃)အတိုင်း ဆောက်လက်စ တိုက်ခန်းများနှင့် မြေကိုပါ လက်ရောက်ရရှိပိုင်ဆိုင်ပြီးဖြစ်ကြောင်း အသိပေးအကြောင်းကြားစာ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါလိပ်စာရှိ မြေနှင့်မြေပေါ်ရှိ ဆောက်လက်စတိုက်ခန်းများကို ကျွန်ုပ်မိတ်ဆွေမှ လက်ရောက်ပြန်လည်ရရှိပြီးဖြစ်ကြောင်းနှင့် ထိုတိုက်ခန်းများကို ကန်ထရိုက်တာထံမှ ကြိုပွဲဂိုင့်စနစ်ဖြင့် ဝယ်ယူထားသူများမှာ ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိဘဲ ကန်ထရိုက်တာ ဦးမျိုးသူရအေးနှင့်သာ သက်ဆိုင်၍ ဖြေရှင်းဆောင်ရွက်ကြရန်နှင့် အကယ်၍ ကျွန်ုပ်မိတ်ဆွေလက်ရောက်ပိုင်ဆိုင်သော တိုက်ခန်းများကို မမှန်ကန်သောနည်းဖြင့်ရယူရန် ကြံစည်ဆောင်ရွက်ခဲ့ပါက လူကြီးမင်းတို့အပေါ် တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမျိုးသူရအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသန့် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၀/၁၃-၉-၂၀၁၂)**
**အမှတ်-၁၁(ပထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ၈ဝ/တောင်ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၆၁၀၅၃**

---

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၅၇ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၁၄)ခန်းပါ တိုက်နှင့်ပတ်သက်သော စာရွက်စာတမ်းများမှာ ပျောက်ဆုံးသွားပါကြောင်းနှင့် အဆိုပါအမှတ် ၅၇ရှိ ပထမထပ်ခေါင်းရင်းခန်းနှင့် ခြောက်လွှာခေါင်းရင်းခန်း နှစ်ခန်း တို့အား ဒေါ်ခင်အေးမြင့်မှ မြေးဖြစ်သူ ဦးစည်သူအောင်အား မေတ္တာဖြင့် အပိုင်ပေးကမ်းလိုက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်အေးမြင့် ၁၂/စခန(နိုင်)၀၁၄၈၄၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးသက် LL.B,D.B.L,D.M.L,**
**D.I.R,Dip in English**
**စဉ်-၁၂၅၈၆ (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် ၁၆၊ မြေညီ၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၅၀၈၆၁၄၈**

---

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အထက(တောင်ဘက်ကမ်း) နဝမတန်း(A)မှ မသက်လုံးပုံ၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၇/သနပ(နိုင်)၀၁၅၂၃၆ ဖြစ်ပါကြောင်း။ **ဦးသန်းဦး**

---

**ဒေါ်ဇင်မာဦး (ဘ) ဦးထွန်းဝင်း ယခင် ၁၂၃၊ ဗိုလ်ချုပ်လမ်း၊ ၅/၅ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ယခုလိပ်စာ စုံစမ်း၍ မရ) နှင့် သက်ဆိုင်သူများ ပတ်သက်ဆက်နွှယ်သူများ သိစေရန်**

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးအောင် (Facebook Account Aye Lay)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ဇင်မာဦးကိုယ်တိုင်နှင့် ပတ်သက်ဆက်နွှယ်သူအားလုံး သိစေအပ်သည်မှာ ဒေါ်ဇင်မာဦးသည် ၄င်းကိုယ်တိုင်တာဝန်ယူစီမံဆောင်ရွက်လုပ်ကိုင်၍ Facebook နှင့် ဆက်သွယ်ရေးသတင်းအချက်အလက်များကို အသုံးပြု၍ (Zin Lay/ ZMO Group) အမည်ဖြင့် စုမဲဒိုင် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ကျွန်ုပ်မိတ်ဆွေအပါအဝင် အခြားသူများထံမှလည်း ယုံကြည်အောင်ပြောဆိုရမှ ငွေကြေးများစုဆောင်းထား တောင်းခံထည့်သွင်းရယူစေခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ဒေါ်ဇင်မာဦး၏ (KBZ Account No.9993072 21005675701)ထံသို့ ၂-၈-၂၀၁၈ မှစ၍ ၂၅-၈-၂၀၁၈ အထိ စုစုပေါင်းငွေ ကျပ်သိန်း ၆၀တိတိကို ထည့်သွင်းပေးအပ်ထားပြီးဖြစ်ကြောင်း ညွှန်ကြားသိရှိရသည်။ သို့သော် လူကြီးမင်းမှ ကျွန်ုပ်မိတ်ဆွေထံသို့ ငွေကြေးများပြန်လည်ပေးအပ်ရမည့်အချိန်တွင် ရှင်းလင်းပေးအပ်ခြင်းမရှိသည့်အပြင် အထက်ဖော်ပြပါလိပ်စာတွင်လည်း နေထိုင်ခြင်းမရှိတော့ဘဲ ထွက်ပြေးတိမ်းရှောင်သွားကြောင်း ညွှန်ကြားသိရှိရသည်။

သို့ဖြစ်၍ ယခုကြေညာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ၏ ရရန်ရှိငွေ ငွေကျပ် သိန်း ၆၀တိတိအား ရောက်ရာအရပ်မှနေ၍ ဒေါ်ဇင်မာဦးကိုယ်တိုင်ဖြစ်စေ၊ ဒေါ်ဇင်မာဦးနှင့် ပတ်သက်ဆက်နွှယ်သက်ဆိုင်သူများမှဖြစ်စေ အမြန်ဆုံးလာရောက်ဖြေရှင်း ရှင်းလင်းဆောင်ရွက်ပေးရန်နှင့် လိုက်နာမှုမရှိပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်းမင်းနောင် (LL.B)** အထက်တန်းရှေ့နေ စဉ်-၄၉၃၁၂/၂၀၁၇
**စည်သူအုံ့ဘွယ် (LL.B)** တရားလွှတ်တော်ရှေ့နေ (Advocate) စဉ်-၈၄၅၃
**စုပေါင်းရုံးဝင်း၊ ရှေ့နေနားနေခန်း (အင်းစိန်)**
**ဖုန်း-၀၉-၇၃၀၂၁၁၂၃၊ ၀၉-၄၂၄၄၂၄၃၂၄၊ ၀၉-၄၃၁၇၇၈၆**

---

**အသိပေးတားမြစ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဖွံ့ဖြိုးရေး (၅)လမ်း၊ အမှတ် ၃၅/A ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်မှာ ကျွန်ုပ်၏အမှုသည် ဒေါ်ဂယ်လီ(ခ)ချစ်ချစ် ၁၂/သလန(နိုင်)၀၇၉၃၈၈၏ ငွေဖြင့် ဆောက်လုပ်ထားသည့် နေအိမ်ဖြစ်သည့်အတွက် ကျွန်ုပ်အမှုသည်မသိရှိဘဲ အဆိုပါနေအိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဂယ်လီ(ခ)ချစ်ချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်မြင့် LL.B ဒေါ်ငယ်ငယ်သိန်းညွန့် LL.B**
**အထက်တန်းရှေ့နေများ**
**အမှတ် ၉၊ မဥ္ဇူလမ်း၊ ဒါရိုဂါရပ်ကွက်၊ သန်လျင်မြို့၊ ဖုန်း-၀၉-၇၉၂၈၄၈၀၇၃**

---

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈ဃ/၂၄၇၇ Feiling 110 M/C ယာဉ်လက်ဝယ်ရှိသူ . ဒေါ်ကြည်ကြည်လွင် ၃/ဘအန(နိုင်)၁၆၂၇၆၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် EE/6376 Toyota Succeed NCP 51 ယာဉ်လက်ဝယ်ရှိသူ Sea Cross Express Service Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုး)**

---

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၂၂၄၈ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာဝေ ၉/မနမ(နိုင်)၀၀၇၉၁၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

စာအုပ်စာပေ လူ့မိတ်ဆွေ

## ဝမ်းနည်းကြေကွဲခြင်း
# ဦးကျော်လွင်
### အသက်(၉၀)

သူငယ်ချင်း ဝင်းလွင်၏ဖခင် ဦးကျော်လွင် အသက်(၉၀)သည် ၂၉-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄)**
**သီဟတပ်ခွဲ၊ သူငယ်ချင်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးနေအောင်
### B.Sc (Forestry)
### ဒုတိယမန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ရေး
### မြန်မာ့သစ်လုပ်ငန်း
### အသက်(၇၃)နှစ်

သူငယ်ချင်း ဦးနေအောင်သည် ၂၉-၉-၂၀၁၈ရက်(စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**72 Batch Forestry မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
# ဦးနေအောင်
### B.Sc (Forestry)
### ဒုတိယမန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ရေး၊ မြန်မာ့သစ်လုပ်ငန်း
### အသက်(၇၃)နှစ်

ဦးနေအောင်သည် ၂၉-၉-၂၀၁၈ရက် (စနေနေ့) နံနက် ၈း၂၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးကြေကွဲဝမ်းနည်းရပါသည်။

**မြန်မာ့သစ်လုပ်ငန်း**
**သစ်ထုတ်ရေးဝန်ထမ်းဟောင်းများ**
**မန္တလေးမြို့**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
# ဒေါ်ညိုညိုသန်း
### ဥက္ကဋ္ဌ-မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မိတ္ထီလာ(၂၀၀၂/၂၀၀၅)
### အသက်(၅၇)နှစ်

ညာရွှေတစ်ခက်ကြွေ ရက်စောပြီ
- သိပ်စောလွန်းတယ် မေမေရယ်
  အရဏ်လင်းစ၊ မနက်ခင်းမှာ
  အမေ့ကို မတွေ့တဲ့အခါ
  သူ ဘယ်မှာလဲ၊ ငါလည်း မသိ
  အဓိပ္ပာယ်မရှိ၊ ရှင်သန်နေရတယ်။
  အမေသာ ရှိခဲ့ရင်၊ နွေးထွေးစွာနဲ့
  သူ့ရဲ့ သမီးလေးကို အားပေးမှာ
  မိခင်ဆိုတာ၊ ဘုရားသခင်ရဲ့ လက်ဆောင်ပါ။
- ဘဝနိဂုံးက၊ ပြည်ဖုံးကားချသလို
  လောကကြီးက၊ မွန်းတည့်စမှာ နေဝင်
  ကြယ်တွေ မစုံလင်တဲ့ည
  မျှော်လင့်ချက်က၊ သစ်ရွက်လိုကြွေ
  နှင်းဆီပွင့်တွေ သင်းပျံ့ဝေနေတဲ့ အမေ့ကို
  ငိုယိုနှုတ်ဆက်၊ သံသရာတစ်ဖက်ကို
  အပြီးထွက်သွားပြီ။
- အမေ့ဘဝ
  ကောင်းကင်ကလေ တံခွန်၊ နှောင်ကြိုးမဲ့စွန်ပမာ
  ခဏတာလာရတဲ့၊ သင်္ခါရ ဧည့်သည်ပါ
  ဒါပေမဲ့ - သိပ်စောလွန်းတယ် မေမေရယ်။

**မေမေရဲ့ ချစ်ရတဲ့ ကျန်ရစ်သူမိသားစု**

# ဗိုလ်ကြီးစည်သူနိုင်(ငြိမ်း) စ-တ-သ(၄၇)
### ကြည်း(၄၁၁၁၅)
### BCsc. (D.S.A) PGDAA (DSAS)
### အသက်(၃၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပြည်လမ်း၊ မြသီတာ ရပ်ကွက်၊ အမှတ် ၂၃နေ [ဗိုလ်ကြီးကံမြင့်(ငြိမ်း)-ဒေါ်တင်ရီ]တို့၏မြေး၊ (ဦးသောင်းကို)၏သား၊ (ဗိုလ်မှူးချစ်ငွေ)-ဒေါ်ခင်မြင့်သီ၊ ဦးငွေဝင်း-ဒေါ်သီတာကံမြင့်၊ ဦးကိုကိုဇော်-ဒေါ်မြနန္ဒာကံမြင့်တို့၏တူ၊သား၊ မောင်ချစ်ရဲမင်းထွဋ်၊ မအိမ့်မျက်သွယ်ဦး၊ မောင်ခန့်မော်ဦး၊ မမေချမ်းမြေ့ကို တို့၏အစ်ကို၊ နေပြည်တော်၊ ပုဗ္ဗသီရိနေ ဒေါ်ဝေဝေမြင့်၏ ချစ်လှစွာသော ခင်ပွန်းသည် ၂၉-၉-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၁၈ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၀-၂၀၁၈ရက်(သောကြာနေ့)နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ကိုဇော်လင်းအောင်(ခ)ဇော်ဇော် (တောင်ကြီး)
### Managing Director
### Red Line Advertising Co.,Ltd.
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ (အနန္တဂုဏ်ရည်လမ်းနှင့် မေတ္တာရွှေရည်လမ်းထောင့်)၊ ZEN Apartment ၊ အမှတ် (5/A) ငါးလွှာနေ ဦးအောင်ခိုင်-ဒေါ်ကစ်တီဝေတို့၏တစ်ဦးတည်းသောသားသည် ၂-၁၀-၂၀၁၈ ရက်(အင်္ဂါနေ့)နံနက် ၉း၂၅နာရီတွင် ကန်သာယာဆေးရုံ၌ ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၄-၁၀-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီနှင့် လမ်း ၄၀မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်ညိုညို (ကျောက်ပန်းတောင်း)
### အမျိုးသမီးကျန်းမာရေးဆရာမကြီး(ငြိမ်း)
### (သဲတော၊ ဝမ်းတွင်းမြို့)
### အသက်(၉၀)

(ကျောက်ပန်းတောင်းမြို့မင်း ဦးတင့်-ကျောက်ပန်းတောင်းမြို့သူကြီး ဒေါ်ခင်လကြီး/အမေလ)တို့၏သမီး၊ သဲတော၊ ဝမ်းတွင်းမြို့နေ (ဆရာကြီး ဦးစောအောင်၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့နေ တရားလွှတ်တော်ရှေ့နေကြီး ဦးဇော်လင်း-(ဆရာမဒေါ်ခင်မျိုးညွန့်)တို့၏အစ်မ၊ (ဒေါ်အေးမြတ်ချို)၊ ဦးညီညီအောင်(ဒီနွေဦး Decoration)-ဒေါက်တာထားထားလင်း (ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန)၊ ဦးအောင်ချမ်းသာ(C/E, SSC)-ဒေါက်တာစုစုလင်း(ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)၊ ဦးဆန်းအောင်(Perfect Generation Co.,Ltd)-ဒေါ်နေရည်လင်း(တရားလွှတ်တော်ရှေ့နေ)တို့၏ကြီးကြီးသည် ၂-၁၀-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၃-၁၀-၂၀၁၈ရက် ညနေ ၃နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၈ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီ အထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်ညိုညို (ကျောက်ပန်းတောင်း)
### အမျိုးသမီးကျန်းမာရေးဆရာမကြီး(ငြိမ်း)
### (သဲတော/ဝမ်းတွင်းမြို့)
### အသက်(၉၀)

(ကျောက်ပန်းတောင်းမြို့မင်း ဦးတင့်-ကျောက်ပန်းတောင်းမြို့သူကြီး ဒေါ်ခင်လကြီး/အမေလ)တို့၏သမီး၊(ခရိုင်ရဲဝန်ဦးတင်ဂျမ်း-ဒေါ်ခင်အိအိ)တို့၏ညီမ၊ (ဦးဝေလင်း၊ မန္တလေးတက္ကသိုလ်)၊ ရန်ကုန်မြို့နေ တရားလွှတ်တော်ရှေ့နေကြီး ဦးဇော်လင်း-(ဆရာမဒေါ်ခင်မျိုးညွန့်)တို့၏အစ်မ၊ သဲတော၊ ဝမ်းတွင်းမြို့နေ (ဆရာကြီး ဦးစောအောင်၊ ငြိမ်း)၏ဇနီး၊ (ဦးထိပ်တင်ဆန်း-မြို့မ)၊ ဦးရဲဝင်း-ဒေါ်မြမြကြည်၊ (ဦးရဲထွဋ်)-ဒေါ်ဆွေဆွေ၊ (ဒေါ်ခင်ခင်ဂျမ်း)၊ (ဦးသင်းထွဋ်)-ဒေါ်လှလှနွယ်စိန်၊ ဒေါ်ခင်ခင်ယု၊ ဒေါ်မိမိသက်(မြန်မာ့ဆက်သွယ်ရေး၊ နေပြည်တော်)၊ ဒေါ်လဲ့ဝါဝါ၊ ဦးရေဝတ(ငွေကြာရုံ)၊ ဦးဝိစိတ္တ(ငွေကြာရုံ)၊ (ဒေါ်အေးမြတ်ချို)၊ ဦးညီညီအောင်-ဒေါက်တာထားထားလင်း(ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)၊ ဦးအောင်ချမ်းသာ-ဒေါက်တာစုစုလင်း (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)၊ ဦးဆန်းအောင်-ဒေါ်နေရည်လင်း(တရားလွှတ်တော် ရှေ့နေ)တို့၏ကြီးကြီး၊ မြေး ၂၂ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီး သည် ၂-၁၀-၂၀၁၈ရက် နံနက် ၅း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၈ရက် ညနေ ၃နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံမှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၁၀-၂၀၁၈ရက် (စနေနေ့)နံနက်၇နာရီမှ၁၀နာရီအထိ ရန်ကုန်မြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးကျားအောင်(ကုန်သည်) အသက်(၈၈)နှစ်
### ကျောက်ဖြူမြို့

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မြစ်နားတန်းရပ်ကွက်၊ ဈေးလမ်း၊ အမှတ် ၆၄နေ (ဒေါ်အောင်မဘုံ)၏ခင်ပွန်း၊ ဦးစံထွန်း(စာရင်းစစ်မှူး၊ ငြိမ်း)-ဒေါ်အောင်မခိုင်၊ ဦးစံရွှေအောင်-ဒေါ်သီတာသိန်း(ပါဝါတာယာဆိုင်၊ မင်္ဂလာဒုံ)၊ ဦးအောင်ကျော်ဦး-ဒေါ်စံရွှေလှ(အောင်သရဖူတည်းခိုခန်း၊ မြေနီကုန်း)၊ ဦးစံရွှေထွန်း-ဒေါ်စံခင်အေး(ထွန်းရတနာရွှေဆိုင်)၊ ဦးစံရွှေသိန်း(ခေတ္တ-Aust)တို့၏ဖခင်၊ကိုသော်ဇင်ထွန်း-မစိုးနီဝင်း (ခေတ္တ-Aust)၊ မမေဇင်ထွန်း(Advanced Diploma in Business Administration)၊ ဒေါက်တာအာယုကျော်၊ ဗိုလ်ကြီးဖြိုးသက်ကျော်၊ မောင်ထက်ပိုင်ကျော်(HND, Civil Engineering) (VUC)၊ မောင်အောင်သူရစိုး၊ မောင်ပြေမင်းမြတ်စိုးတို့၏အဘိုး၊ Theo လင်းထွန်း(ခေတ္တ-Aust)၏ဘိုးဘိုးကြီးသည် ၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ကျောက်ဖြူ မြို့မသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ဦးထွန်းရီ(ကော့မှူးမြို့) အသက်(၈၈)နှစ်
### ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)

ကော့မှူးမြို့နေ (ဦးမောင်ငယ်-ဒေါ်အေးခင်)တို့၏သား၊ တောင်ငူမြို့နေ (ဦးကျော်လှ-ဒေါ်သင်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ မဥ္ဇူလမ်းသွယ်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် ၂၂နေ ဒေါ်တင်မြ (အထက-၅၊ကြည့်မြင်တိုင်၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်သီတာ ထွန်း၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်ဇော်မင်း၊ ဒေါ်စန္ဒာမင်းတို့၏ဖခင်၊ မောင်သက်ပိုင်စိုး၊ မောင်သက်လွင်ထူးတို့၏အဘိုးသည် ၁-၁၀-၂၀၁၈ရက် (တနင်္လာ နေ့)နံနက် ၅း၁၅နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန် သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါ်ယုစိန် (ထားဝယ်)
### မြန်မာ့မီးရထား (ငွေစာရင်းဌာန၊ ငြိမ်း)
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ဓမ္မာရုံဖြတ်လမ်း၊ အမှတ် ၄၁/၄၃နေ (ဦးထွားစိုင်-ဒေါ်ထွန်းကြည်)တို့၏သမီး၊ ဦးကင်ရှိန်-ဒေါ်သန်းညွန့်တို့၏ညီမ၊ ဦးငွေရှိန်-ဒေါ်ဌေးဌေးတို့၏အစ်မသည် ၂-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဒေါ်စန်းစန်းရီ (ဗဟိုရ်စည်)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်လမ်း၊ အမှတ် (၉၆၊ အေ) (ပဋ္ဌမထပ်)နေ (ဦးချစ်ဟိန်း-ဒေါ်တင့်)တို့၏သမီး၊ (ဦးချစ်ထွေး)-ဒေါ်ပြားကြီး တို့၏သမီးချွေးမ၊ ဦးသန်းမောင်ချစ်၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်မြင့်-ဒေါ်လွင်လွင်စန်းတို့၏ညီမ၊ ဦးနေစိုးဦး-ဒေါ်ရီရီသန်း၊ ဦးဇော်လတ်-ဒေါ်မျိုးစန္ဒာအေး၊ ဗိုလ်မှူးထွန်းထွန်းနိုင်-ဒေါ်ဝင်းမေအောင်၊ မခိုင်သဇင်ချစ်တို့၏မိခင်၊ မမယ်မဒီခင်၊ မောင်ဝဠာဝင်းထွန်းဖြိုးတို့၏အဘွားသည် ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၄း၂၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါ မည်။) [ကွယ်လွန်သူအားရည်စူး၍ နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

### ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)
# ဦးခင်စိုး
### ရာ-၇၂
### အသက်(၉၁)နှစ်

ပေါင်းတည်မြို့နယ်၊ မင်းကွက်၊ (၁) ရပ်ကွက်၊ အရှေ့လမ်းနေ (ဒေါ်ရီ)၏ ခင်ပွန်း၊ ဘုရားကြီးလမ်းနေ ဒေါ်ငွေ ငွေရီ(ရာ-၁၉၇၃)(အောင်တော်မူပုံနှိပ်တိုက်)၏ဖခင်သည် ၁-၁၀-၂၀၁၈ရက် တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ရက်တွင် တောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

# ဦးဝင်းမြင့်
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ ၉၄လမ်းနေ (ဦးဖျောက်ရုံ-ဒေါ်ကျင်လှိုင်)တို့၏သား၊ ရန်ကုန်မြို့၊ သိမ်ဖြူလမ်းနေ (ဦးအုန်းကြည်-ဒေါ်မြသင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၄၃၀၊ လေးလွှာ-B နေ ဒေါ်ခင်ခင်ထူး(YESB၊ငြိမ်း)၏ခင်ပွန်း၊ ဦးမျိုးဇော်-မအိသက်၊ မောင်လင်းကိုကိုဦး-မခိုင်သဇင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်အုန်းအုန်း၊ ဒေါ်အေးအေးမြ၊ (ဦးအောင်မြင့်)-ဒေါ်အေးနွဲ့တို့၏မောင်၊ ဦးလှဝင်း-ဒေါ်ခင်အေးကြူ၊ ဦးမြင့်ဝေ၊ ဦးထွန်းနိုင်-ဒေါ်ဌေးမြင့်တို့၏အစ်ကိုသည် ၁-၁၀-၂၀၁၈ရက် ည ၁၁း၁၀နာရီတွင် ရန်ကုန်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၃-၁၀-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဒေါ်မြင့်မြင့်ကျော်
### အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာ၊ မြို့သစ်ရပ်ကွက်နေ (ဦးကျော်ဝင်း-ဒေါ်သန်းငွေ)တို့၏သမီး၊ ဦးအောင်ကျော်မြင့်၏ဇနီး၊ ဒေါ်စုထက်အောင်၊ ဗိုလ်မှူးဇာနည်ထက်အောင်-ဒေါ်မေဇော်ချစ်၊ ဗိုလ်ကြီးထူးထက်အောင်တို့၏မိခင်၊ မောင်ဘုန်းပြည့်သုတ၊ မောင်ဘုန်းမာန်ဟိန်းတို့၏အဘွားသည် ၁-၁၀-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၀-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၁၀-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ တိုက် ၁၂၊ အခန်း ၃၊ ၁၀မိုင်အရာရှိရိပ်သာဝင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါ်ခင်စန်းနွဲ့
### ဌာနမှူး(ငြိမ်း)၊ ဈေးများဌာန
### ရန်ကုန်မြို့တော်
### စည်ပင်သာယာရေးကော်မတီ
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရွာတောင်ပိုင်းနေ (ဦးညွန့်မောင် - ဒေါ်ကျင်သိန်း)တို့၏ သမီး၊ ဦးရဲထွဋ်(တွဲဖက်ပါမောက္ခ၊ငြိမ်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်) - ဒေါ်လှဝိုင်းတို့၏ ညီမ၊ ဦးရဲညွန့်(Director, MSR)-ဒေါ်အေးအေးသန့် (အလပြ၊ မင်္ဂလာတောင်ညွန့်မြို့နယ်)၊ (ဦးရဲသိန်း)၊ (ဒေါ်ရင်ရင်ဦး၊ အလပြ)တို့၏အစ်မ၊ ဦးသန်းဦး[လ/ထ ညွှန်ကြားရေးမှူး၊ ငြိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)၏ချစ်လှစွာသော ဇနီး၊(မောင်ဉာဏ်မိုးမြင့်)၊ မောင်ကောင်းမြတ်သူ၊ မောင်သောင်းထိုက်မိုးတို့၏ ချစ်လှစွာသောမိခင်သည် ၂-၁၀-၂၀၁၈ရက်(အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ဟံသာဝတီလမ်း၊ တိုက် B/၆၊ အခန်းအမှတ် ၅၀၂ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၈-၁၀-၂၀၁၈ရက်(တနင်္လာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
# ဦးငွေသန်း အသက်(၈၁)နှစ်
### (CDP -သွားဘက်ဆိုင်ရာ) (လေးတောင်ရွာထက်ရွာ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈ျ-ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ် ၆၆၂နေ (ဦးအောင်ထွန်းဦး-ဒေါ်ညိုအေး)တို့၏သား၊ (ဦးဆိုးသာအောင်-ဒေါ်မင်းလှ)တို့၏သားသမက်၊ (ဒေါ်ဖြူမေ)၏ခင်ပွန်း၊ (ဦးကျော်မောင်ဦး-ဒေါ်ဝေခိုင်)တို့၏မောင်၊ ဦးသိန်းဖေ (ဦးစီးအရာရှိဟောင်း၊ သ/မဦးစီးဌာန)-ဒေါ်ကြည်ကြည်၊ ဦးခင်စိုး(ရွှေမင်းသမီးရွှေဆိုင်)-ပါမောက္ခဒေါက်တာမြင့်မြင့်စိန်(စိတ်ရောဂါအထူးကု)၊ ဦးတင်စိုး-ဒေါ်ခန်နန်းဝါ(သဇင်-သွားဆေးခန်း)၊ ဦးဝင်းအောင်-ဒေါ်ညိုညိုခင် (Neptune Star Eng Co.,Ltd)၊ Capt: ဇော်လင်းအောင်(Lizstar Shipping Co., Ltd)-ဒေါ်နီနီခင်၊(ဦးသန်းစိုး)၊(ဦးထွန်းထွန်းစိုး)-ဒေါ်နီနီကျော်(စင်ကာပူ)တို့၏ဖခင်၊ မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးရှင်/အဖီးရှင်သည် ၂-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအားဂူသွင်းမည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၈ရက်(တနင်္လာနေ့) တွင် အထက်ပါမြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
# ဦးငွေသန်း အသက်(၈၁)နှစ်
### (CDP -သွားဘက်ဆိုင်ရာ) (လေးတောင်ရွာထက်ရွာ)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈ျ-ရပ်ကွက်၊ ခေမာသီလမ်းမကြီး၊ အမှတ် ၆၆၂နေ (ဦးအောင်ထွန်းဦး-ဒေါ်ညိုအေး)တို့၏သား၊ (ဦးဆိုးသာအောင်-ဒေါ်မင်းလှ)တို့၏သားသမက်၊ (ဒေါ်ဖြူမေ)၏ခင်ပွန်း၊ (ဦးကျော်မောင်ဦး-ဒေါ်ဝေခိုင်)တို့၏မောင်၊ ဦးသိန်းဖေ (ဦးစီးအရာရှိဟောင်း၊ သ/မဦးစီးဌာန)-ဒေါ်ကြည်ကြည်၊ ဦးခင်စိုး(ရွှေမင်းသမီးရွှေဆိုင်)-ပါမောက္ခဒေါက်တာမြင့်မြင့်စိန်(စိတ်ရောဂါအထူးကု)၊ ဦးတင်စိုး-ဒေါ်ခန်နန်းဝါ(သဇင်-သွားဆေးခန်း)၊ ဦးဝင်းအောင်-ဒေါ်ညိုညိုခင် (Neptune Star Eng Co.,Ltd)၊ Capt: ဇော်လင်းအောင်(Lizstar Shipping Co., Ltd)-ဒေါ်နီနီခင်၊(ဦးသန်းစိုး)၊(ဦးထွန်းထွန်းစိုး)-ဒေါ်နီနီကျော်(စင်ကာပူ)တို့၏ဖခင်၊ မောင်သန်းနိုင်ငွေ(Senior Electrical Engineer, APL, Co.,Ltd.)-မတင်ဇာခင် (ရွှေမင်းသမီးရွှေဆိုင်)၊မကြည်ဖြူခန့်(BE.IT)၊မကြည်ဖြူသန့်(B.Tech, IT)၊ မဟေမာန် တင်စိုး(Final year, သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်)၊ မခင်ရတနာတင်စိုး(UTS In search Australia)၊ မောင်ဆက်ပိုင်ထူး(Singapore Polytechnic)၊ မောင်ညီဖြူအောင်(Ngce Ann Polytechnic)၊ မရွှန်းလဲ့ဇော်(Second year ဆေး-၁)၊ မောင်သုတဇော်၊ မောင်ကောင်းသန့်တို့၏အဘိုးရှင်၊ မြစ်နှစ်ယောက်တို့၏ အဖီးရှင်သည် ၂-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၈ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး အရိုးပြာအားဂူသွင်းမည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဦးရွှေဘိုစိန်
### ဒုတိယညွှန်ကြားရေးမှူး၊ ရုံးအဖွဲ့မှူး(ငြိမ်း)
### အားကစားနှင့်ကာယပညာဦးစီးဌာန
### အသက်(၈၂)နှစ်

သထုံမြို့နယ်၊ နန်းခဲရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၁နေ (ဦးအုန်းလှ-ဒေါ်မြရီ)တို့၏သား၊ (ဦးအောင်ကြည်-ဒေါ်ငြိမ်းခင်)တို့၏သားသမက်၊ ဒေါ်ငွေသန်း (ဦးစီးအရာရှိ၊ ငြိမ်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန)၏ခင်ပွန်း၊ ဦးဗလကျော်သူ(ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာသိပ္ပံ-ရန်ကုန်)၊ ဒေါ်စည်သူသောင်း၊ ဦးသီဟကျော်သူ-ဒေါ်အေးစုဟန်(ဦးစီးအရာရှိ၊ မော်လမြိုင်အား/က)၊ ဦးသန့်ဇင်-ဒေါ်မိုးနှင်းဆီ(ရုံးအုပ်၊ အား/က-ရန်ကုန်)၊ ဦးဟန်တင်၊ ဒေါ်နွေးစံပယ်၊ ဦးဇေယျာကျော်သူ-ဒေါ်မိုးမိုးဝင်း၊ ဦးအာကာကျော်သူတို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၁-၁၀-၂၀၁၈ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဂျူဒိုအဖွဲ့**

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဦးအိုင်ဇေယျာလင်း
### ညွှန်ကြားရေးမှူး(ငြိမ်း)
### စက်မှုလယ်ယာ/အကြံပေးအရာရှိ(မြန်မာဘီလီယံဂရု)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ စောဘဲလေလမ်း၊ အမှတ် ၁၇၆၅နေ(ဦးထွန်းလင်း-ဒေါ်လှဖူး)တို့၏သား၊ (ဒေါ်သောင်းစိန်)၊ (ဒေါ်နေပွင့်)၊(ဒေါ်သာစေး)၊(ဦးစောထူး)၊(ဦးစောကာထူး)တို့၏ညီ/မောင်၊ စောအယ်ဒိုစိုးလင်း-နော်ထွေးထွေးလှ၊ နော်နီးနီလင်း-စောမင်းညို၊ နော်ဒီးဒီလင်း-စောအယ်ဖိုး၊ စောမောင်မောင်ဖြိုးလင်း-နော်ဖြူဖြူထက်ကြူတို့၏ ချစ်လှစွာသောဖခင်၊ နော်ဒိုဂေးဂေးလင်း၊ စောတောဂေဒိုစိုးလင်း၊ နော်ဝါးဂေးဂေးလင်း၊ နော်အယ်ဂေးဂေးလင်း၊ နော်ပရင်းရို့(စ်)မင်း၊ နော်စူးရီဆောင်းရိပ်လင်း၊ စောမဲလ်ဗင်းဟူဂိုလင်းတို့၏အဘိုး၊ (ဒေါ်မဲလ်ရို့စ်လွင်)၏ချစ်လှစွာသောခင်ပွန်းသည် ၁-၁၀-၂၀၁၈ရက်(တနင်္လာနေ့) ည ၉း၃၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃-၁၀-၂၀၁၈ရက် နံနက် ၁၀နာရီတွင် အင်းစိန် တောင်သူကုန်း ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ဘုရားရှိခိုးကျောင်းမှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
# ဦးထွန်းအောင်(ခ) စာရေးဆရာ ရာပြည့်
### (Senior General Manager, Shwe Mi Industrial Co.,Ltd.)
### မိုဟမ္မဒ် အဗ္ဗဒူစမဒ်
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊အောက်ပုဇွန်တောင်၊ပြည်တော်သစ်ရိပ်သာနေ(ဦးကျားဘညိမ်း-ဒေါ်ကြည်ကြည်)တို့၏သား၊ ဦးဝင်းငြိမ်း(ရွှေအမြုတေမဂ္ဂဇင်း)၊ ဦးဆန်နီညိမ်း-ဒေါ်အေမီ(Tiger Gallery)၊ ဦးရဲမြင့်ညိမ်း၊ ဦးမျိုးမြင့်ညိမ်း-ဒေါ်ဝင်းဌေး၊ ဦးမောင်မောင်လတ်-ဒေါ်မြင့်မြင့်ညိမ်း(Friday Times New Journal)၊ (ဒေါ်စန္ဒာငြိမ်း)၊ ဦးထွန်းမောင်ညိမ်း-ဒေါ်ပုလဲတို့၏ညီ/မောင်၊ မေရတနာပြည့်(B.A French)၊ မေသရဝဏ်ပြည့်၊ မေသော်တာပြည့်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်မေခိုင်၏ချစ်လှစွာသောခင်ပွန်းသည် ၂-၁၀-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၅း၂၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ညနေ ၄း၄၀ နာရီတွင် အဆွာရ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ် ပါသည်။ ကျန်ရစ်သူမိသားစု

# ဟသ်ာတ စိုးရွှေလေး
### အသက်(၅၀)

နိုင်ငံကျော် တေးစီးရီးများပိုင်ရှင် ဟသ်ာတ စိုးရွှေလေးသည် ၃၀-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင် ဟသ်ာတခရိုင်၊ ဒူးယားမြို့သစ်၊ (၁)ရပ်ကွက်၊ ၂လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၀-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

# နိုင်ငံတော်၏ မြေသယံဇာတအရင်းအမြစ်များကို အကျိုးရှိစွာစီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်သွားမည်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြား



အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂**

အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ်ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှု ကောင်စီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဖိုရမ်သို့ အမျိုးသားမြေအသုံးချမှု ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်ရာအကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး လူဦးရေသိပ်သည်းမှုအနေဖြင့် မြေဧရိယာ တစ်စတုရန်းကီလိုမီတာတွင် လူဦးရေ ၈၁ ဦးခန့် နေထိုင်လျက်ရှိပါကြောင်း၊ အရှေ့တောင်အာရှတွင်

*စာမျက်နှာ ၅ ကော်လံ ၁* ✤

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာအဖြစ် အဲရစ်အာဗရန်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူ

ရန်ကုန် အောက်တိုဘာ ၂

**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဖွံ့ဖြိုးရေးစီမံကိန်းအပါအဝင် မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ဘယ်လ်ဂျီယံနိုင်ငံသား အဲရစ်အာဗရန်ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။**




အဲရစ်အာဗရန်သည် ပြီးခဲ့သည့် ရက်ပိုင်းက ရန်ကုန်မြို့သို့ရောက်ရှိလာပြီး အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီတွင် မီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ယင်းသတင်းစာရှင်းလင်းပွဲသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် တာဝန်ရှိသူများ၊ မီဒီယာများ တက်ရောက်ခဲ့သည်။ **(ယာပုံ)**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က "ကျွန်တော်တို့ အဖွဲ့ချုပ်အနေနဲ့

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

**၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲအတွက် ဆန္ဒမဲ လက်မှတ်များ လွှဲပြောင်းအပ်နှံ**

(စာ ›› ၇)

**မြန်မာယူ-၁၆ အမျိုးသမီးအသင်း အောက်တိုဘာ ၈ ရက် စတင်လေ့ကျင့်မည်**

(စာ ›› ၁၂)




မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့



# ရန်ကုန်မြို့ လမ်းဆုံမီးပွိုင့်နဲ့ အများပြည်သူ အသုံးပြုနေရာတွေမှာ တပ်ဆင်မယ့် Highmark LED မီးတိုင်တွေ



ဝေယံဦး

**ရန်ကုန်မြို့**ကိုဘက်ပေါင်းစုံကနေပြီး အဆင့်မြှင့်တင် ဆောင်ရွက်နေချိန်မှာ အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့နေရပေမယ့် ရန်ကုန်မြို့အတွက်ရော ရန်ကုန်မြို့မှာ နေထိုင်ကြတဲ့ ပြည်သူတွေအတွက်ပါ အဆင့်အတန်းရှိရှိ နေထိုင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလို အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လုပ်ငန်းထဲမှာ ရန်ကုန်မြို့ရဲ့လမ်းဆုံတွေမှာ Highmark LED မီးတိုင်တွေ စိုက်ထူသွားဖို့လည်း အစီအစဉ်ရှိနေကြောင်း သိရပါတယ်။

“ရန်ကုန်မြို့ရဲ့အဓိကကျတဲ့ မီးပွိုင့်လမ်းဆုံတွေမှာ Highmark LED မီးတိုင်တွေ တပ်ဆင်သွားမှာဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကာလအတွင်းမှာ ဆောင်ရွက်သွားမယ်”လို့ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားထားပါတယ်။ တကယ်တော့ အဲဒီလို အဆင့်မြင့်မီးတိုင်တွေ တပ်ဆင်ဖို့ လိုအပ်နေတာဖြစ်ပြီး ရန်ကုန်မြို့လို မြန်မာနိုင်ငံရဲ့စီးပွားရေးမြို့တော်မှာတော့ ရှိသင့်တဲ့အရာတစ်ခုပဲ ဖြစ်ပါတယ်။

ဒီလို Highmark LED မီးတိုင်တွေ တပ်ဆင်နိုင်ခြင်း ရှိ မရှိကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်မှာ လှိုင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ထွန်းက မေးမြန်းခဲ့တာဖြစ်ပြီး ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားခဲ့တာ ဖြစ်ပါတယ်။

တကယ်တော့ ရန်ကုန်မြို့ဟာ လူဦးရေ ၆ သန်းခန့် နေထိုင်နေတဲ့ မြို့ဖြစ်ပြီး မော်တော်ယာဉ်အစီးရေကလည်း နေ့စဉ်တိုးပွားနေတာကြောင့် လူဦးရေကျပ်တည်းမှု၊ ကားလမ်းပိတ်ဆို့မှုတွေ၊ မှုခင်းပေါများမှုတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း ရန်ကုန်မြို့နေ ပြည်သူတွေအတွက်ရော နေ့ညအချိန်မရွေးသွားလာနေတဲ့ လူတွေ၊ ကားတွေအတွက်ရော အခုလို အများပြည်သူအသုံးပြုမှုများတဲ့ မြို့ဧရိယာတွေ၊ လမ်းဆုံတွေမှာ Highmark LED မီးတိုင်တွေ တပ်ဆင်ဖို့ စီစဉ်နေတာပဲ ဖြစ်ပါတယ်။

ရန်ကုန်မြို့ဟာ လူတန်းစားပေါင်းစုံနေထိုင်တဲ့ မြို့ဖြစ်သလို စက်မှုဇုန်ပေါင်း ၂၉ ခု ရှိတာကြောင့် အလုပ်သမားဦးရေလည်း များပြားပါတယ်။ ရန်ကုန်မြို့ရဲ့ပြည်သူ ၆၀ ရာခိုင်နှုန်းဟာ အလုပ်သမားတွေ ဖြစ်တယ်လို့ သုတေသနပြုချက်တစ်ခုမှာ ဖော်ပြထားပါတယ်။ ဒါကြောင့် အခြေခံပြည်သူတွေဟာ နေ့ညအလုပ်ဆင်း၊ အလုပ်ပြန်တဲ့ အချိန်တွေ၊ အများပြည်သူ အသုံးပြုမှုများတဲ့ ဧရိယာနဲ့ ညအချိန်တွေမှာ Highmark LED မီးတိုင်တွေ တပ်ဆင်ဖို့ လိုအပ်နေတာဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့တော်ရဲ့ညပိုင်းအလှကို ဖော်ကျူးပြသနိုင်တဲ့ မီးတိုင်တွေဖြစ်တာမို့ မြို့တော်ရဲ့ညပိုင်းရှုခင်းကို ပိုမိုလှပအောင် ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီမီးတိုင်တွေကို စိုက်ထူတပ်ဆင်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ကာလမှာ ဘဏ္ဍာငွေထည့်သွင်းပြီး ဆောင်ရွက်ပေးဖို့အတွက် မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောကြားနေခြင်းဖြစ်ပါတယ်။

ရန်ကုန်မြို့ရဲ့ လမ်းဆုံနဲ့ မီးပွိုင့်တွေမှာ အဲဒီမီးတိုင်တွေ တပ်ဆင်ရင်တော့ အားနည်းချက်အနေနဲ့ မော်တော်ယာဉ်မောင်းသူတွေအတွက် အလင်းပြန်ခြင်း သက်ရောက်မှုရှိနိုင်သလို အန္တရာယ်လည်းရှိနိုင်သလားဆိုတာ ထည့်သွင်းစဉ်းစားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့တော့ ကြိုတင်လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေပါတယ်။ မီးပွိုင့်တွေ၊ လမ်းဆုံတွေမှာ သုတေသနလေ့လာမှုတွေပြုလုပ်ပြီး လက်တွေ့တပ်ဆင်တဲ့အခါ အားနည်းချက်နည်းအောင်နဲ့ အန္တရာယ်မဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တော်မှာ ညအချိန်သွားလာတဲ့အခါ ပြည်သူတွေ ရော၊ မော်တော်ယာဉ်တွေအတွက်ပါ အလေးထားဆောင်ရွက်ပေးမှာဖြစ်တဲ့ ဒီမီးတိုင်တပ်ဆင်မှုကတော့ မှုခင်းတွေ၊ ရာဇဝတ်မှုတွေ အထိုက်အလျောက် လျှော့နည်းကျဆင်းသွားဖို့ အထောက်အကူပြုပါလိမ့်မယ်။

Highmark LED မီးတိုင်တွေ တပ်ဆင်ဖို့ လောလောဆယ် ဖြစ်နိုင်ခြေစီစဉ်ထားတဲ့ နေရာတွေကတော့ ရန်ကုန်မြို့ *အချပ်ပို(ခ)သို့*

---

အချပ်ပို (ခ)
ရန်ကုန်လျှင်အန္တရာယ်ထိခိုက်မှုလျှော့ပါးရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ကြပြီ



အချပ်ပို (ဂ)
ရန်ကုန် အငှားယာဉ်နဲ့ စက်သုံးဆီ



# ရန်ကုန်ငလျင်အန္တရာယ် ထိခိုက်မှုလျော့ပါးရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်ကြပြီ



**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး**

အ.ထ.က(၁) ကြည့်မြင်တိုင်၊

စက်တင်ဘာ ၂၆ ရက်၊ မွန်းလွဲ ၁၂ နာရီခန့်၊

ကလင် --- လင်--- လင်--- လင်---။

ပထမဦးဆုံးသော အချက်ပေးသံကြားသည်နှင့် အတန်းအသီးသီးမှ ကျောင်းသား ကျောင်းသူလေးများက မိမိတို့စာသင်ခုံအသီးသီးအောက်ဆီသို့ ဦးခေါင်းလေးများကို သွင်းကာ ကိုယ်လုံးလေးများကို ကျုံ့၍ အကာအကွယ်ပြုနေကြသည်။

ကလင် --- လင်--- လင်--- လင်---။

ဒုတိယအကြိမ် အချက်ပေးသံ။

အသံနှင့်အတူ စာသင်ခန်းအသီးသီးမှ ကျောင်းသား ကျောင်းသူလေးများက မိမိတို့၏ ကျောပိုးအိတ်(ကျောင်းလွယ်အိတ်)များကို ဦးခေါင်းထက်တွင် အုပ်မိုး၍ သတ်မှတ်ရာလမ်းကြောင်းမှ သတ်မှတ်ရာဇုန်သို့ အပြေးလာရောက်စုရုံးကြသည်။

နုနယ် ငယ်ရွယ်သောကလေးများဖြစ်၍ လျင်လျင်မြန်မြန်၊ ပြေးပြေးလွှားလွှား သတ်မှတ်နေရာ(ဇုန်)ဆီသို့ ရောက်လာခဲ့ကြသော်လည်း ကလေးများနောက်မှ အသက် ၅၀ ကျော် ပင်စင်နားနီးနေသည့် ဆရာမကြီးများက ဒယိမ်းဒယိုင်ခြေလှမ်းများဖြင့် “ဟောဟဲဆိုက်”လိုက်လာခဲ့ကြသည်။ ဆရာမကြီးတစ်ဦးက “မောတော့ မောတာပေါ့ -- ဖူး---၊ ဒါပေမယ့် မောပါဘူး” ဟု မောဟိုက်သံလေးဖြင့် အရွှန်းဖောက်ဆိုခဲ့သည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဇာတ်တိုက်လေ့ကျင့်နေကြခြင်းဖြစ်သည်။ ငလျင်အန္တရာယ် အသိပညာနှင့် ပတ်သက်၍ သင်တန်းတက်ရောက်ထားသော ကျောင်းအုပ်ဆရာမကြီး တစ်ဦးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန(ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူတစ်ဦးတို့က သရုပ်မပြမီ ဦးစွာ ဟောပြောခဲ့ကြခြင်းဖြစ်သည်။

အတန်းစုံမှ ကလေးများဖြစ်သည်။ အတွေ့အကြုံအသစ်၊ သင်ခန်းစာအသစ်တစ်ခုအပေါ် အားလုံးပျော်ရွှင်နေကြသည်။ စုရပ်(သတ်မှတ်ဇုန်)ဆီသို့ သူ့ထက်ငါ ဦးအောင်ပြေးလာကြသည်။ အတော်အတန်ကြီးသော ကလေးများက ငယ်ရွယ်သော ကလေးများကို လက်ဆွဲထိန်းကျောင်းလျက် ပြေးလာကြသည်။ ကျောပိုးအိတ်(ကျောင်းလွယ်အိတ်)များကို မိမိဦးခေါင်းနှင့် ကျောပေါ်တွင် တင်၍ အကာအကွယ်ပြု “ဝပ်”နေကြသည်ကို မြင်ရသည်မှာ “ရောင်စုံဖားအရုပ်လေးများ”ကို တစ်စုတစ်ဝေးတည်း တွေ့ရသည့်သဖွယ်ဖြစ်သည်။

### ငလျင်ဘေးကြောင့်ဆုံးရှုံးမှုနည်းရန်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)မှ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ၊ လူမှုဝန်ထမ်းအောက်ရှိ မျက်မမြင်နှင့် နားမကြားကျောင်း စုစုပေါင်း ၁၁၄ ကျောင်းကို ဦးစွာရွေးချယ်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်းမှုဖြင့် ငလျင်ဘေးအန္တရာယ်ဒဏ် ကြိုတင်ပြင်ဆင်နိုင်ရန်နှင့်ဖြစ်လာပါက ဆုံးရှုံးမှုလျော့နည်းစွာ တုံ့ပြန်နိုင်ရန်အတွက် အသိပညာပေးဟောပြောခြင်းများနှင့် သဏ္ဌာန်တူ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက “အခုလို အသိပညာပေးဆောင်ရွက်နိုင်ဖို့ အခြေခံပညာကျောင်းများက ဆရာ ဆရာမ ၃၂ ဦးနဲ့ ကျွန်တော်တို့ဌာနက အရာထမ်း အမှုထမ်း ရှစ်ဦး စုစုပေါင်း ၄၀ ကို နည်းပြသင်တန်းတွေပေးထားပြီးပါပြီ။ အခု စက်တင်ဘာတစ်လလုံးနဲ့ အောက်တိုဘာလ ပထမပတ်အထိ ကျောင်းတွေမှာ ဆင့်ပွားသင်တန်းတွေပေးသွားမှာပါ”ဟု ရှင်းပြခဲ့သည်။

ထပ်မံ၍ “ကျွန်တော်တို့ အဓိက ဆောင်ရွက်မှုက ဝန်ကြီးဌာနရဲ့ လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရရဲ့ ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီးအတွင်း ငလျင်ဘေးအန္တရာယ်နဲ့ ပတ်သက်လို့ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်မှု၊ အဓိက သဘာဝဘေးသင့်ပြည်သူများကို အမြန်ဆုံးထောက်ပံ့နိုင်ရေး၊ ပြည်သူများ သဘာဝဘေးသင့်ချိန်မှာ ဆုံးရှုံးမှုလျော့နည်းနိုင်သမျှ လျော့နည်းနိုင်ရေး၊ သဘာဝဘေးနဲ့ပတ်သက်တဲ့ အသိပညာတွေ ရှိထားနိုင်ဖို့ စီမံချက်လုပ်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ မြို့နယ်အလိုက်ဆို မြို့နယ်ထွေအုပ်မှ အုပ်ချုပ်ရေးမှူးတွေက ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ ကော်မတီတွေကို ဖွဲ့ထားပါတယ်။ ဌာနဆိုင်ရာတွေ၊ နောက် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းတွေ၊ ပြည်သူတွေ ပါဝင်ပါတယ်” ရှင်းပြခဲ့သည်။

### ငလျင်ကျရောက်ပါက တုံ့ပြန်နိုင်ရေးဆွေးနွေး

ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ပထမအကြိမ် ဖိုရမ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း၌ မြန်မာကွန်ဗင်းရှင်းစင်တာတွင် လည်းကောင်း၊ ဒုတိယအကြိမ် ဖိုရမ်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း၌ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လည်းကောင်း အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးအစိုးရမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်း (UNDP)၊ လူမှုအဖွဲ့အစည်းများ၊ စိတ်ပါဝင်စားသူ ပြည်သူများပူးပေါင်း၍ သုတေသနပြု လေ့လာဆန်းစစ်ထားမှုများ၊ ယခင်အတွေ့အကြုံများ၊ ယခင်က ဆုံးရှုံးမှုများ၊ ထပ်မံလှုပ်ခတ်နိုင်မှု အနေအထားကို အမြင်ချင်းဖလှယ်မှုများဖြင့် ငလျင်ကျရောက်လာပါက တုံ့ပြန်နိုင်ရေး၊ ဆုံးရှုံးမှုနည်းပါးနိုင်ရေး၊ ပြန်လည်ထူထောင်နိုင်ရေး အစရှိသောကိစ္စရပ်များကို စုပေါင်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုမှတစ်ဖန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိ ပြည်သူအများအား အသိပညာပေးဟောပြောခြင်း၊ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ ပထမဝီအနေအထားရ ကမ္ဘာ့ငလျင်ကြောကြီးများအနက်မှ တစ်ခုဖြစ်သော ပစိဖိတ်မြေထုချပ်နှင့် နီးကပ်စွာရှိနေသည်ဟု သိရသည်။ ၎င်းအပြင် “စစ်ကိုင်းပြတ်ရွေ့ကြော”၊ “ကျောက်ကြမ်းပြင် ပြတ်ရွေ့ကြော”၊ “ကုလားတန်ပြတ်ရွေ့ကြော” နှင့် “ကဘော်ပြတ်ရွေ့ကြော” ပြတ်ရွေ့ကြောကြီးလေးခုပေါ်၌ တည်ရှိနေသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများအရ သိခွင့်ရသည်။ နိုင်ငံတွင်း၌ ဖြစ်ပွားခဲ့သော ငလျင်များ အားလုံးသည် ထိုပြတ်ရွေ့ကြောတစ်လျှောက်မှ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟုလည်း ဆိုထားသည်။

**ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှာ ငလျင်အန္တရာယ်ဖြစ်နိုင်ခြေများသော ပြည်နယ်ဒေသကြီးများအဖြစ် သတ်မှတ်၍ အသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်**

၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်အရှေ့ပိုင်း၌ ဖြစ်ပွားခဲ့သော ငလျင်မှာ ပြင်းအား ၆ ဒသမ ၈ ရှိပြီး လူပေါင်း ၈၀ ခန့် သေကျေပျက် စီးခဲ့ရသည်။ ၂၀၁၂ ခုနှစ်၊ မန္တလေးမြို့၏ မြောက်ဘက်ကီလိုမီတာ ၁၀၀ အကွာစစ်ကိုင်းပြတ်ရွေ့ကြောပေါ်တွင် ဖြစ်ပွားခဲ့သော သပိတ်ကျင်းငလျင်မှာ ပြင်းအား ၆ ဒသမ ၈ ဖြစ်ပြီး လူပေါင်း ၂၆ ဦး သေဆုံးခဲ့ရသည်။ အဆောက်အအုံ များစွာပျက်စီးခဲ့ရသည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် ဖြစ်ပွားခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့အနီးတွင် ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိသော ငလျင်ကြီးတစ်ခုဖြစ်ပွားခဲ့ပြီးနောက် လေးလအကြာ ဩဂုတ်လ ၂၀ ရက်တွင် လှုပ်ခတ်ခဲ့သောငလျင်မှာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် ဖြစ်သည်။ ထိုငလျင်အရှိန်ကြောင့် ပုဂံရှိ သမိုင်းဝင်ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်အစပိုင်းမှစ၍ အသင့်အတင့်သော ဆုံးရှုံးမှုနည်းသော ငလျင်များ လှုပ်ခတ်မှုရှိခဲ့သည်။ ထိုငလျင်သည် စစ်ကိုင်းပြတ်ရွေ့ကြောတစ်လျှောက်မှ ဖြစ်ခဲ့ခြင်းဖြစ်သည်ဟု အလုံမြို့နယ် အထက(၆)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်နီဝေ၏ ဟောပြောမှုအရ သိရသည်။

ထို့အပြင် ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှာ ငလျင်အန္တရာယ်ဖြစ်နိုင်ခြေများသော ပြည်နယ်ဒေသကြီးများအဖြစ် သတ်မှတ်၍အသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားမည်ဟု သိရသည်။

### ငလျင်ဖြစ်လာပါက လွတ်ကင်းနိုင်မယ့်ဇုန်

ညွှန်ကြားရေးမှူး ဦးဝင်းရွှေကပင် “ငလျင်ကြီးလှုပ်ခတ်ပြီးတာနဲ့ ထပ်မံပြီး နောက်ဆက်တွဲငလျင်တွေက လေးငါးခြောက်လအတွင်း ထပ်ဖြစ်ပေါ်လေ့ရှိပါတယ်၊ အင်အားကြီးတော့ မဟုတ်ဘူး။ အားပျော့တဲ့အနေအထားပါ။ ဒါပေမယ့် သတိတော့ထားကြရမှာပဲ။ ဒါ့ကြောင့် ငလျင်ဖြစ်ပြီဟေ့ဆိုတာနဲ့ ပြေးနိုင်ဖို့အတွက် လွတ်ကင်းတဲ့လမ်းကြောင်းနဲ့ လွတ်ကင်းနိုင်မယ့်နေရာဧရိယာ ဇုန်ကို ရောက်ဖို့အရေးကြီးပါတယ်။ ဒါမှသာ ထိခိုက်မှုလျော့နည်းပြီး ဆုံးရှုံးမှုနည်းစွာနဲ့ တုံ့ပြန်နိုင်ကြမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကော်မတီက အချိန်နဲ့အမျှ ထုတ်လွှင့်ဖြန့်ဝေနေတဲ့ မိုဘိုင်းဖုန်းတွေကတစ်ဆင့်၊ နောက်မြန်မာ့အသံနဲ့ ရုပ်မြင်သံကြား၊ အခြားအသံလွှင့်လိုင်းများ FM တွေမှာ ကြည့်ရှုနားထောင်ကြဖို့နဲ့ နေ့စဉ်ထုတ်သတင်းစာများအပြင် ဌာနကထုတ်ဝေတဲ့ လက်ကမ်းစာစောင်တွေကို ဖတ်ရှုလေ့လာထားဖို့ တိုက်တွန်းလိုပါတယ်” ဟု ဆိုသည်။

ငလျင်နှင့်ပတ်သက်၍ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်လှမြတ်ခိုင်က “အခုလို ကလေးတွေကို ကြိုတင်ပြင်ဆင်နိုင်အောင်၊ အသိရှိနိုင်အောင် ဆောင်ရွက်ပေးတာ အလွန်ကောင်းပါတယ်။ ကျွန်မတို့ နိုင်ငံက ငလျင်နဲ့ပတ်သက်တဲ့ အတွေ့အကြုံအများကြီး နည်းသေးတယ်။ အခုလို တစ်ခါလောက်လုပ်ပြရုံနဲ့ အလေ့အကျင့်ဆိုတာ ဖြစ်မလာနိုင်ဘူး။ အနည်းဆုံးတစ်လ တစ်ကြိမ် လောက်ဖြစ်စေ၊ ဇာတ်တိုက်မှုတွေနဲ့ ကလေးတွေကို အလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ပေးသွားဖို့လည်း အကြံပေးချင်ပါတယ်” ဟု ထုတ်ဖော်ပြောပြခဲ့သည်။

---

### ရန်ကုန်မြို့လမ်းဆုံမီးပွိုင့် တပ်ဆင်မယ့် Highmark LED မီးတိုင်တွေ...မှ

လှိုင်မြို့နယ်မှာရှိတဲ့ ဘူတာရုံလမ်းနဲ့ ဗဟိုလမ်းမီးပွိုင့်နေရာ၊ အဲဒီ လှိုင်မြို့နယ်မှာပဲ အုတ်ကျင်းနဲ့ ဗဟိုလမ်းမီးပွိုင့်နေရာ၊ နောက်ပြီး ဘုရင့်နောင်လမ်း၊ ရွာမကွေ့မီးပွိုင့်နေရာ၊ လှိုင်မြစ်လမ်းမီးပွိုင့်၊ ရွှေပိတောက်ငါးဈေးရှေ့နေရာ၊ ဘုရင့်နောင်လမ်းနဲ့ သီရိမင်္ဂလာဈေးမီးပွိုင့်နေရာ၊ အင်းစိန်လမ်းနဲ့ ဘူတာရုံလမ်းဆုံနေရာ၊ အင်းစိန်လမ်းနဲ့ ရွာမကျောင်းလမ်းဆုံ မီးပွိုင့်နေရာ စတဲ့အချက်အချာနေရာတွေမှာ တပ်ဆင်နိုင်မယ့်အခြေအနေရှိပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့ရဲ့အခြားအရေးကြီးတဲ့ ဧရိယာတွေမှာလည်း ဒီလိုမီးတိုင်တွေ တပ်ဆင်နိုင်ရေး ကြိုးစားမယ်ဆိုရင် ရန်ကုန်မြို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပုံရိပ်တစ်ခုရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ်လည်း ဖော်ကျူးနိုင်မှာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှု အတိုင်းအတာဟာ အရင်ကထက် အများကြီးတိုးတက်လာပြီး ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေနဲ့လည်း နိုင်ငံခြားချေးငွေအပါအဝင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စုစုပေါင်းဘဏ္ဍာရန်ပုံငွေ ကျပ် ၃၈ ဒသမ ၂၃၅ ဘီလီယံ ကျခံသုံးစွဲခဲ့တာမို့ ရန်ကုန်မြို့မှာ လျှပ်စစ်ဓာတ်အားပိုမိုတိုးတက်ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။

ဒါကြောင့် ဒီမီးတိုင်တွေ တပ်ဆင်ဆောင်ရွက်မှုဟာ လျှပ်စစ်ဓာတ်အားသုံးစွဲမှုအတွက်ရော ပြည်သူတွေအတွက်ပါ အကျိုးကျေးဇူးများမှာဖြစ်တာမို့ အကောင်အထည်ဖော်ဆောင်ရွက်သင့်တဲ့ အစီအစဉ်ဖြစ်ပါတယ်။ ။

# ရန်ကုန်အငှားယာဉ်နဲ့ စက်သုံးဆီ

ထင်ပေါ်ဝင်း
ဓာတ်ပုံ - အာကာစိုး


**ရန်ကုန်** - အင်းစိန်လမ်းမကြီးကိုလမ်းဖြတ်ကူးရန် ပြင်ဆင်နေခိုက် လက်ညှိုးတထောင်ထောင် ဟွန်းသံတတီတီပေးရင်း အနားကပ်လာသော အငှားယာဉ်တစ်စီးကြောင့် နောက်ဆုတ်ကာ ပလက်ဖောင်းပေါ် ပြန်တက်လိုက်ရသည်။ ဤအဖြစ်အပျက်သည်ကား ယခုသီတင်းပတ်၏ ရန်ကုန်စာမျက်နှာထက် ဆောင်းပါးရေးသားရန် ဖြစ်ပေါ်လာသော အကြောင်းအရာပင် ဖြစ်တော့သည်။

မြို့တော်ရန်ကုန်၏ လမ်းမများထက်တွင် အငှားယာဉ်များ ဥဒဟိုသွားလာနေကြသည်မှာ နေ့တစ်နေ့၏ ၂၄ နာရီကာလပတ်လုံးဖြစ်သည်။ မြို့နယ်အသီးသီးရှိလမ်းမကြီးများ၊ လမ်းသွယ်များ၊ လမ်းငယ်များပါမကျန် အငှားယာဉ်များ သွားလာလျက်ရှိသည်ကို တွေ့မြင်နိုင်ပေသည်။ အငှားယာဉ်များတွင် ဖြစ်ပေါ်လာသော အကြောင်းအကျိုးများကိုလည်း သတင်းစာမျက်နှာများထက်တွင် မကြာခဏတွေ့ရလေ့ရှိသည်။ မေ့ကျန်ပစ္စည်းပိုင်ရှင်ထံ ပြန်ပေးသည့် ကောင်းသတင်းများ တွေ့ရသကဲ့သို့ အငှားယာဉ်မောင်းအချို့၏ အန္တရာယ်ပြုတတ်ပုံကိုလည်း မကောင်းသတင်းအဖြစ် တွေ့ရတတ်သည်။ အငှားယာဉ်ကို တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်စီးပွားရေးအနေဖြင့် လုပ်ကိုင်ကြသူများရှိသလို မြို့တော်ရန်ကုန်သို့ရောက်ခိုက် အလွယ်ကူဆုံး အလုပ်တစ်ခုအဖြစ် လုပ်ကိုင်ကြသူများလည်းရှိသည်။

နေ့ဖို့ညစာ တစ်ဝမ်းတစ်ခါးမိသားစုဝမ်းရေးအတွက် ရှာဖွေလုပ်ကိုင် စားသောက်နေကြသော နှစ်ချို့အငှားယာဉ်မောင်းကြီးများကိုလည်း ရန်ကုန်မြို့တော်၏ လမ်းမများထက်ဝယ် တွေ့မြင်နေရဆဲဖြစ်သည်။ အငှားယာဉ်ငှားဟန်ရှိသော လူတစ်ဦး တွေ့လိုက်သည်နှင့် အငှားယာဉ်နှစ်စီး၊ သုံးစီးခန့်က သူထက်ငါ ခရီးသည်ရရှိရေးအတွက် ကြိုးပမ်းကြတော့သည်။ အပြိုင်အဆိုင်ဈေးလျှော့ခြင်း၊ ဈေးညှိနှိုင်းခြင်းတို့ကို လမ်းပိတ်ဆို့သည့်အထိ ဝိုင်းဝန်းဆောင်ရွက်ကြတော့သည်။

**စက်သုံးဆီကတက် ယာဉ်မောင်းရတာခက်**

ယခုလပိုင်းအတွင်း မြင့်တက်လာသော စက်သုံးဆီဈေးနှင့်အတူ အငှားယာဉ်မောင်းတို့၏ အသံကလည်း ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ အုံနာကြေး တစ်နေ့တစ်သောင်း၊ ဆီဖိုးတစ်သောင်းဖြင့် မောင်းနေသော်လည်း ယခုလပိုင်းအတွင်း ဆီဈေးတက်မှုကြောင့် ငွေကျပ် ၁၃၀၀၀-၁၄၀၀၀ ဖိုးခန့် ဝယ်ယူဖြည့်တင်းနေရကြောင်း အငှားယာဉ်မောင်းတို့က ပြောကြားသည်။ နံနက် ၆ နာရီမှ ည ၈ နာရီအထိ အငှားယာဉ်မောင်းအလုပ်ကိုလုပ်ကိုင်နေသည့် ကိုအောင်ကျော်ဦးက "ခရီးသည်ငှားစီးမှုက အရင်ကထက်စာရင်တော့ တော်တော်ကြီးကျပ်တည်းလာတယ်။ သိမ်ကြီးဈေးကို နှစ်ပတ်သုံးပတ်လောက်ပတ်လိုက်ရင် အရင်က ၁၅၀၀၊ ၂၀၀၀ လောက် ကိုင်ရတယ်။ အခု လေးငါးခြောက်ပတ်ပတ်လို့ တားမယ့်လူတောင် မရှိတော့ဘူး။ ဆီဈေးကလည်း သိတဲ့အတိုင်းပဲ ၁၀၃၅ ကျပ် ဖြစ်သွားပြီ။ အရင်လိုပတ်ဖို့ကလည်း အဆင်မပြေတော့ဘူး။ ပတ်သွားရင် ဆီကကုန်ပြီ၊ လူကမရဘူး။ အဲဒီတော့ ထောက်ဆွဲတယ်၊



ထောက်ဆွဲပြန်တော့ ညနေကျတော့ ဆီဖိုးနဲ့ အုံနာကြေးကိုတောင် မနည်း ရုန်းကန်နေရတယ်။ ကိုယ့်အတွက်ကိုတောင် မနည်းဆိုတော့ အဆင်မပြေဘူး။ တစ်ခါတလေလည်း ကိုယ့်အတွက်မကျန်တဲ့ နေ့တွေလည်း ရှိတယ်လေ။ အခု လပိုင်းမှာဆို ဒီလိုအဖြစ်အပျက်တွေ တော်တော်များနေတယ်။ တချို့ အိမ်ထောင်ရှိတဲ့ လူကျ တော့ "နင့်ဟာက တစ်နေကုန်သွားဆွဲနေပြီး တစ်ပြားမှ ပါမလာ ဘူးဆိုတော့ ယုံနိုင်စရာရှိပဲ့မလား" ဆိုတော့ အိမ်သူတွေ ပြောပြ ရင်လည်း တချို့က ယုံချင်မှယုံမှာပေါ့။ သူတို့ သိအောင်တော့ ကိုယ်တွေက ပြန်ပြောရတာပေါ့လေ။ ဒီလို အခက်အခဲတွေ ရှိတယ်။

**တက်ပြီးမကျသေးတဲ့ ဆီဈေး**

အခုအနေအထားကတော့ ဆီဈေးကတက်တာတစ်မျိုး၊ ခရီးသည်မရတာ တစ်မျိုးပေါ့လေ။ ခရီးသည်တွေအနေနဲ့ကျတော့လည်း အားလုံး အဆင်မှမပြေကြတာ။ သူတို့လည်း ကုန်ဈေးနှုန်းတက်တာနဲ့ ဆီဈေးကတက်တာနဲ့ဆိုတော့ အရင်လို သိပ်မငှားကြတော့ဘူးပေါ့။ ဆီဈေးကလည်း အခု ကိုးလပိုင်းမှာ တောက်လျှောက်ကိုတက်နေတာ၊ ပင်လယ်ဒီရေကမှ ကျတာ ရှိသေးတယ်။ သူကတောက်လျှောက်ကို တက်နေတာ။

နောက်တစ်ခုက ခရီးသည်ကလည်း ကားသမားကို မယုံဘူး။ ကားသမားကလည်း ခရီးသည်ကို မယုံဘူးဆိုတော့ တစ်ခရီးတည်းသွားနေရတဲ့ သူအချင်းချင်း အဲဒီလိုဖြစ်နေ တယ်ဆိုတာကတော့ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် စည်းလည်းမရှိဘူး ဖြစ်နေတာပေါ့။ ကျွန်တော်တို့ဆိုရင် ညနေ ၅ နာရီ ၆ နာရီလောက်ဆို လှိုင်သာယာဘက်တို့၊ အရှေ့ဒဂုံဘက်တို့ဆို မလိုက်ဖြစ်တော့ဘူး။ ကားဆွဲလို့ ကောင်းတာက မနက်ပိုင်း၊ နေ့လယ်ပိုင်းပေါ့။ ညနေပိုင်းဆိုရင် တချို့က သောက်စားထားတာရှိတယ်။ မသောက်စားထားတာရှိတယ်။ တချို့ကျတော့လည်း ရည်ရွယ်ချက်ရှိလို့လုပ်တာ၊ တချို့ကျတော့လည်း ဘာမှရည်ရွယ်ချက်မရှိဘဲ ဖြစ်သွားတာပေါ့လေ။

ကျွန်တော်တို့ တက္ကစီသမားတွေအားလုံးကတော့ ဆီဈေးကျပါစေလို့ ဆုတောင်းနေရတာပေါ့လေ။ ခုတော့ ဒေါ်လာဈေးကျပြီ။ ဆီဈေးကျမလားဆိုပြီး သွားထည့်တာ ၁၀ တောင် တိုးသွားသေးတယ်" ဟု လက်ရှိအငှားယာဉ်မောင်းများ၏ ဘဝရပ်တည်နေမှုကို ပြောကြားခဲ့သည်။

**တစ်ဖက်တစ်လမ်းက အထောက်အကူပေး**

အငှားယာဉ်နယ်ပယ်၏ အလုံးစုံသော အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်ရသော် အချို့သော ကုမ္ပဏီကြီးများက ခရီးသည်နှင့် အငှားယာဉ်များအကြားတွင် ဆက်သွယ်ချိတ်ဆက်ပေးခြင်းဟူသော ဝန်ဆောင်မှုကို လုပ်ကိုင်လာကြသည်။ ဆီဈေးတက်မှုများကြောင့် အငှားယာဉ်အချို့က ကုမ္ပဏီဝန်ဆောင်မှုအောက်မှ ရုန်းထွက်လာကြသည်။ သီးသီးသန့်သန့် လုပ်ကိုင်လာကြသည်။ အငှားယာဉ်လုပ်ငန်းသည် နိုင်ငံတော်က အခွန်အခရယူပြီးသော လုပ်ငန်းတစ်ခုဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် မထသ စနစ်မှ ဝိုင်ဘီအက်စ် အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို အောင်မြင်စွာကူးပြောင်းနိုင်ခဲ့သော အစိုးရအဖွဲ့ဖြစ်သည်။ တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းလုပ်ကိုင်ရန် အချို့အဖွဲ့အစည်းများက လူအင်အား မလုံမလောက် ဖြစ်နေချိန်လည်း ဖြစ်သည်။ အငှားယာဉ်များသည် ရန်ကုန်တိုင်းဒေသကြီးတစ်ခုလုံး၏ လမ်းအသွယ်သွယ်ကို အချိန်မရွေး ဝင်ထွက်သွားလာနေသည်။ တစ်နည်းဆိုသော် ရန်ကုန်မြို့နေ ပြည်သူများ၏ လိုရာခရီးကို တစ်ဖက်တစ်လမ်းက အထောက်အကူပေးလျက်ရှိသည်။

အချုပ်အားဖြင့် တင်ပြရသော် အငှားယာဉ်များကို နိုင်ငံတော်၏ ထိုက်သင့်သောဈေးနှုန်းဖြင့် စက်သုံးဆီရောင်းချ၍ အငှားယာဉ်များတွင် ကြိုးမဲ့ဆက်သွယ်ရေးစနစ် တပ်ဆင်ပေးကာ အငှားယာဉ်ထိန်းချုပ်ခန်းမှ ထိန်းချုပ်ကြပ်မတ်စေခြင်းဖြင့် အငှားယာဉ်စီးခရီးသွားပြည်သူများနှင့် အငှားယာဉ်မောင်းများ ဘေးကင်းလုံခြုံမှုရှိစေမည်ဖြစ်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး၏ မည်သည့်နေရာတွင် ရာဇဝတ်မှုဖြစ်နေသည်၊ ကျူးလွန်နေသည်ကိုလည်း အငှားယာဉ်မောင်းများ၏ အကူအညီဖြင့် အချိန်တိုအတွင်း သိရှိနိုင်မည်ဖြစ်ပါကြောင်း . . .။

---

အချုပ်ပို (ယ) မှ

အရေးယူဆောင်ရွက်သွားကြမည်ဖြစ်သည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ၂၀၁၈ တွင် လမ်းပေါ်ကျူးကျော်ဈေးသည်များအတွက် ကျန်းမာရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှု ပြစ်ဒဏ်များ၊ ဈေးများဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ တိရစ္ဆာန်မွေးမြူခြင်း၊ အသားထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များသည် ငွေဒဏ်၊ ထောင်ဒဏ်များ ပါရှိသည့်အတွက် ရန်ကုန်မြို့ပြနှင့် မြို့နယ်များမှ လမ်းပေါ်ကျူးကျော်ဈေးသည်များကို အချက်ပေးခေါင်းလောင်းသံများ ကြိုတင်သတိပေးနေသည်ကို အထူးသတိပြုသင့်ပြီဖြစ်သည်။

ထိုပြဋ္ဌာန်းထားသော ဥပဒေသစ်တွင် ဈေးများဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ ယနေ့လမ်းပေါ် ကျူးကျော်ဈေးသည်များ အထူးသတိပြုရမည့် အချက်များပင်ဖြစ်သည်။ ထိုအထဲတွင် ဈေးများအတွင်း စားသုံးရန်မသင့်သော သား၊ ငါး၊ အစားအသောက်များ၊ သက်ဆိုင်ရာ ကတားမြစ်ထားသော ဆေးဝါး၊ လူသုံးကုန်ပစ္စည်းများ ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ၊ ငွေဒဏ် ငါးသိန်း ထိချမှတ်ထားသည်။ ဈေးဧရိယာအတွင်းရှိ ဈေးရုံများတွင် မှတ်ပုံတင်ခွင့်ပြုထားသော ဈေးသည်များမှအပ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ခင်းကျင်းခြင်း၊ ကြော်ငြာခြင်းမပြုရ၊ ငွေဒဏ် ငါးသောင်းထိ ချမှတ်ထားသည်။ စည်ပင်သာယာဈေးအတွင်း ဖွင့်လှစ်ထားရှိသော မှတ်ပုံတင်ဆိုင်ခန်းများတွင် ကော်မတီမှတရားဝင်ရောင်းချ ခွင့်ပြုထားသူမှအပ ဈေးရောင်းချခြင်းမပြုရ။ ငွေဒဏ်ကျပ် သုံးသိန်းထိ ချမှတ်ထားသည်။ စည်ပင်သာယာဈေးအတွင်း ယာယီ (သို့) အမြဲတမ်းအဆောက်အအုံကို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်းမပြုရ၊ ငွေဒဏ်၊ ထောင်ဒဏ် ဒဏ်နှစ်ရပ်လုံးချ မှတ်ထားသည်။ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ စည်ပင်သာယာဈေးအတွင်း အလှူငွေကောက်ခြင်း၊ ဖျော်ဖြေပွဲများ ပြုလုပ်ခြင်း၊ ဟောပြောပွဲနှင့် အခြားပွဲများ ကျင်းပခြင်းမပြုရ၊ ငွေဒဏ်ငါးသောင်းထိ ချမှတ်ထားသည်။ စည်ပင်သာယာဈေးအတွင်း အများပြည်သူ အနှောင့်အယှက်ဖြစ်စေသော ပြုလုပ်မှုတစ်ခုခုကို လုပ်ဆောင်ခြင်းမပြုရ၊ ငွေဒဏ် ငါးသောင်းထိ ချမှတ်ထားသည်။

ထိုပြဋ္ဌာန်းချက်တို့သည် စည်ပင်သာယာဈေးအတွင်းဖြစ်ပြီး ဈေးအပြင်ရှိ လမ်းပေါ် ကျူးကျော်ဈေးသည်များအတွက် တိရစ္ဆာန်မွေးမြူခြင်း၊ အသားထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်နှင့်ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ တားမြစ်ချက်နှင့်ပြစ်မှုပြစ်ဒဏ်များ၊ ကျန်းမာရေးဆိုင်ရာ တားမြစ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ ငွေဒဏ်နှင့်ထောင်ဒဏ်များ သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ရာ ထိုပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်မှုနှင့်အတူ ပြည်သူအပေါင်းကလည်း ဌာနဆိုင်ရာ၊ အုပ်ချုပ်ရေးတို့နှင့် ဝိုင်းဝန်းလက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရန်ကုန်မြို့ပြနှင့် မြို့နယ်တို့ရှိ လမ်းမနှင့် ကားလမ်းမများပေါ်မှ အမြစ်တွယ်လာသော ကျူးကျော်ဈေးသည်များ ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၂၀၁၈)ဖြင့် ရန်ကုန်မြို့ပြ အစဉ်သန့်ရှင်းသာယာ လှပလာတော့မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။



လှိုင်သာယာ မီးခွက်ဈေး အ.လ.က(ခွဲ)၂၂ ကျောင်းရှေ့မှ ဈေးသည်များ ညပိုင်းရောင်းချနေသည်ကို တွေ့ရစဉ်။

# ဒေါ်လာနှင့် စက်သုံးဆီဈေးနှုန်းများကြောင့် အတက်ဘက်သို့ အားကောင်းနေသည့် ကားဈေးကွက်

**မင်းသော်**

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| CRV | 2012 | စတိ | 2000cc | အပြင်ဈေး | ၆၂၀ |
| RVR | 2011 | ရန်ကုန်/စတိ | 1800cc | အပြင်ဈေး | ၃၉၀ |
| Vitz | 2012 | နယ် | 1300cc | အပြင်ဈေး | ၁၅၉ |
| Crown | 2009 | ရန်ကုန် | 3000cc | အပြင်ဈေး | ၆၄၀ |
| Civic | 2007 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၇၀ |
| Insight | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၀၀ |
| Probox | 2008 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၅၅ |
| Fit | 2013 | ရန်ကုန် | 1300cc | အပြင်ဈေး | ၃၁၈ |
| AD Van | 2010 | ရန်ကုန် | 1500cc | အပြင်ဈေး | ၁၅၀ |
| Alphard | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၄၇၀ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

ယခုသီတင်းပတ်အတွင်း ဒေါ်လာဈေး၊ ရွှေဈေးနှုန်းနှင့် စက်သုံးဆီဈေးနှုန်းများအားလုံး ဈေးနှုန်းများ မြင့်တက်ခြင်း ဖြစ်ပေါ်ခဲ့သည့်အတွက် ကားဈေးကွက်သည်လည်း ဈေးနှုန်းလိုက်ပါ မြင့်တက်လာခဲ့သည်ကို မြင်တွေ့ရသည်။ ကားပိုင်ရှင်အများစုသည် ဒေါ်လာဈေးနှင့်ချိန်ဆ၍ မော်တော်ကားဈေးနှုန်းများကို တွက်ချက်ရောင်းချလိုကြသည့်အတွက် ကားဈေးနှုန်း ခေါ်ဈေးများ မြင့်တက်လာရခြင်းဖြစ်သည်။

"ဈေးကတက်တယ်။ အဓိကကတော့ အခြားဈေးတွေတက်လို့ လိုက်တက်ရတာ။ ပိုသွင်းထားလို့လည်း မဟုတ်ဘူး။ ဈေးကွက်မှာ ရှားလို့လည်းမဟုတ်ဘူး။ တက်ချင်လို့ကို တက်ရတာ။ ဝယ်ယူမယ့်သူက ရှိလားလို့မေးတော့ ပြောကို မပြောချင်တော့တာ။ ဝယ်မယ့်သူလည်း ရှားတယ်"ဟု ကားအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုဇော် (ထိပ်တန်း) က ပြောသည်။ ရန်ကုန်ကားဈေးကွက်အတွင်း အရောင်းအဝယ်အများဆုံးဖြစ်သည်မှာ နံပါတ်အနီ အငှားယာဉ်များသာ ရှိပြီး မဖြစ်မနေ ရောင်းဝယ်ခြင်းမှအပ ဈေးနှုန်းမြင့်တက်မှုကြောင့် အရောင်းအဝယ် အားနည်းနေကြသည်။ "ဈေးတွေက မူရင်းဈေးထက် ငွေကျပ် ၁၀ သိန်းကနေ ကျပ်သိန်း ၂၀ လောက်အထိ တက်ချင်ကြတာပေါ့နော်။ ဒါပေမယ့် ဈေးက ခေါ်သာ ခေါ်ချင်တာ

တစ်ပတ်အတွင်း ရန်ကုန် ကားဈေးကွက်

အရောင်းအဝယ်ကျတော့ သိပ်မဖြစ်ဘူး။ ငွေကြေးဈေးနှုန်း တည်ငြိမ်မှုပဲ အရောင်းအဝယ်က အားကောင်းမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ကားရှိုးရွမ်းအများစုက အရောင်းမြှင့်တင်ရေးတွေ ဆက်တိုက်လုပ်နေကြတာ မြင်ရတယ်။ သူတို့လည်း ငွေက အိပ်နေတာမျိုး မဖြစ်ချင်ကြဘူး။ ဈေးလျှော့ပေးသလား ဆိုတော့လည်း အများကြီးလျှော့ပေးတာ မဟုတ်ပါဘူး။ သို့သော်လည်း ဈေးလျှော့ပေးတာ တောင် ဝယ်သူလည်းမရှိသလောက်နည်းတယ်"ဟု တောင်ဥက္ကလာပမြို့နယ်အတွင်း အရောင်းစင်တာ ဖွင့်လှစ်ရောင်းချနေသည့် ကားအရောင်းပြခန်းမန်နေဂျာတစ်ဦးက ပြောသည်။

ကားသစ်ရောင်းချသူများနှင့် စတိလက်ကိုင်ထားသူများက ဈေးတက်လိုကြသကဲ့သို့ ဂျပန်တစ်ပတ်ရစ် ကားလောကသားများကလည်း ဈေးနှုန်းအနည်းငယ် မြင့်တက်လိုကြကြောင်း၊ ဝယ်လက်အများစုသည်လည်း ကားဈေးနှုန်းများကို တွက်ချက်ရာတွင် လက်ရှိဒေါ်လာပေါက်ဈေးနှင့် ယှဉ်ထိုးတွက်ချက်သည့်အတွက် ဈေးမြင့်ရလိုကြောင်း သိရသော်လည်း လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာမူ မူရင်းဈေးအတိုင်းပင် ရှိနေကြောင်း သိရသည်။

"စက်သုံးဆီဈေးနှုန်း မြင့်တက်သွားတာကလည်း အဓိကအကြောင်းတစ်ရပ်ပေါ့ဗျာ။ အရင်ကထက် ထက်ဝက်လောက် မြင့်လာတဲ့ဆီဖိုးကို အားလုံးစိတ်ပျက်နေကြပါတယ်။ ဒေါ်လာတို့ ရွှေတို့ကမှ ဈေးအပြောင်းအလဲရှိတယ်။ တက်ရင်တက်တဲ့ဈေးပေါ့။ စက်သုံးဆီကတော့ အကျကိုမရှိဘူး။ အမြဲတမ်းအတက်ကို ဦးတည်နေတယ်။ နယ်တွေမှာ ပိုသိသာတယ်။ ဈေးတွေက မြင့်နေတော့ ရှိပြီးသားကားတွေတောင် မစီးကြတော့ဘူး။ ဒါကလည်း ကားဈေးကွက်ကို ထိခိုက်စေတယ်"ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောပြသည်။

ထို့အပြင် ဂျပန်ညာမောင်းကားများ ဈေးကွက်တွင် အနည်းငယ်အရောင်းအဝယ်ဖြစ်နေသော်လည်း ဖောက်စွပ်ပြဿနာများကြောင့် ထင်သလောက်ခရီးမပေါက်ကြောင်း ၎င်းက ဆက်ပြောသည်။ "ငွေလိုတဲ့သူတွေက အများဆုံးရောင်းတာပေါ့။ ဈေးကွက်အလုပ်ဖြစ်ရလောက်အောင်တော့ အရောင်းအဝယ်မရှိပါဘူး။ ခပ်ပါးပါးပဲ ရောင်းချနေကြရပါတယ်။ ကားတစ်စီးရောင်းတော့ ဝယ်တော့မယ်ဆိုရင် ကျိန်းသေပေါက် ယာဉ်စစ်ဆေးမှုက ပါလာပါပြီ။ ဒါကြောင့်လည်း အရောင်းအဝယ်က ခက်နေပါတယ်။ ယာဉ်စစ်ပြီဆိုရင်လည်း အချိန်အားဖြင့် အနည်းဆုံး နှစ်ပတ်ကနေ ပိုကြာတတ်တာမို့ ကားဝယ်လိုတဲ့သူတွေက ရန်ကုန်လိုင်စင်နဲ့ ဝယ်နိုင်တဲ့ ပြည်တွင်းတပ်ဆင်ထုတ်လုပ် SKD ကားတွေကို စိတ်ဝင်စားမှုပိုလာတယ်။ သူတို့ကလည်း ဒေါ်လာဈေးကို ကြည့်ကြတယ်။ အချို့ဆိုင်တွေက ဒေါ်လာဈေးအတက်နဲ့ မရောင်းဘူး၊ အရင်ဈေးအတိုင်း ရောင်းပေးနေတာလည်းရှိတယ်။ အဲဒါမျိုးကတော့ လက်ရှိမှာ ဈေးကွက်အများကြီး အဆင်ပြေနေတယ်"ဟု ပြောပြသည်။

လက်ရှိတွင် စလစ်ဈေးနှုန်းများမှာ တန့်နေ ပြီး ယာဉ်အိုယာဉ်ဟောင်း သက်တမ်း နှစ် ၂၀ စလစ်မှာ ငွေကျပ်သိန်း ၁၃၀ ကျော် ရှိနေသည်ကို မြင်တွေ့ရသည်။



# ရန်ကုန်မြို့ပြ သာယာရေး အထောက်အကူပြုမည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ၂၀၁၈

**သော်တာနမ့်စန်**

**ရုံးပိတ်ရက်ဖြစ်၍ နံနက်မိုးသောက် အလင်းရောက်သည်နှင့် ရန်ကုန်မြို့၏ လူဦးရေအများဆုံးနေထိုင်ရာ စက်မှုမြို့ဖြစ်သည့် လှိုင်သာယာမြို့နယ်၏ ဈေးတို့မှာ စည်စည်ကားကားဖြင့် လှုပ်လှုပ်ရှားရှား အသက်ဝင်လျက်ရှိသည်။ ရပ်ကွက်တိုင်းတွင် စက်ရုံအလုပ်သမားများ အဆောင်နေထိုင်မှုများသည့်အတွက် ရုံးပိတ်ရက် တနင်္ဂနွေနေ့သည် ဈေးတိုင်းလိုလို မနက်ပိုင်းသည် တိုးမပေါက်အောင် စည်ကားလေ့ရှိသည်။ စည်ပင်သာယာရေးဈေးအတွင်း စည်ကားခြင်းထက် ဈေးရှေ့နှင့် ဈေးဝဲယာရှိ အများပြည်သူသွားလာရန် ခင်းထားသည့် ကွန်ကရစ်လမ်းပေါ်တွင် လမ်းအပြည့်ရောင်းချနေသည့်ဈေးတန်းသည် အစည်ကားဆုံးနေရာများအဖြစ် ရောင်းချခဲ့သည်မှာ နှစ်များစွာကြာခဲ့ပြီ ဖြစ်သည်။ ယာဉ်၊ ဆိုင်ကယ်၊ ဆိုက်ကား၊ တွန်းလှည်းနှင့် ဈေးဝယ်လာပြည်သူတို့ တလှုပ်လှုပ်ဖြင့် တိုးဝှေ့ဈေးဝယ်လျက် အော်ရင်းဟစ်ရင်းဖြင့် တနင်္ဂနွေနေ့ပေါင်းများစွာကို ဖြတ်သန်းလာခဲ့သည် မှာ ဆယ်စုနှစ်များစွာမှ ယနေ့တိုင်ဖြစ်သည်။**

လှိုင်သာယာမြို့နယ်သည် နှစ်စဉ်ရွှေ့ပြောင်းနေထိုင်မှု တိုးလာသူတို့ကြောင့် စည်ပင်သာယာဈေးများအားလုံး၏ အပြင်ဘက်တွင် လမ်းပေါ်ဈေးသည်များ ကြီးစိုးနေသည်မှာ ယနေ့တိုင်ဖြစ်သည်။ ထိုလမ်းပေါ်ဈေးသည်များတွင် မီးခွက်ဈေး၊ ပင်လုံဈေးနှင့်



ဓာတ်ပုံ - သစ္စာ

ရွှေရင် အေးဈေးတို့သည် ရပ်ကွက်အတွင်းပိုင်းတွင်ရှိ၍ ရပ်ကွက်ကားလမ်းနှင့် ရပ်ကွက်လမ်းများသာ ပိတ်ဆို့မှုဖြစ်သော်လည်း ကျန်စစ်သားကားလမ်းမကြီးနှင့် အနော်ရထာကားလမ်းမကြီးပေါ်တွင် ကားလမ်းပေါ် ဈေးတည်ထားသော (၁၅)ဈေး၊ အမှတ် (၂၀)ရပ်ကွက်ရှိ ရွှေမင်းဝံဈေးနှင့် ရွှေလင်ပန်းဈေးတို့သည် လှိုင်သာယာမြို့နယ်တွင် ယာဉ်ကြောရှုပ်ထွေးသော လမ်းပေါ်၌ နေ့စဉ်ပိတ်ဆို့ရောင်းချနေသော လမ်းပေါ်ဈေးများအဖြစ် ယနေ့တိုင် တွေ့မြင်ရမည်ဖြစ်သည်။

လှိုင်သာယာမြို့နယ်တွင် ဈေးအင်္ဂါနှင့်အညီ အဆင့်မီဈေးကြီးအဖြစ် အမှတ်(၂၀)ဈေးနှင့် မီးခွက်ဈေး (ပိတောက်မြိုင်ဈေး)ဟူသော ဈေးနှစ်ဈေးသာ ရှိသည်။ လှိုင်သာယာမြို့သစ်တည်ချိန်မှ ယနေ့ထိ ထိုဈေးနှစ်ခုသာ နှစ်ထပ်ဈေးအဖြစ် အသစ်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပူပူနွေးနွေးဖြင့် မီးခွက်ဈေးကြီးကို နှစ်ထပ်ဈေးကြီးအဖြစ် တည်ဆောက်ခဲ့ပြီဖြစ်သည်။ သို့သော် သစ်လွင်တောက်ပစွာ တည်ဆောက်ထားသော ဈေးကြီး၏ ဝဲယာကွန်ကရစ်လမ်းမှာ လမ်းပေါ်ဈေးသည်တို့ကြောင့် ပတ်ဝန်းကျင်အနံ့များ ဆိုးရွားစွာဖြင့် လမ်းပေါ်ပိတ်ဆို့၍ ဈေးရောင်းနေကြဆဲဖြစ်သည်။ အမှတ်(၂၀)ရပ်ကွက် အနော်ရထာကားလမ်းမကြီးပေါ်ရှိ ရွှေမင်းဝံလမ်းပေါ် ဈေးသည်များကို ရှင်းလင်းဖယ်ရှားရန် အမှတ်(၂၀) နှစ်ထပ်ဈေးကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဈေးသစ်ကြီးအတွင်း လမ်းပေါ်ဈေးသည်များကို တစ်ဦးစီ နေရာများပေးပြီးဖြစ်သည်။ အမိုးအကာအောက်တွင် ဆိုင်ခန်းများဖြင့် နေရာပေးခဲ့ပြီးဖြစ်သော်လည်း ငွေကျပ် သိန်း ၃၀ မှ သိန်း ၅၀ ထိ ဆိုင်ခန်းများကိုရောင်းချကာ အပြင်ဘက်ရှိ ကားလမ်းပေါ်တွင် ယနေ့လို ကားများကြား ပြန်လည်စည်ကားလျက်ရှိနေသည်။

အောက်တိုဘာ ၁ ရက်တွင် မြို့နယ်အချို့၌ စည်ပင်သာယာဥပဒေသစ်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သောကြောင့် နံနက်ပိုင်းတွင် လမ်းပေါ်ဈေးသည်များ ကင်းရှင်းနေသည်ကို တွေ့မြင်ရသည်မှာ အားရဝမ်းသာဖွယ်ဖြစ်သည်။ ကျောင်းတက်၊ ရုံးတက်နှင့် အများပြည်သူ သွားလာရေး ယခင်နေ့ရက်များနှင့် မတူသောကြောင့် အံ့ဩဝမ်းသာနေကြလျက်ရှိသည်။ လှိုင်သာယာတွင် ပုံမှန်အတိုင်းသာ လမ်းပေါ်ဈေးသည်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေဆဲဖြစ်သည်။ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က "လောလောဆယ်တော့ ဘာမှဆောင်ရွက်မှုအပိုင်း မရှိပါဘူး။ ဈေးသည်တွေသိအောင်တော့ ပြီးခဲ့တဲ့လက လက်ကမ်းစာစောင်တွေ ဝေပြီးပါပြီ။ လမ်းပေါ်ဈေးသည် ရှင်းလင်းမှုကိစ္စက တစ်မြို့နယ်လုံး ဘာမှမရှိသေးဘူး။ ပြီးတော့ ပြောလို့မရသေးဘူး"ဟု အောက်တိုဘာ ၁ ရက် ညနေပိုင်းက ဖြေကြားခဲ့ရာ လှိုင်သာယာမြို့နယ်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ၂၀၁၈ ဖြင့် ဆောင်ရွက်ရာတွင် အခြားမြို့နယ်များထက် အခက်အခဲများစွာ ရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ် ၂၀၁၈ ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဇွန် ၂၈ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက်တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးမှ အတည်ပြုပြဋ္ဌာန်းခဲ့ပြီး အခန်းပေါင်း ၃၂ ခန်း၊ ပုဒ်မပေါင်း ၃၉၈ ခုပါဝင်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်ဖြစ်သည်။ ထိုဥပဒေအသက်ဝင်ရန် ရန်ကုန်မြို့နေပြည်သူအပေါင်း ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ ၂၀၁၈ တွင် ကော်မတီဖွဲ့စည်းခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း၊ ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ကော်မတီ၏လုပ်ပိုင်ခွင့်များနှင့် ပြစ်ဒဏ်များကို ပြဋ္ဌာန်းထားသည်။ ပြည်သူများ ထဲထဲဝင်ဝင်သိရှိစေရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အောက်တိုဘာ ၁ ရက်မှစ၍ ဈေးများတွင် ဖြန့်ဝေလျက်ရှိသည်။ အသိပေးပြီးဖြစ်၍ ထိုပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း ဆောင်ရွက်သွားကြမည်သာ ဖြစ်သည်။ ယခင်လို ကျူးကျော်ဈေးသည်များ အုပ်ချုပ်ရေးမှူးရုံးတွင် ခံဝန်လက်မှတ်ထိုးရုံမျှဖြင့် ပြီးပြတ်သွားမည်မဟုတ်တော့ပေ။ ပြဋ္ဌာန်းထားသည့် ဥပဒေသစ်အတိုင်း ကျောသားရင်သား မခွဲဘဲ

အချပ်ပို(၈)သို့